# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၄]


ဣစ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)



# ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များဟာ ပြည်သူများရဲ့ ဆန္ဒအစစ်အမှန်တွေကို ထင်ဟပ်မယ်ဆိုတာ အခိုင်အမာယုံကြည်

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားသည့်ရေဒီယိုမိန့်ခွန်း
(၃-၁၁-၂၀၁၅)

**မိဘပြည်သူများခင်ဗျား -**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေ တစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း အောက်တိုဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ယခုလအတွင်းမှာ သမိုင်းဝင်ရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလမှာ ရွေးကောက်ပွဲနဲ့ အသွင်ကူးပြောင်းရေးဆိုတဲ့ကိစ္စရပ်များကို အဓိကထားပြောကြားသွားမှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးသမိုင်းမှာ ထူးခြားမှုအရှိဆုံးဖြစ်ပြီး ကျွန်တော့်အနေနဲ့လည်း အရေးအကြီးဆုံးလို့ ခံယူထားတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ မကြာမီ ရက်အနည်းငယ်အတွင်းမှာပဲ ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ သမိုင်းမှာထူးခြားမှုအရှိဆုံးလို့ ဆိုရတဲ့

***စာမျက်နှာ ၃ ကော်လံ ၁*** ✻

# ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အိမ်ခြံမြေရင်းနှီးမြှုပ်နှံပါက ရေရှည်တွင်သင့်လျော်


သတင်း-မွန်းဦးနဒီ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အိမ်ရာစီမံကိန်းကိုတွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂**

အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဆိုပါက ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းက ရေရှည်အတွက် ပိုမိုကောင်းမွန်ကြောင်း အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် House.com.mm က ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတော်များများ၌ အိမ်ခြံမြေဝယ်ယူ၍ ရင်းနှီးမြှုပ်နှံခြင်းကို ရွှေ ၊ ငွေ ၊ ကျောက်မျက်ရတနာ စသည်တို့ ဝယ်ယူခြင်းထက် ပိုမိုလုံခြုံစိတ်ချရသည်ဟု အခိုင်အမာယုံကြည်ကြကြောင်း၊ စတော့ရှယ်ယာတွင်ရင်းနှီးမြှုပ်နှံမှုထက်လည်း တည်ငြိမ်သည်ဟုလည်း ယုံကြည်ကြကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများ စတင်ဖွံ့ဖြိုးခဲ့ကြောင်း ၊ တရုတ်နိုင်ငံရှိ စီးပွားရေးအကျပ်အတည်းများကို

***စာမျက်နှာ ၈ ကော်လံ ၁*** ■

Green ECONOMY GROWTH

## စိမ်းတဲ့မြို့ကြီး

ဆောင်းပါး၊ စာမျက်နှာ-၆

## စတော့အိတ်ချိန်းထူထောင်ပြီးဖြစ်၍ အပြီးရွေးချယ်မည့်ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲနေ့တွင် ကြေညာပေးမည်

စာမျက်နှာ-၉




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူငယ်နှင့် အိုင်တီနည်းပညာ

မျက်မှောက်ခေတ်သည် အိုင်တီနည်းပညာများ နေရာတိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာကြသည့်အလျောက် လူငယ် လူရွယ်များသည်လည်း အိုင်တီနည်းပညာကို အလေးထားသင်ယူလာကြသည်။ လူငယ်မှန်လျှင် အိုင်တီနည်းပညာကို သင်ယူတတ်မြောက်ထားရမည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ နေရာတိုင်းတွင် အိုင်တီနည်းပညာကို သုံးစွဲနေကြပြီဖြစ်သည်။ အိုင်တီနည်းပညာကိုမသိလျှင် ခေတ်နောက်ကျကျန်ရစ်နိုင်သည်။ လူငယ်လူရွယ်တိုင်း အိုင်တီနည်းပညာများ သင်ယူတတ်မြောက်ထားဖို့လိုသည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် အသုံးချမှုများကိုလေ့လာကြည့်လျှင် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလများကတည်းက ကွန်ပျူတာပညာရပ်နှင့်သက်ဆိုင်သည့် သင်တန်းများကို ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့၌ စတင်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ ထိုမှဆက်လက်၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ကွန်ပျူတာတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံး၌ ကွန်ပျူတာတက္ကသိုလ် ၂၇ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကွန်ပျူတာအိုင်တီနည်းပညာများကို နိုင်ငံတစ်ဝန်းလူငယ် လူရွယ်များလက်လှမ်းမီစွာ သင်ကြားလာနိုင်သည့်အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။

အမြင့်ဆုံးဖြစ်သည့်သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပါရဂူဘွဲ့သင်တန်း **Ph.D(IT)**နှင့် **Ph.D (CHT)** များကို ရန်ကုန်နှင့်မန္တလေး ကွန်ပျူတာတက္ကသိုလ်များ၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ရများအထိ မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ် မောင်မယ်များအား အိုင်တီနည်းပညာများ လေ့ကျင့်သင်ကြားပေးပြီး ကျွမ်းကျင်ပညာရှင်များအဖြစ် မွေးထုတ်ပေးရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ **JICA** အကူအညီဖြင့် **Information and Communication Technology Institution (ICTI)** သင်တန်းကျောင်းကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အိန္ဒိယ- မြန်မာသတင်းအချက်အလက်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာန **(India-Myanmar Center For Enhancement of IT Skills (IMCEITS)** ကို ၂၀၀၈ ခုနှစ်တွင် လည်းကောင်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နည်းပညာပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် တည်ဆောက်ခဲ့သည့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(မန္တလေး)၏ ပင်မခြောက်ထပ်ကျောင်းဆောင်ကြီးကို အောက်တိုဘာ ၃၁ ရက်က ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ အိုင်တီအဆင့်မြင့်နည်းပညာများကို ပြည်တွင်းမှာသာ သင်ယူနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်ပါသည်။ ဤသို့ နိုင်ငံတကာအဆင့်မီ အိုင်တီနည်းပညာများ သင်ယူနိုင်ခွင့် တိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေးအစရှိသဖြင့် ကဏ္ဍစုံတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# မြန်မာနိုင်ငံ ပုံတောင်နှင့် ရေဝတီကျောက်လွှာစုများမှ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်း ဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ပုံတောင်နှင့် ရေဝတီကျောက် လွှာစုများမှ ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများကို ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များနှင့်ပူးပေါင်း၍ ရှာဖွေသုတေသနပြု လေ့လာတွေ့ရှိချက်များ ပြည်သူများသိရှိနိုင်ရေးအတွက် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကမ္ဘာပေါ်၌ရှိသည့် ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များသည် မိမိတို့ကျွမ်းကျင်ရာ ပညာရပ်အမျိုးမျိုးကိုအသုံးပြုခဲ့ကြပြီး လေ့လာဆန်းစစ် သုတေသနပြုမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့ကြကြောင်း၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းသုတေသန ပြုလေ့လာတွေ့ရှိချက်များသည် မြန်မာ့သမိုင်းအတွက်ရော၊ ကမ္ဘာ့သမိုင်းအတွက်ပါ အရေးပါလှသည့် အထောက်အထားများဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုရမည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါက်တာချစ်စိန် (တွဲဖက်ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ဟင်္သာတတက္ကသိုလ်)က ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကမ္ဘာ့ဘူမိသက်တမ်း၊ မြန်မာနိုင်ငံ၏ ဘူမိသက်တမ်း၊ ပုံတောင်ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာသုတေသနပြုမှု သမိုင်းကြောင်းများကို ရှင်းလင်းပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည် ဆွေးနွေးဖြေကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဟောပြောပေးခဲ့သော ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် Primate Research Institute မှ Prof. Masanaru TAKAI နှင့် ဂျပန်နိုင်ငံ Waseda University မှ Prof .Dr. Ren HIRAYAMA တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆိုလာမီးတိုင်များစိုက်ထူ

**မိုင်းယောင်း နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံ၌ ဟိုခုံဘုန်းကြီးကျောင်းတိုက်မှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓရသဝံသော ဦးဆောင်၍ တိုင်းလိယဉ်ကျေးမှုအဖွဲ့၊ နံ့ကျွမ်ယောင်းလူငယ်အဖွဲ့နှင့် မေတ္တာရှင်နာရေးကူညီမှုအသင်းတို့စုပေါင်းပြီး ဆိုလာမီးတိုင်များကို အောက်တိုဘာလအတွင်းက စိုက်ထူလှူဒါန်းခဲ့သည်။

ယင်းမီးတိုင်များကို ပြည်သူ့ဆေးရုံဝင်းရှိ အဝင်မုခ်ဦး၊ အဝင်လမ်းတစ်လျှောက် ပြည်ပလူနာဆောင်ရှေ့နှင့် ရင်ခွဲရုံရှေ့ စုစုပေါင်းဆိုလာမီးတိုင်ငါးတိုင်ကို ငွေကျပ် ၃၂ သိန်းဖြင့် လှူဒါန်းစိုက်ထူပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လင်း(ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်၌ မဲရုံလုပ်ငန်းဆိုင်ရာများ သုံးသပ်ဆွေးနွေး

**တန့်ယန်း နိုဝင်ဘာ ၂**

ရွေးကောက်ပွဲကြီး အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မဲရုံလုပ်ငန်းဆိုင်ရာများ သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ခန်းမ၌ ကျင်းပရာ မဲရုံမှူး၏ လုပ်ငန်းတာဝန်များ၊ ဒုတိယမဲရုံမှူး၏ လုပ်ငန်းတာဝန်များနှင့် မဲပေးပုံနည်းစနစ်များ၊ မဲလက်မှတ်ထုတ်ပေးပုံနှင့် သိမ်းဆည်းပုံများ၊ မဲရုံဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၈၀တို့တွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများတက်ရောက်ကြောင်း သိရသည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

# မြန်မာ့အာမခံလုပ်ငန်း သန်လျင်၌ အသိပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ အာမခံလုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်က အမှာစကားပြောကြားပြီး အာမခံအမျိုးအစားများဖြစ်သည့် သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံ မော်တော်ယာဉ်အာမခံ၊ မီးနှင့် အထွေထွေအာမခံ၊ ရေကြောင်းကုန်စည်အာမခံ၊ မြွေအန္တရာယ်အာမခံ၊ ခရီးသွားအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းများ ထားရှိခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ သန်လျင်မြို့နယ်အတွင်းရှိ စက်ရုံနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၉၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂.၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၉ |

ခင်ရတနာ-စုစည်းသည်။

၂၆-၁၀-၂၀၁၅ မှ ၃၀-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၈၂ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# သန့်ရှင်းလွတ်လပ်တဲ့ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့ ရာနှုန်းပြည့်ကြိုးစားလုပ်ဆောင်ထား

*** ရှေ့ဖုံးမှ**

အကြောင်းအရင်းကတော့ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစု အားလုံးဝင်ရောက်ယှဉ်ပြိုင်တဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ တစ်ဖန် အရေးအကြီးဆုံးလို့ဆိုရတဲ့ အကြောင်းအရင်းကလည်း အခိုင်အမာရှိပါတယ်။ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူချိန်ကစပြီးတော့ နိုင်ငံရေးအပြောင်းအလဲတွေကနေတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် အဆင့်ဆင့်သော ဖြေလျှော့မှုများနဲ့ လက်တွေ့ကျတဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အထူးအာရုံစိုက်လုပ်ဆောင်ခဲ့ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အသက်ဝင်လာရေးအတွက် လက်ရှိနိုင်ငံရေးအခြေအနေများက ခွင့်ပြုတဲ့အတိုင်း အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ခဲ့မှုများဟာ မကြာမီမှာ ကျင်းပတော့မယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို အထောက်အကူပေးမယ့် အခြေခံများအဖြစ် အခိုင်အမာရှိနေပြီဖြစ်ပါတယ်။ ဒီလို အခြေအနေတွေကြောင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံသမိုင်းတစ်လျှောက်မှာ ထူးခြားမှုအရှိဆုံးနဲ့ အရေးအကြီးဆုံးလို့ ကျွန်တော့်အနေနဲ့ဆိုရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံ၊ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ မြန်မာနိုင်ငံသားများဟာ ဒီမိုကရေစီစနစ်နဲ့ ထိုက်တန်တယ်။ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့လည်း အဆင်သင့်ဖြစ်နေပြီဆိုတဲ့ အချက်များကို သက်သေထူနိုင်မယ့် ရွေးကောက်ပွဲကြီးလည်းဖြစ်ပါတယ်။

ဒီလိုပြသနိုင်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်ကို ပုံဖော်ထုဆစ်တာထက်ကျော်လွန်တဲ့အပြင် ကမ္ဘာ့မိသားစုနဲ့ ပြန်လည်ပေါင်းစည်းရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆွဲဆောင်နိုင်ရေးဆိုတဲ့ကိစ္စများမှာလည်း ကြီးမားတဲ့လုပ်ဆောင်ချက်ဖြစ်လာမှာဖြစ်ပါတယ်။

ပြည်သူများအနေနဲ့လည်း ဆန္ဒမဲတစ်မဲချင်းစီက အရေးကြီးတယ်ဆိုတဲ့ အချက်နဲ့ မိမိတို့ရဲ့ တစ်ဦးချင်းအင်အားတွေ စုစည်းနိုင်ရင် ကြီးမားတဲ့ အင်အားတစ်ရပ်ဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ကို အထူးအလေးအနက်ထား စဉ်းစားကြစေလိုပါတယ်။ ဒီလိုစဉ်းစားပြီး တစ်ဦးချင်းဆုံးဖြတ်ရွေးချယ်ရာမှာလည်း ပထမဆုံးအနေနဲ့ ရိုးသားတည်ကြည်မှု၊ စိတ်ရှည်သဘောထားကြီးမှုနဲ့ အမြော်အမြင်ကြီးမှု စတဲ့နိုင်ငံသားတန်ဖိုး၊ လူမှုတန်ဖိုးများကို နှလုံးသွင်းပြီး စဉ်းစားဆုံးဖြတ် ရွေးချယ်ကြစေလိုပါတယ်။ ပြည်သူတစ်ဦးချင်းစီအနေနဲ့ မိမိတို့ရဲ့သဘောဆန္ဒအတိုင်း စိတ်ကြိုက်လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်ရွေးချယ်တဲ့အခါမှာလည်း မြန်မာတို့သည် ကောင်းမွန်တဲ့ ဆုံးဖြတ်ရွေးချယ်မှုများကို ရွေးချယ်ဆုံးဖြတ်နိုင်စွမ်းရှိကြောင်းကိုလည်း သက်သေထူကြစေလိုပါတယ်။

တစ်ဖက်မှာလည်း ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီတည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အင်စတီကျူးရှင်းတွေ အားကောင်းမောင်းသန်မဖြစ်သေးတာဟာ အရှိတရားပဲဖြစ်ပါတယ်။ ဒီလို အခက်အခဲတွေရှိနေတဲ့အတွက် ရာနှုန်းပြည့်ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲဆိုတာတွေကိုကျင်းပဖို့ အခက်အခဲများရှိနေတာကိုလည်း ကျွန်တော့်အနေနဲ့ နားလည်လက်ခံထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ သန့်ရှင်းလွတ်လပ်တဲ့ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာ ကျင်းပနိုင်ဖို့အတွက် ရာနှုန်းပြည့်ကြိုးစားလုပ်ဆောင်ထားကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ရလဒ်များဟာ ပြည်သူများရဲ့ဆန္ဒအစစ်အမှန်တွေကို ထင်ဟပ်မယ်ဆိုတာ အခိုင်အမာယုံကြည်ထားပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများနဲ့ လူပုဂ္ဂိုလ်အသီးသီးအနေနဲ့လည်း ပြည်သူများရဲ့ဆန္ဒကိုလေးစားပြီး ရွေးကောက်ပွဲရလဒ်များအပေါ်မှာအလေးထားကြိုဆိုလက်ခံကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ရွေးကောက်ပွဲအလွန်ကာလမှာလည်း နိုင်ငံရေးအင်အားစုများအားလုံးလက်ခံနိုင်တဲ့ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံရေးခေါင်းဆောင်များအားလုံး ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းအဖြေရှာဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ ပါဝင်တဲ့ ခေါင်းဆောင်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ ခေါင်းဆောင်များဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ သမိုင်းဝင်မယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နိုင်ငံတကာနဲ့ မြန်မာ့နိုင်ငံရေးနယ်ပယ်က ဂုဏ်သိက္ခာကြီးမားတဲ့ နိုင်ငံရေးခေါင်းဆောင်များလည်း သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် ဒီစာချုပ်ရဲ့ တရားဝင်မှုနဲ့ ခိုင်မာမှုတို့ကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

အခုရရှိခဲ့တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ တစ်ညီတစ်ညွတ်တည်း သဘောတူညီနိုင်ခဲ့တဲ့ ပထမဦးဆုံးနဲ့ အပြည့်စုံဆုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တစ်ခုလည်း ဖြစ်ပါတယ်။ ရှေ့ဆက်လျှောက်ကြရမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးရဲ့ ဘုံအနာဂတ်တစ်ခုကို အတူတကွဖော်ဆောင်ကြမယ်လို့ ကတိကဝတ်ပြုလိုက်တဲ့ ပဋိညာဉ်တစ်ခုလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ ကျန်ရှိနေသေးတဲ့အဖွဲ့အစည်းများပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် လမ်းဖွင့်ထားပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီကိစ္စတွေဟာ လွယ်ကူမှုမရှိသလို ခက်ခဲတဲ့ အနေအထားတွေနဲ့ ပဋိပက္ခအချို့ ဆက်လက်ရှိနေသေးတာကိုလည်း တွေ့မြင်နေရပါတယ်။ သို့သော်လည်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေချုပ်ငြိမ်းသွားပြီး အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပဖို့ ကြိုးပမ်းဆောင်ရွက်သွားကြရမှာပဲဖြစ်ပါတယ်။ ဒီစာချုပ်ကို ကောင်းမွန်စွာ အကောင်အထည်ဖော်နေရမယ့်နည်းတူ ပဋိပက္ခဒဏ်ခံဒေသများမှ ပြည်သူများကိုလည်း ငြိမ်းချမ်းရေးရဲ့ လက်ငင်းအကျိုးရလဒ်တွေ မြန်နိုင်သမျှမြန်မြန် ခံစားရရှိစေဖို့ ဆောင်ရွက်သွားကြရမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အပြန်အလှန်ထိန်းကျောင်းမှုမရှိတဲ့ နိုင်ငံရေးဖြစ်စဉ်နဲ့ ဒီမိုကရေစီမရှိတဲ့ အုပ်ချုပ်ရေးစနစ်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခများနဲ့လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဖယ်ကြဉ်မှုတွေကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုအခြေအနေတွေကို ကျော်လွှားနိုင်ဖို့ ကျွန်တော့်အနေနဲ့ အစိုးရအဖွဲ့ကိုဦးဆောင်တဲ့အချိန်မှာ ကဏ္ဍတိုင်းအတွက် ပြုပြင်ပြောင်းလဲရေးတွေကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံသားတိုင်းရဲ့အနာဂတ်သစ်အတွက် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှုတို့အပြင် နိုင်ငံတကာ အသိုက်အဝန်းနဲ့ ပြန်လည်ပေါင်းစည်းရေးဆိုတာတွေကို မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းနိုင်အောင် အာရုံစိုက်ကြိုးပမ်းခဲ့ပါတယ်။

အစိုးရသက်တမ်းတစ်ကြိမ်အတွင်းမှာ ဒီလိုကြီးလေးလှတဲ့ လုပ်ငန်းစဉ်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ကျွန်တော့်အနေနဲ့ သမ္မတတာဝန်ယူပြီး အစိုးရအဖွဲ့ကိုဦးဆောင်ရတဲ့ ပထမဆုံးသက်တမ်းမှာ အတွေးအခေါ်ဟောင်း၊ အမူအကျင့်ဟောင်းတွေနဲ့ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်မှုတွေကိုဖယ်ရှားဖို့ ကြိုးပမ်းလျှောက်လှမ်းရတာဟာလည်း အလွန်သိမ်မွေ့နက်နဲလှပါတယ်။ သို့သော်လည်းဒီလိုအခက်အခဲတွေကို အောင်မြင်စွာ ကြိုးပမ်းဖြတ်သန်းနိုင်မှသာလျှင် ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် အထူးလိုအပ်နေတဲ့ နိုင်ငံရေးစနစ်သစ်နဲ့ နိုင်ငံရေးယဉ်ကျေးမှုအသစ်တွေ အမြစ်တွယ်အခြေခိုင်မာလာမယ့် အခွင့်အရေးကိုရရှိမှာဖြစ်တဲ့အတွက် စိန်ခေါ်မှုတိုင်းကို ကြိုးပမ်းဖြေရှင်းခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အသွင်ကူးပြောင်းရေးလမ်းကြောင်းကို စတင်လျှောက်လှမ်းစဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲအပြီးကာလများမှာ အရှေ့အလယ်ပိုင်းက နိုင်ငံတချို့မှာလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ကြိုးပမ်းခဲ့ကြတာရှိပါတယ်။ သို့သော်လည်း ဒီကနေ့မှာတော့ အဲ့ဒီနိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ မင်းမဲ့စိတ်ဆန်မှုတွေ ကိုသာဖြတ်သန်းနေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ အပြည်ပြည်ဆိုင်ရာစံနှုန်းများနဲ့တိုင်းတာရင် လိုအပ်ချက်များရှိနေသော်လည်း အသွင်ကူးပြောင်းရေးအတွက် လိုအပ်တဲ့အခြေခံများကို အဆင့်ဆင့် တိုးတက်တည်ဆောက်နိုင်ပြီး ချောမွေ့စွာ ကူးပြောင်းလျက်ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အထူးအလေးအနက်ထား ပြောကြားချင်တာကတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဟာ မိမိတိုင်းပြည်မှာရှိနေတဲ့ အခြေခံအကြောင်းတရားများနဲ့ ပေးထားချက်များကို ဘက်ပေါင်းစုံကနေ ချင့်ချိန်သုံးသပ်ပြီးတည်ငြိမ်အေးချမ်းစွာပြောင်းလဲနိုင်ဖို့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို သင့်လျော်တဲ့အချိန်မှာ လိုအပ်တဲ့အရှိန်တစ်ခုနဲ့ ချိန်သားကိုက် ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

နိုင်ငံရေးအင်အားစုအားလုံး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ရေးအတွက်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခြင်းနဲ့ နိုင်ငံရေးထိပ်သီးခေါင်းဆောင်များအကြား ဆွေးနွေးအဖြေရှာခြင်းများဟာ ကျွန်တော်တို့လက်ထက်မှာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်လာခြင်းရဲ့ အကောင်းဆုံး သက်သေသာဓကများပဲဖြစ်ပါတယ်။ ဒီလို အခြေခံကောင်းတွေကနေတစ်ဆင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အဟန့်အတားဖြစ်စေတဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒီလိုဖြေရှင်းတဲ့အခါမှာလည်း နိုင်ငံရေးအင်အားစုအားလုံးကို ကိုယ်စားပြုနိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ဖို့ဆိုတာတွေကိုလည်း အခိုင်အမာတည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို သဘောတူညီခဲ့ကြပြီးဖြစ်လို့ ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားကြရမှာလည်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေကိုလည်း ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ တယ်လီဖုန်းဆက်သွယ်ရေးမှအစ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများမှာ အဆင့်ဆင့်တိုးတက်မြင့်မားမှုတွေရှိလာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုမိုထိရောက်ပြီး သွက်လက်မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်တဲ့ ကျစ်လျစ်မှုရှိတဲ့ ဗျူရိုကရေစီယန္တရားတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံပြောင်းလဲမှုများကိုလည်း ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူလူထုအတွက် တကယ်ထိုက်တန်တဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေပေးနိုင်ဖို့၊ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ပညာရေးဝန်ဆောင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ ဘဝလုံခြုံမှုတွေရှိအောင် ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်တာဝန်ယူနေတဲ့ သက်တမ်းကာလအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအစိုးရသက်တမ်းကာလအတွင်းမှာပဲ ကျွန်တော်တို့အနေနဲ့ အခက်အခဲများ၊ အကျပ်အတည်းများရဲ့ အဖြေတွေကို ပိုမိုတွေ့မြင်လာပါတယ်။ တစ်ဖန် ပြုပြင်ပြောင်းလဲရေးအတွက် အတားအဆီးဖြစ်နေတဲ့ စိန်ခေါ်မှုတွေကိုလည်း ပိုမိုမြင်တွေ့လာခဲ့ရပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာမှာ ဦးဆောင်ဦးရွက်ပေးမယ့်သူများအတွက် ဒီလိုအတွေ့အကြုံကောင်းတွေ အထူးလိုအပ်ပါတယ်။ ပြည်သူ့ရေးရာဝန်ဆောင်မှုကဏ္ဍတွေမှာ ပိုမိုအာရုံစိုက်ဖို့လိုပြီး ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်လိုဖြစ်နေတဲ့ အဂတိလိုက်စားမှုများကိုလည်း အမြစ်ပြတ်ဖယ်ရှားဖို့လိုအပ်နေတာကိုလည်း တွေ့မြင်ရပါတယ်။ အရေးအကြီးဆုံးအနေနဲ့ကတော့ နိုင်ငံသားတိုင်း အလွယ်တကူရှင်းလင်းစွာနားလည်ပြီး ပါဝင်လုပ်ကိုင် အကျိုးဖြစ်ထွန်းစေနိုင်မယ့်ချမှတ်ထားတဲ့ ကာလတို၊ ကာလလတ်၊ ကာလရှည်စီးပွားရေး စီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့မှာ ကြီးမားတဲ့အခြေခံများရှိနေပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများတိုးတက်ရေးနဲ့ နိုင်ငံရေးတည်ငြိမ်မှုတို့ကို ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် အထူးလိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

**ပြည်သူများအနေနဲ့လည်း ဆန္ဒမဲတစ်မဲချင်းစီက အရေးကြီးတယ်ဆိုတဲ့အချက်နဲ့ မိမိတို့ရဲ့ တစ်ဦးချင်းအင်အားတွေစုစည်းနိုင်ရင် ကြီးမားတဲ့အင်အားတစ်ရပ် ဖြစ်လာနိုင်တယ်ဆိုတဲ့ အချက်ကို အထူးအလေးအနက်ထား စဉ်းစားကြစေလိုပါတယ်။ ဒီလိုစဉ်းစားပြီး တစ်ဦးချင်းဆုံးဖြတ်ရွေးချယ်ရာမှာလည်း ပထမဆုံးအနေနဲ့ ရိုးသားတည်ကြည်မှု၊ စိတ်ရှည်သဘောထားကြီးမှုနဲ့ အမြော်အမြင်ကြီးမှု စတဲ့နိုင်ငံသားတန်ဖိုး၊ လူမှုတန်ဖိုးများကို နှလုံးသွင်းပြီး စဉ်းစားဆုံးဖြတ် ရွေးချယ်ကြစေလိုပါတယ်။**


## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့်ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များစေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ပါရဂူဘွဲ့ ၊ မဟာသိပ္ပံ/ ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၅၆ ဦးနှင့် ဘွဲ့မယူသော သင်တန်း(Training ) သို့ ပညာသင် ၃၄၅ ဦး၊ စုစုပေါင်းပညာသင် ၄၀၁ ဦးကို ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ အောက်တိုဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ပညာသင် အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# ဆိုင်းနိုင်းကျွန်းဆွယ်၌ ပျက်ကျခဲ့သည့် ရုရှားလေယာဉ်စုံစမ်းစစ်ဆေးမှုများစတင်



**ကိုင်ရို နိုဝင်ဘာ ၂**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ရုရှားခရီးသည်တင်လေယာဉ် ပျက်ကျခဲ့မှုအတွက် အီဂျစ်နှင့် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများသည် တနင်္ဂနွေနေ့က စုံစမ်းမှုကိုစတင်ခဲ့သည်ဟု ဒေသတွင်းမီဒီယာကဖော်ပြသည်။

အဆိုပါစုံစမ်းစစ်ဆေးရေးအဖွဲ့သည် စနေနေ့နှောင်းပိုင်းက ရှာဖွေတွေ့ရှိခဲ့သည့် လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်ကိရိယာနှစ်ခုရှိ အချက်အလက်များမှတစ်ဆင့် စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ပြင်သစ်နိုင်ငံရှိ ပြည်တွင်းလေကြောင်းပျံသန်းရေး လုံခြုံရေးအေဂျင်စီမှ အထူးစုံစမ်းစစ်ဆေးသူနှစ်ဦး၊ အဲဘတ်(စ်)လေကြောင်းလိုင်းမှအကြံပေး ခြောက်ဦးနှင့် ဂျာမန်လူမျိုးနှစ်ဦးပါဝင်သည့် အီဂျစ်-ရုရှားပူးပေါင်းစုံစမ်းရေး အဖွဲ့သည် တနင်္ဂနွေနေ့ကစတင်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ရုရှားနိုင်ငံမှ အရေးပေါ်ကိစ္စရပ်များစီမံခန့်ခွဲရေးဝန်ကြီးသည် အီဂျစ်ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အကူအညီပေးရန် စနေနေ့က အီဂျစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ခရီးသည်နှင့်လေယာဉ်ဝန်ထမ်း ၂၂၄ ဦးအနက် ၁၆၃ ဦး၏ အလောင်းများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လျက်ရှိကြောင်း အစိုးရအဖွဲ့က တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စစ်သွေးကြွအုပ်စုတစ်စုက အဆိုပါလေယာဉ်ပျက်ကျမှုမှာ ၎င်းတို့၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

လေယာဉ်သည် အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ ပျံသန်းခြင်းဖြစ်သည့်အတွက် ပစ်ချရန်မဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများကပြောဆိုကြပြီး လေယာဉ်ပျံသန်းမှုမှတ်တမ်းတင် ကိရိယာကို မစစ်ဆေးရသေးမီ အကြောင်းရင်းကို သေချာစွာ မဖော်ပြနိုင်ကြောင်း အီဂျစ် ဝန်ကြီးချုပ် ရှာရစ်အစ္စမေးက ပြောကြားသည်။

**(ဆင်ဟွာ)**

# စုံတွဲတစ်တွဲကလေးတစ်ဦး မူဝါဒကိုသာ တရုတ်ဆက်ထိန်းထားမည်

**ပေကျင်း နိုဝင်ဘာ ၂**

တရုတ်နိုင်ငံအနေဖြင့် ဥပဒေအရ မိသားစုစုံတွဲတစ်တွဲ ကလေးနှစ်ယောက်ယူနိုင်သည့် ဥပဒေသစ်ထွက်ပေါ်လာသည့်တိုင် စုံတွဲတစ်တွဲ ကလေးတစ်ယောက်မူဝါဒကိုသာ ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း မိသားစုစီမံကိန်းအဖွဲ့က ပြောသည်။

ပေကျင်းအစိုးရအနေဖြင့် ဆယ်စုနှစ်များစွာကလေးတစ်ယောက်နှုန်းသာ ယူရမည်ဆိုသောမူဝါဒကို ဖြေလျှော့ပေးလိုက်ပြီဖြစ်ကြောင်း အာဏာရကွန်မြူနစ်ပါတီက လွန်ခဲ့သောသီတင်းပတ်က ပြောကြားသည်။ သို့သော်လည်း ယင်းအစီအစဉ်သည် မတ်လညီလာခံတွင် လွှတ်တော်၌ အတည်ပြုချက်ရယူရမည်ဟု ဆိုသည်။

သို့သော်လည်း လောလောဆယ် ဒုတိယမြောက်ကိုယ်ဝန်ဆောင်ထားသော မိခင်များအတွက် ဥပဒေအရ အရေးယူနိုင်လိမ့်မည်မဟုတ်ကြောင်း ကျန်းမာရေးနှင့်မိသားစု စီမံကိန်းကော်မရှင်မှ ထုတ်ပြန်သော အွန်လိုင်းကြေညာချက်တွင် ဖော်ပြသည်။

မိသားစုသန်း ၉၀ သည် ကလေးနှစ်ယောက်မူဝါဒအတွက် အကျိုးသက်ရောက်မှုရှိလာနိုင်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် တရုတ်လူဦးရေ သန်းတစ်ထောင့်လေးရာငါးဆယ်အထိ ရောက်ရှိနိုင်ရေးကို အထောက်အကူပြုလာနိုင်ကြောင်း မိသားစုစီမံကိန်းကော်မရှင်က ပြောသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက လူဦးရေ သန်းတစ်ထောင့်သုံးရာခုနစ်ဆယ်ကျော်ရှိသည်ဟုဆိုသည်။

**(ရိုက်တာ)**

# ပြည်တွင်းဝယ်လိုအားကြောင့် တောင်ကိုရီးယား ကားထုတ်လုပ်ရောင်းချမှုမြင့်တက်

**ဆိုးလ် နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းကားထုတ်လုပ်ရောင်းချမှုနှုန်းမှာ လျင်မြန်သောနှုန်းဖြင့် တိုးတက်လာသည့်အတွက် ကမ္ဘာအနှံ့ ကားတင်ပို့ရောင်းချနေသော တောင်ကိုရီးယား ကားထုတ်လုပ်ရေးကုမ္ပဏီများ၏ ကားထုတ်လုပ်မှုမှာ လွန်ခဲ့သောလက ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်ဟု စက်ရုံအတွင်း အချက်အလက်များအရ သိရသည်။

ကမ္ဘာအနှံ့ ရောင်းချလျက်ရှိသော Hyundai Motor, Kia Motors, GM Korea, Renault Samsung နှင့် Ssangyong တို့သည် အောက်တိုဘာလအတွင်း အစီးရေ ၃၁၅၂၄၅ စီးရောင်းချခဲ့ပြီး ယခုနှစ်အစောပိုင်း ကာလမှစ၍ ၈ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ပြည်တွင်းကားအရောင်းဈေးကွက်တွက် ယခုလက်ရှိ ထုတ်လုပ်ရောင်းချမှုနှုန်းမှာ အမြင့်ဆုံးဖြစ်သည်။ ဟွမ်ဒိုင်းက ထုတ်လုပ်ထားသော ပြည်တွင်းကားဈေးကွက်တွင် လူကြိုက်များသော Avante နှင့် Sonata မော်ဒယ်ကားများသည် ပြည်တွင်းဝယ်လိုအားတွင် လျင်မြန်စွာမြင့်တက်လာခဲ့သည်။ “Avante” သည် တောင်ကိုရီးယား ကားဈေးကွက်တွင် လူကြိုက်အများဆုံးဖြစ်ပြီး အောက်တိုဘာလအတွင်း အစီးရေ ၁၂၈၃၈ စီး ရောင်းချခဲ့သည်။




အဆိုပါကားသည် သုံးလအတွင်း ဝယ်လိုအားအများဆုံး နံပါတ် ၁ တွင် ရပ်တည်လျက်ရှိသည်။ “Sonata” မှာမူ အစီးရေ ၁၀၄၈၇ စီးရောင်းချခဲ့ပြီး ဒုတိယနေရာမှ ရပ်တည်လျက်ရှိသည်။ **(ဆင်ဟွာ)**

# အီးယူက ဂျော်ဒန်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ၂၈ သန်းထောက်ပံ့မည်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂**

ပဋိပက္ခများကြောင့် ဂျော်ဒန်နိုင်ငံအတွင်းရောက်ရှိနေသော ဆီးရီးယား ပြောင်းရွှေ့နေထိုင်သူများကိုကူညီထောက်ပံ့ရန် ဥရောပကော်မရှင်က ၂၈ သန်းကူညီပေးမည်ဟု တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်။

ဂျော်ဒန်နှင့်လက်ဘနွန်တို့သို့ သွားရောက်နေသော ပဋိပက္ခစီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥရောပကော်မရှင်မင်းကြီးက ဘဏ္ဍာရေးနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုများပြုလုပ်မည်ဖြစ်ကြောင်း ကော်မရှင်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မကြာမီကျရောက်လာတော့မည့် ဆောင်းတွင်းကာလအတွင်းဂျော်ဒန်နိုင်ငံအတွင်းရှိ ဘေးဒုက္ခရောက်ရှိနေကြသောဆီးရီးယားဒုက္ခသည်များအတွက် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသောကြောင့် ဥရောပသမဂ္ဂက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့သည်။ **(ဆင်ဟွာ)**

# အရှေ့အလယ်ပိုင်း၌ ဗြိတိန်စစ်အခြေစိုက်စခန်းတည်ဆောက်

**လန်ဒန် နိုဝင်ဘာ ၂**

အရှေ့အလယ်ပိုင်းဒေသတွင် ဗြိတိသျှစစ်အခြေစိုက်စခန်းကို ဘာရိန်းနိုင်ငံ၌ စနေနေ့က စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ပါရှန်ပင်လယ်ကွေ့ ဗြိတိသျှနိုင်ငံခြားရေးနှင့် ဓနသဟာယရုံး (အက်ဖ်စီအို)က ကြေညာသည်။

အမေရိကန်ဒေါ်လာ ၂၃ သန်း အကုန်အကျခံတည်ဆောက်မည့် အဆိုပါရေတပ်အခြေစိုက်စခန်း ပန္နက်တင်အခမ်းအနားသို့ ဗြိတိသျှနိုင်ငံခြားရေးအတွင်းရေးမှူး ဖီးလစ်ဟာမွန်း တက်ရောက်ခဲ့သည်။

“ဘာရိန်းမှာတော်ဝင်ရေတပ်ထားရှိခြင်းဟာ အနာဂတ်လုံခြုံရေးအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါရေတပ်အခြေစိုက်စခန်း တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် ပင်လယ်ကွေ့ဒေသအတွင်း မဟာမိတ်တို့အား တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါအမြဲတမ်း ဗြိတိသျှအခြေစိုက်စခန်းသည် ၁၉၇၁ ခုနှစ်နောက်ပိုင်း ပထမဆုံးဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်ကအရှေ့အလယ်ပိုင်းမှတပ်များ ရုပ်သိမ်းပြီးနောက် ပထမဆုံးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဘာရိန်းသည် ဗြိတိန်ထံမှ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

မီနာဆဲလ်မန်းဆိပ်ကမ်းသည် ဘာရိန်းမြို့တော် မာနာမာ၌ တည်ရှိပြီး ဗြိတိသျှရေတပ်စခန်း၏ အချက်အချာဖြစ်လာမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# တရုတ်ရေနံဝယ်လိုအားလျော့နည်းမှုကြောင့် ရေနံဈေးကွက်လှုပ်ခတ်

**စင်ကာပူ နိုဝင်ဘာ ၂**

ကျွမ်းကျင်သူများက လာမည့်လများတွင် တရုတ်မှ ရေနံဝယ်လိုအားလျော့ကျမည်ဟု မျှော်မှန်းထားသည့်အတိုင်းပင် တနင်္လာနေ့က အာရှဈေးကွက်တွင် ရေနံဈေးနှုန်းကျဆင်းခဲ့သည်။

အမေရိကန်ရှိ ရေနံဈေးနှုန်း ဆုတ်ယုတ်မှုကို သုံးသပ်တင်ပြချက်အရ လာမည့်လများတွင် ဒေသတွင်း ရေနံစိမ်းထုတ်လုပ်မှု ထိုးကျမည်ဟု ညွှန်ပြခဲ့ပြီးနောက် တနင်္လာနေ့တွင် ရေနံဈေး ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလက တရုတ်နိုင်ငံ၏ ရေနံဝယ်လိုအားတိုးပွားမှုသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလနှင့်နှိုင်းယှဉ်ကြည့်လျှင် တစ်ရက်လျှင် ရေနံစည် ၂၂၆၅၀၀ စည်(သို့) ၂ ဒသမ ၁ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ဘာကလေက ပြောသည်။

ပထမရှစ်လတာ အတွင်းက ဝယ်လိုအားကြီးမြင့်မှုပြ အချက်အလက်များသည် နှေးကွေးလာသော မက်ခရိုစီးပွားရေးလှုပ်ရှားမှု လေ့လာတွေ့ရှိချက်များနှင့် ရှေ့နောက်ကိုက်ညီမှုမရှိဟု ဘဏ်က ပြောကြားသည်။

**(ဆင်ဟွာ)**



# ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ပလေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲရလဒ်သတင်းများ ထုတ်ပြန်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

အာဆီယံနိုင်ငံများ၊ အခြားမိတ်ဆွေနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များနှင့် အဖွဲ့အစည်းများ၏ လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကျင်းပမှုများကို လေ့လာရန် ဖိတ်ကြားခဲ့၍ သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲကိုလည်း အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို လာရောက်လေ့လာရန် ဖိတ်ကြားထားပါကြောင်း၊ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ခံနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများအား စောင့်ကြည့်လေ့လာစေမှာဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲများသွားရောက်လေ့လာရာတွင် ဧည့်ဝတ်ကျေပွန်သကဲ့သို့ မိမိနိုင်ငံရွေးကောက်ပွဲသို့ လာရောက်လေ့လာချိန်တွင်လည်း ဧည့်ဝတ်ကျေပွန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးက အာဆီယံနိုင်ငံများနှင့် အခြားမိတ်ဆွေနိုင်ငံများအား ဖိတ်ကြားထားမှု၊ နိုင်ငံအလိုက် လာရောက်မည့်အရေအတွက်၊ နေ့စဉ်ဆောင်ရွက်မည့်အစီအစဉ်နှင့် လေ့လာရေးခရီးစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စောင့်ကြည့်လေ့လာရေး အဖွဲ့များရောက်ရှိချိန်၊ တည်းခိုနေချိန်နှင့် လေ့လာမည့်နေရာများသို့ သွားရောက်ရာတွင် ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများအား လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆက်ဆံရေးအရာရှိ စီစဉ်ထားရှိမှုကို လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ လေ့လာရေးအဖွဲ့များအား ဖျော်ဖြေမည့်အစီအစဉ်ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမှတ်တမ်းရယူရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ခရီးစဉ်များအတွက် ယာဉ်များစီစဉ်မှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လေ့လာရေးအဖွဲ့များ တည်းခိုနေထိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် မီဒီယာစင်တာထားရှိမည့် အစီအမံ၊ ရွေးကောက်ပွဲရလဒ်ကြေညာမည့်အစီအစဉ်၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ရလဒ်များ ထုတ်ပြန်ကြေညာမည့် အစီအစဉ်များကို ရွေးကောက်ပွဲကော်မရှင်၏ မီဒီယာစင်တာနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သတင်းထုတ်လွှင့်နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးရန်မှာကြားသည်။

ယင်းနောက် မီဒီယာစင်တာတွင် တာဝန်ယူဆောင်ရွက်မည့် IFES မှ လုပ်ငန်းစဉ်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးပြီး ကမ္ဘာ့နိုင်ငံများကလည်း စိတ်ဝင်စားစွာ စောင့်ကြည့်နေကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေး၊ လာရောက်လေ့လာရန်ဖိတ်ကြားထားသော ကိုယ်စားလှယ်များ အဆင်ပြေစွာလေ့လာနိုင်ရေးနှင့် ရွေးကောက်ပွဲရလဒ်သတင်းများ အချိန်မီထုတ်ပြန်နိုင်ရေးအတွက် တာဝန်ရှိသော ဝန်ကြီးဌာနအသီးသီးနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲအား ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာမည့်အခြေအနေအားသိရှိနိုင်ရန်နှင့် လေ့လာသုံးသပ်နိုင်ရန်သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
**နေပြည်တော်၊ နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ခုအဖြစ် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ကျင်းပပေးမည်ဟု ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲ၏ လွတ်လပ်မျှတမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များအား မှတ်ကျောက်တင်နိုင်ရန်အတွက် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများ၊ နိုင်ငံတကာသံရုံးများမှလေ့လာရေးအဖွဲ့များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်အဖွဲ့များ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းတို့အား ရွေးကောက်ပွဲအား လာရောက်လေ့လာ စောင့်ကြည့်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀ ဦး၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ ၆ ခုမှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်း ၉ ခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း ပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်းမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု၊ နိုင်ငံရေးအရ သမာသမတ်ကျစွာကြားနေမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အနှောင့်အယှက်မဖြစ်စေမှု၊ စောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို လိုက်နာစောင့်ထိန်းမှုအစရှိသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရန် အသိပေးညွှန်ကြားထားပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာမည့်အခြေအနေအား သိရှိနိုင်ပါရန်နှင့် လေ့လာသုံးသပ်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တောင်ငူမြို့၌ မဲဆန္ဒရှင်ကတ်ပြားများ စတင်ထုတ်ယူ

**တောင်ငူ နိုဝင်ဘာ ၂**

တောင်ငူမြို့ (၁၈)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး မဲရုံ(၂)၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၂ ရက်က ရပ်ကွက်နေပြည်သူများ ထုတ်ယူလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်သက်သေခံ ကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှစတင်၍ ၇ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂ ရက်အထိ မဲဆန္ဒရှင်သက်သေခံကတ်ပြား ထုတ်ယူသူဦးရေ ၁၃၅၀ ရှိပြီဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းကိုလည်း နိုဝင်ဘာ ၂ ရက်မှ ၇ ရက်အထိ ခိုင်လုံသော အထောက်အထားဖြင့် စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ကြိုတင်ဆန္ဒမဲပေးသူ (၁၈)ရပ်ကွက် မဲရုံ(၂)၌ ၁၅ ဦး လာရောက်ဆန္ဒမဲပေးထားကြောင်း တောင်ငူမြို့ (၁၈)ရပ်ကွက် ကော်မရှင်ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောကြားသည်။



**သူရ(တောင်ငူ)**

## ရှောင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ မဲရုံသုံးပစ္စည်းများ ကွင်းဆင်းစစ်ဆေး

**ရှောင် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေထားရှိပြီးဖြစ်သော မဲရုံသုံးပစ္စည်းများ၏အခြေအနေကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးမျိုးမြင့်အောင် ဦးဆောင်သောအဖွဲ့ဝင်များသည် ရွာငံမြို့နယ်အတွင်းရှိ မဲရုံးပေါင်း ၅၂ ရုံအတွက် မဲရုံသုံးပစ္စည်းများဆိုင်ရာရောက်ရှိမှု ပြည့်စုံမှန်ကန်စွာရရှိရေး၊ မဲရုံကောင်းမွန်ရေးနှင့် မဲရုံလုံခြုံရေးဆိုင်ရာများကို နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှောင်)**

## စလင်း၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု အစည်းအဝေးကျင်းပ

**စလင်း နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁ ရက်က မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေး၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်း၊ အတွင်းရေးမှူး ရဲမှူးခင်မောင်ရှိန်၊ အဖွဲ့ဝင် မီးသတ်ဦးစီးမှူး ဦးငွေးမော်တို့က ပညာပေးဟောပြောဆွေးနွေးခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲဆန္ဒပေးပုံစနစ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ မဲရုံ ၂၇၇ ရုံ၌ လုံခြုံရေးတာဝန်ထမ်းဆောင်ရန် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀၈ ဦးထဲမှ ခေါင်းဆောင် ၂၇၇ ဦး၊ စီမံခန့်ခွဲမှုကော်မတီဝင် ၂၁ ဦး စုစုပေါင်း ၂၉၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

## ကိုပေတရာ – မရွှေစာ တစ်ခန်းရပ်စကားပြောခန်း



# စိမ်း တဲ့ မြို့ ကြီး

| သိဒ္ဓိမောင် |

**စိမ်းလန်းတဲ့မြို့ကြီးတွေဖြစ်လာဖို့ သူတို့က အဓိကအချက်ကြီး သုံးချက်ကို စူးစိုက်လုပ်ဆောင်တယ်တဲ့ဗျ၊ အဲဒီအချက် သုံးချက်က စွမ်းအင်၊ အဆောက်အအုံတွေနဲ့ ပို့ဆောင်ရေးလို့ ဆိုတယ်၊**

ဂျာနယ်လစ်တစ်ဦးဖြစ်သူ လူပျိုကြီးကိုပေတရာ ရေပုံးတစ်လုံးဘေးချကာ မြေကိုတူးဆွလျက် သီချင်းတအေးအေးညည်းရင်း သစ်ပင်ငယ်တစ်ပင်ကို စိုက်ပျိုးနေစဉ်. . .

အိမ်နီးချင်း ဘွဲ့ရအပျိုကြီး မရွှေစာ ဈေးခြင်းအလွတ်တစ်လုံးကို ဆွဲလျက် ကိုပေတရာ အနားသို့ ရောက်လာသည်။

"စိမ်းသောသစ်ရိပ်အောက်တွင်၊ စိမ်းသောမြမြက်ခင်းပြင်၊
စိမ်းသောသူ့ဝတ်စုံဆင်၊ စိမ်းကားခြင်းနိမိတ်ပုံများ၊
သမိုင်းစိမ်း မင်းရေးဖွဲ့သွား. . . "

"ကိုပေတရာကြီး၊ သီချင်းတညည်းညည်းနဲ့ ဘာလုပ်နေတာတုံးရှင့်၊ ဒါနဲ့ ရှင့်သီချင်းကလည်း တစိမ်းစိမ်းနဲ့ဆိုတော့ မဟုတ်မှလွဲရော **အီလက်ရှင်ကမ်ပိန်း**လုပ်ဖို့ လေ့ကျင့်နေတာများလား"

"မဟုတ်ရပါဘူးမရွှေစာရယ်၊ ကျွန်တော်ဆိုတဲ့သီချင်းက ရော့ခ်အဆိုတော်ကြီး ဇော်ဝင်းထွဋ်ရဲ့ 'ဂန္ထဝင်စိမ်း'ပါ၊ ရွေးကောက်ပွဲက အရောင်တွေနဲ့ ဘာမှမဆိုင်ပါဘူး၊ အိမ်ရှေ့မှာ မျက်စိပသာဒလည်းဖြစ်၊ အရိပ်အာဝါသလည်းရအောင် သစ်ပင်စိုက်ရင်းနဲ့ ဖီလင်ဝင်သွားလို့ ဆိုနေတာပါဗျ၊ ဒါနဲ့ ခင်ဗျားကလည်း တိတ်တိတ်ကလေး နားထောင်နေတာလား"

"ကြံကြီးစည်ရာတော်၊ ဈေးသွားမလို့ ထွက်လာရင်း ရှင့်အသံပြာကြီးကိုကြားလိုက်လို့ပါ၊ ရှင်သစ်ပင်စိုက်တာမြင်တော့ အားကျမခံ ကျွန်မတို့ အိမ်ရှေ့မှာလည်း သစ်ပင်စိုက်ဦးမှပဲ၊ ဒါမှအိမ်တိုင်း၊ လမ်းတိုင်း၊ စိမ်းလန်းစိုပြည်ပြီး မြို့ကြီးတစ်မြို့လုံး စိမ်းလန်းနေတဲ့ဂရင်းစီးတီး (Green City) ဖြစ်သွားမှာပေါ့"

"ခင်ဗျားတောင် တော်တော်ဟုတ်လာပြီပဲ၊ လူတော်နဲ့ မိတ်ဆွေဖြစ်မိလို့ တိုးတက်လာတာ ထင်ပါရဲ့၊ ဒါနဲ့**ဂရင်းစီးတီး**ဆိုတာရော ခင်ဗျား သိလို့လား"

"ရှင်းပြပါ့မယ်ရှင်၊ မသိသေးဘူးဆိုရင်လည်း မှတ်စုစာအုပ်ကလေး ပါယူပြီး လိုက်မှတ်ထားဦး၊ လက်ရှိအခြေအနေမှာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ မြို့ကြီးပြကြီးတွေမှာ နေတယ်တဲ့၊ ဒ့ါအပြင်မြို့ပြလူဦးရေဟာလည်း တိုးတက်သထက် ဆက်ပြီးတော့တိုးတက်နေတယ်၊ မြို့ပြလူဦးရေတိုးလာပြီး မြို့ကြီးတွေ ကြီးမားကျယ်ပြန့်လာတာဟာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်အပေါ်မှာ အကျိုးသက်ရောက်မှုရှိတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် လူတွေအများကြီး နေထိုင်တဲ့မြို့ကြီးတွေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ လိုက်လျောညီထွေဖြစ်စေမယ့် စိမ်းလန်းတဲ့ ဂရင်းစီးတီးမြို့ကြီးတွေအဖြစ် ပြုပြင်တည်ဆောက်ဖို့ လိုတယ်တဲ့ရှင့်. . . သိပြီလား"

"သိပါပြီဗျာ၊ အဲဒီလို သဘာဝပတ်ဝန်းကျင်မထိခိုက်စေတဲ့ မြို့ကြီးတွေကို **အီကိုစီးတီး**လို့လည်း ခေါ်တယ်တဲ့ဗျာ၊ အဲဒီလိုမြို့ကြီးတွေမှာ နေထိုင်ကြသူတွေအနေနဲ့ လျှပ်စစ်၊ စက်သုံးဆီစတဲ့ စွမ်းအင်တွေ၊ ရေ၊ အစားအစာနဲ့ လွှင့်ပစ်ရမယ့်ပစ္စည်းမျိုး၊ ဥပမာ-အိတ်ခွံ၊ ဘူးခွံ၊ တစ်ခါသုံးပစ္စည်း စတာတွေကို သုံးစွဲတာ အနည်းဆုံးဖြစ်ရမယ်တဲ့၊ နောက်ပြီးတော့ အပူငွေ့တို့၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းစတဲ့ လေထုညစ်ညမ်းမှုတို့၊ ရေထုညစ်ညမ်းမှုတို့ ထွက်ပေါ်တာလည်း အနည်းဆုံးဖြစ်ရမယ်လို့လည်း ဆိုထားတယ်ဗျ"

"မှတ်သားလောက်စရာပါပဲရှင်၊ တကယ်လို့ ကျွန်မတို့နေတဲ့ မြို့ကြီးကိုလည်း စိမ်းလန်းတဲ့ ဂရင်းစီးတီးမြို့ကြီးဖြစ်လာအောင်လုပ်မယ်ဆိုရင် ဘာတွေလုပ်သင့်သလဲရှင့်"

"သိချင်သေးတယ်ဆိုရင်လည်း ပြောပြရမှာပေ့ါဗျာ၊ **မြေကမ္ဘာနေ့ကွန်ရက်**ဆိုတဲ့ အဖွဲ့အစည်းတစ်ခုက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက **စိမ်းလန်းမြို့ကြီးများ လှုံ့ဆော်မှု**တစ်ခု လုပ်နေတယ်ဗျ၊ သူတို့လုပ်ငန်းစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ ကမ္ဘာ့မြို့ကြီးတွေမှာ မကုန်ခန်းနိုင်တဲ့ စွမ်းအင်တွေ ပိုမိုသုံးစွဲလာဖို့နဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ရပ် ပါတဲ့ဗျ"။

"အဲဒီရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်မယ်ဆိုရင် အဲဒီလို မြို့ကြီးတွေမှာ နေထိုင်သူတွေအနေနဲ့ သန့်လည်းသန့်ရှင်း၊ ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့အပြင် ကုန်ကျစရိတ်လည်း သက်သာတဲ့ လူနေမှုဘဝတွေကို ရနိုင်မယ်တဲ့ဗျ"

"စိတ်ဝင်စားစရာပဲနော်၊ အသေးစိတ်လေးလည်း သိသမျှပြောပြပါဦး"

"စိမ်းလန်းတဲ့မြို့ကြီးတွေဖြစ်လာဖို့ သူတို့က အဓိကအချက်ကြီး သုံးချက်ကို စူးစိုက်လုပ်ဆောင်တယ်တဲ့ဗျ၊ အဲဒီအချက်သုံးချက်က စွမ်းအင်၊ အဆောက်အအုံတွေနဲ့ ပို့ဆောင်ရေးလို့ ဆိုတယ်၊ စွမ်းအင်လို့ ဆိုရာမှာ လက်ရှိကမ္ဘာပေါ်မှာ အသုံးအများဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ် တဲ့ နည်းလမ်းတွေက အလေအလွင့်များတဲ့အပြင် ပတ်ဝန်းကျင်လည်း ညစ်ညမ်းစေသတဲ့၊ ဒါကြောင့်မို့ လက်ရှိဓာတ်အားထုတ်လုပ်တဲ့ စနစ်တွေကို ပုံစံပြောင်းပစ်ဖို့ လိုအပ်သလို မကုန်ခန်းနိုင်တဲ့ ပြန်ပြည့်မြဲ စွမ်းအင်ရင်းမြစ်တွေကို တဖြည်းဖြည်း ပြောင်းလဲသုံးစွဲသွားရမယ်လို့ ဆိုတယ်ဗျ"

"ဒုတိယအချက်ဖြစ်တဲ့ အဆောက်အအုံလို့ဆိုရာမှာလည်း ကမ္ဘာပေါ်မှာရှိရှိသမျှ အဆောက်အအုံတွေထဲက သုံးပုံတစ်ပုံလောက်က ဖန်လုံအိမ်ဓာတ်ငွေ့တွေကို ထုတ်လွှတ်တယ်လို့ ဆိုပါတယ်။ စွမ်းအင် လေလွင့်မှုမရှိဘဲ အကျိုးရှိရှိအသုံးပြုနိုင်ဖို့အတွက် အဆောက်အအုံရဲ့ ဒီဇိုင်းတွေ ကောင်းမွန်ဖို့လိုပါတယ်။ ဥပမာအားဖြင့် နေရောင်ခြည် ပေါပေါများများရတဲ့ ကျွန်တော်တို့နိုင်ငံမှာ အဆောက်အအုံ တော်တော်များများက နေ့ခင်းဘက်ကြီး မီးထွန်းနေရတာမျိုးပေ့ါ၊ **ဂရင်းဘေလ်ဒင်** လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေတဲ့အဆောက်အအုံတွေ ဆောက်လုပ်လာအောင် ဥပဒေနဲ့လည်း ထိန်းကျောင်းပေးဖို့လိုပါတယ်။ ဂရင်းဘေလ်ဒင်တွေတည်ဆောက်တာဟာ ငွေကုန်ကြေးကျ ပိုနိုင်ပေမယ့် ရေရှည်မှာ အကျိုးအမြတ်ပိုများလာမှာ သေချာပါတယ်"

"ရှင်ပြောတဲ့ အချက်သုံးချက်ထဲက နောက်ဆုံးအချက်ဖြစ်တဲ့ ပို့ဆောင်ရေးကိုရော သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲဆိုတာ ပြောပါဦး"

"ကမ္ဘာ့ရာသီဥတုကိုပြောင်းလဲစေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ အကြီးဆုံးအရင်းအမြစ်လည်းဖြစ်၊ လျင်လျင်မြန်မြန်လည်း ကြီးထွားလာနေတဲ့ အရင်းအမြစ်လည်းဖြစ်တဲ့အရာကတော့ လမ်းပေါ်မှာ သွားနေတဲ့ ကားတွေပဲတဲ့ဗျ၊ ကားတွေက ထုတ်လွှတ်လိုက်တဲ့ အခိုးအငွေ့တွေကနေ **စမော့ဂ်**လို့ခေါ်တဲ့မီးခိုးမြူတွေဖြစ်လာတယ်၊ လမ်းပေါ်မှာသွားနေတဲ့ကား အရေအတွက်လျှော့ချနိုင်ဖို့ ဘတ်စ်ကား၊ ရထားလို အများသုံးပို့ဆောင်ရေးစနစ် ကောင်းမွန်တိုးတက်လာပြီး လူတိုင်းစီးချင်လာအောင် လုပ်ပေးဖို့လိုတယ်တဲ့ဗျ၊ ဒ့ါအပြင် မြို့ထဲမှာ လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူ လမ်းလျှောက်သွားနိုင်ဖို့ ဒါမှမဟုတ် စက်ဘီးနဲ့သွားနိုင်ဖို့ လူသွားစင်္ကြံတွေ၊ စက်ဘီးလမ်းတွေ တည်ဆောက်ပေးဖို့လိုတယ်လို့ ဆိုပါတယ်ဗျာ"

"ရှင်နဲ့စကားပြောရတာ ဗဟုသုတတိုးပွားပါတယ်၊ အချိန်လည်း မနည်းတော့ဘူးဆိုတော့ ဈေးအမီပြေးရဦးမယ်"

"ဈေးချိန်လည်းမီ၊ အီကိုဖရန်းဒလီးလည်းဖြစ်အောင် ကျွန်တော် စက်ဘီးနဲ့ လိုက်ပို့ပေးမယ်လေ"

"တော်ပါတော့ ကိုပေတရာရယ်၊ ကျွန်မဘာသာကျွန်မ လမ်းလျှောက်သွားတာ ကျန်းမာရေးလည်းညီညွတ်၊ **အီကိုဖရန်းဒလီး**လည်း ဖြစ်တာပဲ မဟုတ်လား၊ ကဲ. . . သွားလိုက်ဦးမယ်နော်"

"ဒါဆိုလည်း တာ့တာ၊ ဘိုင့်ဘိုင်ပဲပေ့ါ မရွှေစာရေ. . . "

ပြောပြောဆိုဆိုနှင့်ပင် မရွှေစာ ဈေးဘက်သို့ ဆက်လက်ထွက်ခွာသွားစဉ် ကိုပေတရာ ပီတိမျက်နှာကြီးနှင့် ရင်တသိမ့်သိမ့်ခုန်ကာ ကျန်ရစ်လျက်။ ။

**အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် မလွဲမသွေပူးပေါင်းလျှောက်လှမ်း**

**အစိမ်းရောင် စီးပွားရေးလမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မှာ ဖြစ်ပါတယ်။ အစိမ်းရောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်း အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဟာ အလွန်အရေးပါ လှပါတယ်။**

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC - 2၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

Notes - (၁) စိမ်းတဲ့မြို့ကြီး=**Green City**၊ (၂) အီလက်ရှင်ကမ်ပိန်း=**Election Campaign**၊ (၃) အီကိုစီးတီး = **Eco-City**၊ (၄)မြေကမ္ဘာနေ့ကွန်ရက် = **Earth Day Network**၊ (၄) စိမ်းလန်းမြို့ကြီးများလှုံ့ဆော်မှု = **Green Cities Campaign**၊ (၅) ဂရင်းဘေလ်ဒင် = **Green Building**၊ (၆) စမော့ဂ် = **Smog**၊ (၇) အီကို ဖရန်းဒလီး = **Eco-Friendly**

# အိမ်တွင်းမှုအခြေခံအပ်ချုပ်သင်တန်း သင်တန်းသားများအား ကြည့်ရှုအားပေး

**ဖြူး နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ကျေးလက်ဒေသအမျိုးသမီးငယ်များ အိမ်တွင်းမှု အခြေခံအပ်ချုပ်သင်တန်း (၁/၂၀၁၅) ကို အောက်တိုဘာ ၁၄ ရက်က တောင်ငူမြို့ရှိ လူမှုဝန်ထမ်း ဦးစီးဌာန အိမ်တွင်းမှုသင်တန်း ကျောင်း၌ ဖွင့်လှစ်ခဲ့ရာ ဖြူးမြို့နယ် အတွင်းရှိ ကျေးရွာများမှ အမျိုးသမီး ငယ်သင်တန်းသူ ၃၃ဦး တက်ရောက် လျက်ရှိသည်။

အဆိုပါ သင်တန်းတက်ရောက် နေကြသည့် သင်တန်းသူများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အဖွဲ့နိုဝင်ဘာ ၁ ရက်က သင်တန်း ကျောင်းသို့သွားရောက်ပြီး သင်တန်း သူများ လက်တွေ့ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှု စစ်ဆေးအားပေးခဲ့သည်။

ယင်းသင်တန်းကို နိုဝင်ဘာ ၁၃ ရက်အထိဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်းသိရသည်။ **မြင့်ဦး(ဖြူး)**

# အင်းလေးကန်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်

**ညောင်ရွှေ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ကမ္ဘာကျော်အင်းလေး ကန် ရေရှည်တည်တံ့ရေးစီမံကိန်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ ဦးစီးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်က ညောင်ရွှေမြို့နယ် ဆည်မြောင်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေးက အင်းလေးကန်အတွင်းသဲနုန်းပို့ချမှုများ လျော့နည်းစေရေး ကန်အတွင်းရောက်ရှိလာသော သဲနုန်းများဖယ်ရှားရှင်းလင်းနိုင်ရေး၊ ရေလမ်းကြောင်းများ မတိမ်ကောရေး၊ စိုက်ပျိုးရေးအောင်မြင်စွာ ရေရရှိစေရေး၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို အဓိကထားပြီး လူအားနှင့် စက်ယန္တရားအားပေါင်းစပ် လုပ်ကိုင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အင်းလေးကန်ထိန်းသိမ်းရေးကို လုပ်ငန်းစဉ်ရှစ်ခုခွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ **(၀၅၄)**

# ကျန်းမာရေးဦးစီးဌာနအဆင့်ဆင့်သည် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက်အဓိကကျ

နေပြည်တော် နိုဝင်ဘာ ၂

**ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆင့်ဆင့်သည်အဓိကကျပါကြောင်း။

မြို့နယ်အဆင့်၊ ကျေးလက်အဆင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကောင်းမွန်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့နယ်အဆင့် အနုစိတ်စီမံချက်များ ရေးဆွဲကာ သတင်းအချက်အလက်များကို အသိပေးဖြန့်ဝေကြစေလိုကြောင်း။

ပြည်သူများ၏ လိုအပ်ချက်များကို အမြန်နားစွင့်ကာ ဒေသအလိုက်စီမံချက်များလည်း ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေလိုအပ်ချက်များနှင့် ပတ်သက်၍ ဒေသနှင့် ပြည်သူလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် အသေးစိတ်စဉ်းစားတင်ပြကြရန်ဖြစ်ပါကြောင်း၊ ပြည်သူများ လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ဝိုင်းဝန်းဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးဆက်သစ်များကို လက်တွဲခေါ်ယူကာ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ကောင်းမွန်သည့် စိတ်ဓာတ်များကို လက်ဆင့်ကမ်းကြရန်ဖြစ်ပါကြောင်း၊ ရရှိလာမည့် ကျန်းမာရေး အသုံးစရိတ်များကိုလည်း အကျိုးအရှိဆုံးဖြစ်အောင်၊ အလေအလွင့်မရှိအောင် သုံးစွဲကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၏ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့ပြီးလိုအပ်ချက်များကိုညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရေကြီးရေလျှံခဲ့သောဒေသများ၌ စပါးရိတ်သိမ်းချိန်တွင် မြွေအန္တရာယ်ကာကွယ်ရန်အတွက် လည်ရှည်ဖိနပ်များအသုံးပြုမှုများလာ

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေကြီးရေလျှံခဲ့သော ကောလင်း၊ ဝန်းသို၊ ကွန်းလှ၊ ကန့်ဘလူမြို့နယ်များ၌ ရေကြီးရေလျှံမှုကြောင့် မြွေဆိုးများပေါများလာပြီး တောင်သူများအနေဖြင့် စပါးရိတ်သိမ်းချိန်တွင် မြွေအန္တရာယ်ကာကွယ်နိုင်ရန်အတွက် လည်ရှည်ဖိနပ်များ အသုံးပြုမှုများပြားလာသည်။

လည်ရှည်ဖိနပ်တစ်ရန်လျှင် ဈေးနှုန်းမှာ ငွေကျပ် ၂၇၀၀ နှင့် ၃၅၀၀ နှစ်မျိုးရှိသည်။ တောင်သူများအနေဖြင့် မြွေအန္တရာယ်ကာကွယ်နိုင်ရန် လည်ရှည်ဖိနပ်များကို တစ်နှစ်တာအသုံးပြုကြရန် လိုအပ်သည်။ လည်ရှည်ဖိနပ်များသည် အသုံးပြုမှုသက်တမ်း ကြာလာပါက ကွဲပေါက်ဆွေးမြည့်လာခြင်းကြောင့် မြွေအန္တရာယ်ကို ကာကွယ်နိုင်မှုမရှိသောကြောင့် ဖြစ်သည်။

ယခုအခါ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်သူတိုင်း လည်ရှည်ဖိနပ်များကို မဖြစ်မနေ အသုံးပြုလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ကောလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အကယ်၍ မြွေကိုက်ခံရပါက စိုးရိမ်ပြီး ပြေးလွှားခုန်ပေါက်ခြင်းမပြုဘဲ ကိုက်သည့်နေရာတွင်ထိုင်၍ လှုပ်ရှားမှုနည်းနိုင်သမျှနည်းစေပြီး ကိုက်သည့်အစိတ်အပိုင်းပေါ်တွင် ကြိုးကိုတင်းကျပ်စွာ စည်းထားခြင်းမပြုလုပ်ရန်နှင့် စောနိုင်သမျှစောစွာ နီးစပ်ရာဆေးရုံဆေးခန်းများသို့ အမြန်ဆုံးဆေးကုသမှုခံယူရန် လိုအပ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ပြောကြားသည်။ **ကိုကိုမောင်(ကောလင်း)**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေ ပေးအပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် ပြင်သစ်နိုင်ငံ ဘာလင်မြို့ Deutsche Bank က အမေရိကန်ဒေါ်လာ ၄၅၅၀ ဒသမ ၇၆ ဒေါ်လာ၊ အောက်တိုဘာ ၃၀ ရက်တွင် Consulated General of the Republic of The Union of Myanmar in Nannin က အမေရိကန်ဒေါ်လာ ၁၅၄၃၄ ဒသမ ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၉၈၄ ဒသမ ၉၆ ဒေါ်လာကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

ထို့အတူ အောက်တိုဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဖခင်ကြီး ဦးသိန်းမောင်-မိခင်ကြီး ဒေါ်ဒေါ်ပြိုင်တို့အား ရည်စူး၍ သိန်း+ပြိုင်မိသားစုဝင်၊ ဗိုလ်မှူး ဒေါ်ခင်လှသီ(ငြိမ်း)ဦးဆောင်သော သားသမီးမြေးမြစ်တစ်စုက အိမ်တစ်လုံးစာအတွက် အလှူငွေကျပ် ၄၄၄၀၀၀၀၊ ရန်ကုန်တက္ကသိုလ် အင်းလျားဆောင် ကျောင်းသူဟောင်းများက မြန်မာနိုင်ငံအတွင်း ရေဘေးအတွက် အလှူငွေကျပ် ၅၀၀၀၀၀၊ တပ်မတော်(ကြည်း၊ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းဟောင်းများက ကယားပြည်နယ် ဖားဆောင်းမြို့နယ် မြေပြိုဘေးအတွက် အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ဦးမင်းနိုင်-ဒေါ်လှလှမြင့်(My Hotel)က အလှူငွေကျပ် ၁၀၀၀၀၀၀ ကို လက်ခံရရှိသည်။

အောက်တိုဘာ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးမြတ်ဝင်း-ဒေါ်ခင်မာလွင်(မိသားစု) ပုသိမ်ကြီးမြို့က အလှူငွေကျပ် ၁၀၀၀၀၀ ကို လက်ခံရရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၁၀၅၈၁၈၉၆၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၉၀၄၃၃ ဒသမ ၆၉ ဒေါ်လာ၊ ယွမ် ၅၀၀၀၀၊ ဂျပန်ယန်း ၁၈၀၄၀ ဖြစ်သည်။ အဆိုပါ လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ကျေးရွာများအား (3KV) မီးစက်ရှစ်လုံး ထောက်ပံ့ပေးအပ်

**ဟုမ္မလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေဘေးသင့်ကျေးရွာများကို 3KV မီးစက်ရှစ်လုံးအား ကျေးရွာအုပ်စုရှစ်အုပ်စုသို့ ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကော်မတီ(၃)ရပ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးစက်လက်ခံယူမည့် ကျေးရွာများမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြပြီး တာဝန်ရှိသူများက 3KV မီးစက်များကို သက်ဆိုင်ရာ ကျေးရွာအုပ်စုရှစ်အုပ်စုသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

## ငွေဆောင်ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဈေးသည်များနှင့် တွေ့ဆုံဆွေးနွေး

**ငွေဆောင် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ၌ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်း၌ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်က ကမ်းခြေ၌ ဈေးရောင်းချမည့် ဈေးသည်များနှင့် တွေ့ဆုံ၍ ဈေးဆိုင်ခန်းများစနစ်တကျရှိရန် ကမ်းခြေသဲသောင်ပြင်ဧရိယာအတွင်း အမှိုက်များ စွန့်ပစ်ခြင်းမပြုရန်နှင့် သတ်မှတ်ထားသည့်နေရာများ၌ စနစ်တကျစွန့်ပစ်ရန်၊ အများပြည်သူအပန်းဖြေနားနေရာ သဲသောင်ပြင်ဧရိယာအတွင်း မြင်းစီးခြင်း၊ နွားလှည်းမောင်းနှင်ခြင်း၊ စက်တပ်ယဉ်များမောင်းနှင်ခြင်းမပြုရန်၊ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုသာရောင်းချရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် အရင်နှစ်များကထက် ပိုမို၍ စည်းကမ်းတကျလိုက်နာကြရန်နှင့် ကမ်းခြေ၏ သဘာဝပတ်ဝန်းကျင်အလှအပများ ထိန်းသိမ်းရန်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးညိုပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူ

**မိုးညို နိုဝင်ဘာ ၂**

မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ရန်ကုန်မြို့မှ ဒေါ်နွဲ့နွဲ့ဝင်း(TN Sound) မိသားစုမှ အောက်တိုဘာ ၃၁ ရက်က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းသည်။

မြို့နယ် ဆရာဝန်ကြီးထံသို့ အောက်စီဂျင်ထုတ်စက်တစ်လုံး၊ ခွဲစိတ်ခန်းမီးလုံး တစ်လုံး၊ ကလေးချွဲထုတ်စက်တစ်လုံး၊ ချွဲပျော်စက် တစ်လုံး စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၄၄၀၅၀၀ ဖိုးရှိ ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

## မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈) စစ်လက်ရုံးစိစစ်ရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် တပ်မတော် နည်းပညာတက္ကသိုလ်လေ့ကျင့်ရေးဌာန၌ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၈)၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်သည်။

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများ တက်ရောက်ပြီး ဗိုလ်လောင်းများအား စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်လောင်းစားရိပ်သာ၌ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဗိုလ်လောင်းများ နေ့လယ်စာသုံးဆောင်မှုကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး **(ယာပုံ)** စစ်လက်ရုံးရွေးချယ်မှုကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံတွင် ထိရောက်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးဆိုင်ရာ တရားစီရင်ရေးစနစ်ပေါ်ထွက်လာစေရန်နှင့် မြန်မာနိုင်ငံနှင့် EU အကြား ပိုမိုဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အောင်မြင်လာနိုင်စေရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် EU-ASEAN Project on the Protection of Intellectual Property Rights (ECAP III)တို့ ပူးပေါင်း၍ တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ပြင်ပဥပဒေပညာရှင်များအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။ ယင်းဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**



ဒုတိယဝန်ကြီးက ပြောကြားရာတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပြီးနောက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးတည်ထောင်ရန်၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် အခြားဆက်စပ်နေသော အမှုကိစ္စရပ်များကို စီရင်နိုင်မည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ရန်၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မူဝါဒများနှင့် အမျိုးသားအဆင့် မဟာဗျူဟာများကို ချမှတ်ရန်နှင့် လိုအပ်သည့် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရန်တို့ဖြစ်ပါကြောင်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများ၊ ပြင်ပဥပဒေပညာရှင်များနှင့် ယင်းအမှုကိစ္စရပ်များကို ဆုံးဖြတ်ချက်ချမှတ်မည့် တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ သက်ဆိုင်ရာ အသိပညာများ တိုးတက်ပြန့်ပွားစေရန် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ချိုးဖောက်မှုများနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ Munich မြို့မှ ရှေ့နေဖြစ်သူ Prof. Dr. Alexander Von Muehlendahl က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ချိုးဖောက်မှုများနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အဏုမြူစွမ်းအင်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တရားရေးအရာရှိများ၊ ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ရှောင်ရှားရန် ဂျပန်နိုင်ငံရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ပင် နှစ်အတန်ကြာ စီးပွားရေးပိတ်ဆို့မှုများဖြင့် မြန်မာပြည်သည် တစ်ခေတ်ပြန်လည် ဦးမော့ခဲ့လေသည်။

ပြန်လည်ဦးမော့လာခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုများသည် နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သို့ ကြီးမားသော သက်ရောက်မှု ဖြစ်တည်စေခဲ့ပြီး နောင်လာမည့် နှစ်နှစ်အတွင်း မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုမှာ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ပြီး ပိုမိုများပြားလာသော ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာ့အိမ်ခြံမြေဈေးကွက်မှာ စိတ်ဝင်စားဖွယ် အကောင်းဆုံး နယ်ပယ်ဖြစ်နေသည်။ ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံခြား ပိတ်ဆို့အရေးယူမှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ခဲ့ရာ နိုင်ငံတကာကုမ္ပဏီများ ရောက်ရှိခဲ့ပြီး မြန်မာ့မြေဈေးများလည်း မြင့်တက်ခဲ့သည်။ သို့သော်လည်း နိုင်ငံရေရှည်ဖွံ့ဖြိုးမှုအတွက် လိုအပ်နေသေးသည့် အခွင့်အလမ်းများမှာ ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

House.com.mm ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Ramaswami က "ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုအနေနဲ့ အခက်အခဲတွေ ရှိပေမယ့်လည်း ရေရှည်အတွက်ဆိုရင် အလွန်ကောင်းတဲ့ ဈေးကွက်တစ်ခုပါ၊ အထူးသဖြင့် မြန်မာနိုင်ငံလို နိုင်ငံမျိုးတွေရဲ့ မြေတွေဟာ ရင်းနှီးမြှုပ်နှံမှု အထိန်းအကွပ်တွေအတွက် အဓိကသော့ချက်တစ်ခုလည်းဖြစ်ပါတယ်။ ပြီးတော့လည်း မြန်မာနိုင်ငံအနေနဲ့ တန်ဖိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ အများကြီးတည်ရှိရာ နေရာတစ်ခုလည်း ဖြစ်နေပါတယ်"ဟု မြန်မာ့ဈေးကွက်ကို သုံးသပ်ခဲ့သည်။ နိုင်ငံအလိုက် ပျမ်းမျှမြေဈေးနှုန်းမှာ တစ်စတုရန်းမီတာလျှင် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၆၀၅ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၅၈ ဒေါ်လာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၀၉ ဒေါ်လာ၊ အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၅၉ ဒေါ်လာ ရှိကြောင်း သိရသည်။

# ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂**

ကိုရီးယား သမ္မတနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ(25th Asia -Pacific Regional Scout Conference ) တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ညို၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်တို့သည် နိုဝင်ဘာ ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဝင်များနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ (25th Asia -Pacific Regional Scout Conference)တွင်မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအပါအဝင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**



# စတော့အိတ်ချိန်းထူထောင်ပြီးဖြစ်၍ အပြီးရွေးချယ်မည့်ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲနေ့တွင် ကြေညာပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ကိုးခုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်တွင် ရန်ကုန်မြို့ရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ယခုမိမိတို့အနေဖြင့် အရင်းအနှီးဈေးကွက်ကို အဓိကမဏ္ဍိုင်ကြီးသုံးခုဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ပထမမဏ္ဍိုင်မှာ ဥပဒေပိုင်းဖြစ်၍ အခြားနိုင်ငံများ၏ ဥပဒေများကိုကြည့်၍ မိမိနိုင်ငံနှင့်ဆီလျော်သည့် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေမှာလည်း အတည်ပြုပြီး မကြာမီထွက်ရှိလာမည် ဖြစ်ပါကြောင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များကိုလည်း ထုတ်ပြီးဖြစ်ကြောင်း၊ ထို့အပြင် Regulatory Body အနေဖြင့်လည်း ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်ကိုလည်း တည်ထောင်ပြီးဖြစ်ပါကြောင်းနှင့် ဒုတိယမဏ္ဍိုင်မှာ စတော့အိတ်ချိန်းကိုထူထောင်ပြီးဖြစ်၍ ယင်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဒိုင်ဝါနှင့် ဂျပန် စတော့အိတ်ချိန်းတို့ ပူးပေါင်း၍ တည်ထောင်ပြီးဖြစ်သည့်အပြင် စတော့အိတ်ချိန်းပြုလုပ်မည့် အဆောက်အအုံကိုပါ မွမ်းမံပြင်ဆင်၍ ICT ပိုင်းပါ တပ်ဆင်ပြီးဖြစ်ကြောင်း၊ တတိယမဏ္ဍိုင်မှာ စတော့အိတ်ချိန်းတွင်ပါဝင်မည့် Player ပိုင်းဖြစ်၍ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုဆောင်ရွက်မည့် ကုမ္ပဏီ ၁၀ ခုကို ပဏာမရွေးချယ်ထားပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ပြင်ဆင်လျက်ရှိပါကြောင်း၊ ယခု ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများကို ခေါ်ယူတွေ့ဆုံ၍ စာရင်းဝင်ရန် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ အရေးကြီးသော စံသတ်မှတ်ချက်များကို ယင်းကုမ္ပဏီများမှ ကိုက်ညီခြင်း ရှိ/ မရှိ ပဏာမစစ်ဆေးပြီး မိမိတို့ကော်မရှင်အနေဖြင့် ကျန်လိုအပ်ချက်များ ပြည့်မီစေရန်ကို ဝိုင်းဝန်း ကူညီပံ့ပိုးပေးမည် ဖြစ်ပါကြောင်းနှင့် ယခုခေါ်ယူတွေ့ဆုံသည့်ကုမ္ပဏီ ကိုးခုအနက်မှ အပြီးရွေးချယ်ပြီးသည့် စာရင်းဝင်မည့်ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲနေ့ ကြော်ငြာပေးမည်ဖြစ်ပါကြောင်း၊ ၎င်းတို့ ဆက်လက်ဆောင်ရွက်ရမည့် ရှယ်ယာထုတ်ဝေရောင်းချမည့် နေ့ရက်များကိုပါ တစ်ပါတည်း သတ်မှတ်ကြေညာပေးမည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းထားခြင်းမရှိသည့် အများပိုင်ကုမ္ပဏီများအနေဖြင့် ဥပဒေအရ နောက်ပိုင်းတွင် ရှယ်ယာထုတ်ဝေရောင်းချခွင့်မရှိသလို ရှိပြီးသား ရှယ်ယာများကို ရောင်းဝယ်ခွင့်မရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အောက်တိုဘာ ၂၈ ရက် မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



(၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အစည်းအဝေးဖွင့်ပွဲတွင် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများအဆင့် အစည်းအဝေးတွင် နိုင်ငံအလိုက် ဆွေးနွေးကြရာ၌ ဒုတိယ ဝန်ကြီးက အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝိုင်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ အောင်မြင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အာဆီယံမိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မည့်နယ်ပယ်သစ်များ ဆွေးနွေးနိုင်မည့် အခွင့် အလမ်းများရရှိမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကဏ္ဍစုံပါဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်များ ရေးဆွဲဆောင် ရွက်လျက်ရှိပါကြောင်း၊ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက် မှုစီမံကိန်း (၂၀၁၀ -၂၀၃၀)၏ မဟာဗျူဟာ (၇)ရပ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ အဓိက မဟာဗျူဟာ တစ်ရပ်အဖြစ်ပါဝင်ပြီး အမျိုးသားမူဝါဒနှင့် ဖွံ့ဖြိုးရေးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် မျှော်လင့်ပါ ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပ မည့် (၂၁) ကြိမ်မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ညီလာခံ၌ တင်သွင်းမည့် ASEAN Joint Statement on Climate Change (မူကြမ်း) ကို အတည်ပြု ခြင်း၊ မြန်မာနိုင်ငံတွင် တည်ထောင်ပြီးဖြစ်သည့် အာဆီယံ အစိမ်းရောင်စီးပွားရေးဗဟိုဌာနအတွက် တာဝန်ဝတ္တရား များဆိုင်ရာ ဆွေးနွေးခြင်း၊ အာဆီယံ Peatland တောမီး စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ အာဆီယံမဲခေါင်ဒေသတွင်း နယ်စပ်ဖြတ်ကျော် မီးခိုး မြူငွေ့ဆိုင်ရာ ပြဿနာကိစ္စရပ်များ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးကြသည်။

အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက Tieng Anh သဘာဝအမျိုးသားဥယျာဉ်သို့ သွားရောက်လေ့လာ ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငါ့သရောက်မြို့နယ်၌ မြေပဲများသိမ်းချိန် မိုးရွာသွန်းနေ၍ တောင်သူများလုပ်ကိုင်မှုအခက်အခဲကြုံတွေ့

**ငါ့သရောက် နိုဝင်ဘာ ၂**

မန္တလေးတိုင်း ဒေသကြီး ငါ့သရောက်မြို့နယ်၌ ကျေးလက်ဒေသများတွင် တောင်သူများသည် မိုးဦးမိုးဖြင့် ခြောက်လပင်ပြန့်မြေပဲများကို စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် အဆိုပါ ခြောက်လ ပင်ပြန့်မြေပဲများကို မြို့နယ်အတွင်း ကျေးရွာများမှတောင်သူများ သိမ်းနေချိန်ဖြစ်ကြောင်းသိရကာ အောက်တိုဘာ ၃၀ ရက်ကစတင်၍ ယနေ့အချိန်အထိ မိုးများရွာသွန်းနေမှုကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ် တောင်တော ကျေးရွာမှ တောင်သူများထံမှ သိရသည်။



ငါ့သရောက်မြို့နယ်၌ ကျေးလက်နေပြည်သူများသည် မြေယာလုပ်ငန်းဖြင့် ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းကိုအလေးထား စိုက်ပျိုးကြကြောင်း၊ ထို့အပြင် မြေပဲစိုက်ပျိုးရာတွင် သုံးလပင်ထောင်မြေပဲနှင့် ခြောက်လပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးစလုံး စိုက်ပျိုးကြရာ ယခုအချိန်သည် သုံးလပင်ထောင် မြေပဲများနုတ်သိမ်းပြီး ခြောက်လပင်ပြန့်မြေပဲများ သိမ်းချိန်ဖြစ်သဖြင့် မြေပဲများသိမ်းချိန်တွင် မိုးရွာသွန်းမှုများကြောင့် လုပ်ငန်းအဆင်မပြေမှုများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။

ထိုသို့ ခြောက်လပင်ပြန့်မြေပဲခင်းများမှ မြေပဲအထွက်နှုန်းကောင်းမွန်မှုကြောင့် တောင်သူများအဆင်ပြေသော်လည်း မြေပဲသိမ်းချိန်၌ တောင်သူများမြေပဲခင်းများ ခုတ်ပြီး မိုးရွာခဲ့၍ မြေပဲတောင့်များပုတ်မရဖြစ်သည့်အပြင် နွားစာအဖြစ် မြေပဲရွက်မှော်များပါ ဆုံးရှုံးမှုများဖြစ်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီအချိန်က ကျေးလက်တောရွာတွေမှာရှိတဲ့တောင်သူတိုင်း ခြောက်လပင်ပြန့်မြေပဲခင်းတွေ သိမ်းနေတဲ့အချိန်ပါ။ ကျွန်တော်တို့ရွာက တောင်သူတွေလည်း တချို့တစ်ဝက်က မြေပဲခင်းတွေ သိမ်းပြီးနေကြပါပြီ။ မြေပဲအထွက်နှုန်းလည်း ကောင်းကြပါတယ်။ သုံးလပင်ထောင်မြေပဲဆိုရင် မြေပဲဆန်တစ်တင်းကျကို မြေပဲအတောင့် (၃၀၊ ၅၀) အထိထွက်ရှိပါတယ်။ အခု ခြောက်လပင်ပြန့်မြေပဲခင်းတွေကလည်း အထွက်နှုန်းကောင်းပါတယ်။ မြေပဲဈေးနှုန်းလည်းကောင်းတော့ မြေပဲစိုက်ပျိုးထားတဲ့တောင်သူတိုင်း အဆင်ပြေကြပါတယ်။ ဒါပေမယ့် အခုအချိန် ခြောက်လပင်ပြန့် မြေပဲခင်းတွေ သိမ်းချိန်မှာ မိုးရွာသွန်းနေတော့ တောင်သူတွေ စိတ်ညစ်ရပါတယ်။ ရွာက နေ့စားအလုပ်သမားတွေလည်း မိုးရွာနေတော့ အလုပ်မဖြစ်ကြဘူး။ မိုးပွင့်သွားရင်တော့ ကျန်တဲ့တောင်သူတွေလည်း တစ်ပြိုင်တည်း သိမ်းကြမှာပါ။ အခုတော့ လုပ်လက်စမြေပဲခင်းတွေ မိုးနဲ့တိုးတော့ ဘာမှလုပ်လို့မရဘဲ ဒီအတိုင်းကြည့်နေရတာပါ။ မိုးရွာနေတာလည်း ရပ်နားစေချင်ပါပြီ"ဟု တောင်တောကျေးရွာမှ ဒေသခံတောင်သူများ၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(မြန်/ဆက်)**



၂၀၁၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ကကျင်းပခဲ့သော ပုသိမ်မြို့ တန်ဆောင်တိုင်ဆီမီးတစ်သိန်း ရေမျှောပွဲကို စည်ကားစွာတွေ့ရစဉ်။

# တန်ဆောင်တိုင် ဆီမီးတစ်သိန်း ရေမျှောပွဲ ပုသိမ်မြို့၌ ကျင်းပမည်

ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ရှင်ဉပဂုတ္တမထေရ် ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၆ နာရီတွင် ပုသိမ်ဆိပ်ကမ်း ငဝန်မြစ်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရှင်ဉပဂုတ္တမထေရ် တန်ဆောင်တိုင် ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲကို အစိုးရသစ်လက်ထက်တွင် ၂၀၁၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့မှစတင်၍ ဝန်ကြီးချုပ် ဦးသိန်းအောင် အမှူးပြုသော အစိုးရအဖွဲ့က ကြီးမှူးကျင်းပရာ တတိယအကြိမ်မြောက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စုများ၊ ပုဂ္ဂလိကအလှူရှင်များက ပုသိမ်ဆိပ်ကမ်းတစ်လျှောက် စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာလှေလှော်သံယိမ်းများဖြင့် ပါဝင်ဆင်နွှဲကြသကဲ့သို့ ယခုတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သမိုင်းအစဉ်အလာမပျက် ပိုမိုစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသဖြင့် ဒေသခံတို့ ဝမ်းမြောက်ပျော်ရွှင်နေကြကြောင်း သိရသည်။

ပုသိမ်-လှကြည်

# ပြည်သူအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်သည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၃၁ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာ၌ ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး ဒေါက်တာ ခိုင်နွယ်ဟန်က 'ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း'ကို အသိပေးပြောကြားခဲ့သည်။ ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကို လည်းကောင်း လှူဒါန်းသည်။

ဆက်လက်၍ မေတ္တာစမ်းရေ ဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်နှင့်အဖွဲ့က ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန် အကြောင်းကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး အသင်းဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (ကျန်းမာပညာဌာန)မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ လူငယ်များကို ပျိုရွယ်သူ ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများနှင့် လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ကိုယ်ဝန်ဆောင် ၁၇ ဦး၊ သက်ကြီးဘိုးဘွား ၇၈ ဦး၊ မျက်စိ လူနာ ၅၄ ဦး၊ သွားနှင့်ခံတွင်း လူနာ ၁၇ ဦးနှင့် အထွေထွေလူနာ ၁၀၃ ဦးကို ကြည့်ရှုစစ်ဆေး ကုသပေးခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

◆ *ကျောဖုံးမှ*

အိန္ဒိယနိုင်ငံဥပဒေအရ အရေးယူခံခဲ့ရပြီး လွတ်မြောက်လာချိန်တွင် ပြန်လည်ထူထောင်ရေးစခန်း Open Distress Camps တွင် နေထိုင်စေကာ မြန်မာနိုင်ငံသားမှန်ကန်ကြောင်း စိစစ်ပြီးသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းမှုအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဥပဒေအရ ပြစ်ဒဏ်ကျခံပြီး Open Distress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သား ၂၄၃ ဦးကို ပြန်လည်ခေါ်ယူနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့သို့ သွားရောက်ခဲ့သည်။

ယင်းနောက် ပထမအသုတ် ပြန်လည်ခေါ်ယူမည့် မြန်မာရေလုပ်သား ၁၅၈ ဦးကို အိန္ဒိယအစိုးရ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ပို့ဘလဲယားလေဆိပ်၌ လွှဲပြောင်းလက်ခံပြုလုပ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာရေလုပ်သားများသည် ပို့ဘလဲယားလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။



မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက တွေ့ဆုံအားပေးစဉ်။

မြန်မာနိုင်ငံ ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုအားပေးစကားပြောကြားကြပြီး ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် ခရီးစရိတ်များ၊ MPT ဆင်းကတ်နှင့် ငွေကျပ် ၁၀၀၀ ဖြည့်ပြီးကတ်များ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ပြန်လည်ခေါ်ယူမည့် ရေလုပ်သားဦးရေ ၂၄၃ ဦးမှာ ပြစ်ဒဏ်ကျခံပြီးသူများဖြစ်ပြီး မြန်မာနိုင်ငံသားစိစစ်ပြီးသူများဖြစ်ကြောင်း၊ ပထမသုတ်တွင် ၁၅၈ ဦးကို ခေါ်ယူခဲ့ပြီး ကျန်ရေလုပ်သား ၈၅ ဦးကို နိုဝင်ဘာ ၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ဒုတိယအသုတ် ဆက်လက်ခေါ်ယူမည်ဖြစ်ကြောင်း လေယာဉ် နှစ်ခေါက်ငှားရမ်းခငွေ အမေရိကန်ဒေါ်လာ ၇၁၀၀၀ ကို နိုင်ငံတော်က ကျခံပေးခဲ့ကြောင်း၊ မြန်မာရေလုပ်သား ၁၅၈ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ ရခိုင်ပြည်နယ်မှ ၂၀ နှင့် တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)

# နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးနှင့် ဒေါက်တာ ခင်ရွှေတို့ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

ကမ္ဘာ့ငြိမ်းချမ်းရေးဆုချီးမြှင့်ရေးကောင်စီက ရွေးချယ်ချီးမြှင့်သည့် ကမ္ဘာ့ငြိမ်းချမ်းရေးဆု ချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးနှင့် ဒေါက်တာခင်ရွှေတို့ ကမ္ဘာ့ငြိမ်းချမ်းရေးဆုရရှိခဲ့သည်။

အခမ်းအနားတွင် ကမ္ဘာ့ငြိမ်းချမ်းရေးဆုချီးမြှင့်ရေးကောင်စီအား ပူးတွဲတည်ထောင်သူနှင့် အကဲဖြတ်အဖွဲ့ ခေါင်းဆောင်ဒေါက်တာဟန်မင်းဆုက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံမှ ဆရာတော် ဒေါက်တာ မုတ်တက်က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ ဆရာတော် ဒေါက်တာ မုတ်တက်က နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရာဘိဝံသထံ ငြိမ်းချမ်းရေးဆုအား ဆက်ကပ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးဆုချီးမြှင့်ရေးကောင်စီမှ ဒေါက်တာ ဟန်မင်းဆုက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေအား ငြိမ်းချမ်းရေးဆု ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံ သဘင်အစည်းအရုံးနာယက ဦးအောင်တင်ဝင်းက မင်္ဂလာရတုဖတ်ကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဌာနကြီးမှူး ဦးခင်မောင်ရင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါကမ္ဘာ့ငြိမ်းချမ်းရေးဆု ချီးမြှင့်ရေးကောင်စီကို ၁၉၆၁ ခုနှစ်တွင် အမေရိကန်သမ္မတ ကနေဒီက ဦးဆောင်တည်ထောင်ခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးဆုအား နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ် ၇၀၀၀ ၏ ဆန္ဒမဲဖြင့် နှစ်စဉ်ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။



၂၀၁၅ ခုနှစ်အတွက် မြန်မာ၊ တောင်ကိုရီးယားနှင့် ဂျပန်တို့မှ လေးဆုရရှိခဲ့ရာ မြန်မာနိုင်ငံမှ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသသည် ဗုဒ္ဓဘာသာဖြင့် အေးချမ်းသာယာအောင် ဆောင်ရွက်ခြင်းကြောင့် ဆက်ကပ်ခံရခြင်းဖြစ်ပြီး ဒေါက်တာခင်ရွှေသည် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် စွမ်းစွမ်းတမံ လှူဒါန်းဆောင်ရွက်ခြင်းကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရန်နိုင်**

# အပြုံးများဖြင့် ဝန်ဆောင်မှုပေးနိုင်တော့မည်



**ရန်ကုန် နိုဝင်ဘာလ ၂**

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် အများပြည်သူ ဝန်ဆောင်မှုရုံး One Stop shop (OSS) ရုံးဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မော်တင်ရပ်ကွက် ကမ်းနားကွန်ကရစ်လမ်းနှင့် (၁၁)လမ်းထောင့်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က (OSS) လုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဆိပ်ကမ်းမြို့နယ်တွင် နေထိုင်သူ ဦးထွန်းအေးကလည်း ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားရာတွင် နိုင်ငံတကာတွင်လည်း (OSS)ရုံးများနည်းတူ CSO ၊ CS စသည်ဖြင့် ရုံးများဖွင့်လှစ်ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိလျက်ရှိကြောင်း၊ One Stop Service ကဲ့သို့ တစ်နေရာတည်းတွင် လုပ်ငန်းကိစ္စအားလုံးဆောင်ရွက်ပေးခြင်း မဟုတ်ဘဲ လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များပေး၍ ဆက်စပ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါရုံးများကို ရည်ရွယ်ချက် (၄)ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများ၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေး၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ ပပျောက်စေရေးစသော အချက်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ OSS ရုံးခန်းတွင် ယခုအခါဌာန ရှစ်ခုဖြင့် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပြီး ရုံးခန်းတွင် မပါဝင်သော အခြားဌာနများနှင့် ညှိနှိုင်းလိုပါကလည်း သတင်းအချက်အလက်ပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ရုံးခန်းကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး တာဝန်ခံအရာရှိနှင့် complaint centre ကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားသောကြောင့် ပြည်သူ့အတွက် အားကိုးအားထားရမည့် ဝန်ထမ်းတို့၏ အပြုံးများဖြင့် ဝန်ဆောင်မှု ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဗညားမောင်မောင် (ပြန်/ဆက်)**

# ဒုတိယကမ္ဘာစစ်ကာလ လေယာဉ်ကွင်းဟောင်းမြေနေရာများ၌ ကွင်းဆင်းစစ်ဆေး

**ကသာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ ၁၉၄၂ ခုနှစ်(ခန့်မှန်း)က လေယာဉ်ကွင်းဟောင်းမြေနေရာကို နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများသည် အောက်တိုဘာ ၂၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့ရာ မြေပြင်အနေအထား အတိုင်းအတာအရ အလျား ၅၁၃၉ ပေ၊ အနံမြောက် ၂၈၆ ပေနှင့် တောင် ၂၉၂ ပေရှိပြီးလက်ရှိမြေဧရိယာအတွင်း ၁၅ နှစ်ခန့်က ကျွန်းပင် ၁၀၀၀ ကျော်ခန့်နှင့် အင်ပင်အနည်းငယ်ရှိနေပြီး ကားများ အသုံးပြုခဲ့သဖြင့်ချိုင့်ခွက်များ ဖြစ်ပေါ်ကာ လေယာဉ်ပြေးလမ်းပျက်စီးလျက်ရှိသည်။

လေယာဉ်ကွင်းဟောင်း မြေစာရင်းမြေပုံအညွှန်းအရ ကွင်းအမည် တုံးပေါက်ကွင်းဖြစ်ပြီး ဧရိယာစုစုပေါင်း ၃၄ ဒသမ ၁၁ ဧကကျယ်ဝန်းသည်။ လေယာဉ်ကွင်းဟောင်းကို ကသာဒေသအတွက် အကျိုးရှိမည့်လေယာဉ်ကွင်းသစ်အဖြစ် ပြန်လည်ဖောက်လုပ်ပေးပါက ကသာခရိုင်နှင့် ကသာမြို့နယ်များရှိ ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# အောင်ဘာလေထီဆုမဲ အရေအတွက် များလာပြီ

**ရန်ကုန် နိုဝင်ဘာ ၂**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက (၃၂၂)ကြိမ်မြောက် ငွေကျပ်နှစ်ရာတန်သိန်းဆုဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ခွဲဝေပေးသည့် ဆုမဲအရေအတွက်မှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဖြစ်သည်။ အောင်ဘာလေထီကံစမ်းသူ ပိုမိုအားပေးမှုကြောင့် ခွဲဝေပေးသည့် ဆုမဲအရေအတွက်သည်လည်း ပိုမိုလာကြောင်း သိရသည်။

ခွဲဝေပေးသည့် ဆုမဲအရေအတွက်များလာသည်ဟု ဆိုရခြင်းမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်သည့် (၃၀၉)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ကျပ်သိန်း၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ နှစ်ဆု၊ ကျပ်သိန်း ၃၀၀ သုံးဆု၊ ကျပ်သိန်း ၂၀၀ ငါးဆုအပါအဝင် ဆုမဲစုစုပေါင်း ၃၅၆၁၂ ဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်သည့် (၃၂၂)ကြိမ်မြောက်ထီဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆုအပါအဝင် ဆုမဲစုစုပေါင်း ၄၀၂၄၃ ဆုခွဲဝေပေးခြင်းကြောင့် ဖြစ်သည်။

အောင်ဘာလေသိန်းဆုဌာနခွဲက ထီထိုးသူ ပိုမိုအားပေးလာသည်နှင့်အမျှ ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးကြောင်းကို ယခင်နှစ် (၃၀၉)ကြိမ် ထီဖွင့်ပွဲနှင့် ယခုနှစ် (၃၂၂)ကြိမ် ထီဖွင့်ပွဲ (တစ်နှစ်အတွင်း) ဆုမဲအရေအတွက် ၅၀၀၀ ခန့် ပိုမိုခွဲဝေပေးခြင်းက ပြဆိုနေသည်။

ဆုမဲအရေအတွက်အားဖြင့် ယခင်က သိန်း ၁၀၀၀ ဆုတစ်ဆုသာ ခွဲဝေပေးခဲ့ရာမှ ယခု နှစ်ဆု၊ ယခင်က သိန်း ၅၀၀ နှစ်ဆုသာ ခွဲဝေပေးခဲ့ရာမှ ယခု ငါးဆု၊ ယခင်က ကျပ်သိန်း ၃၀၀ သုံးဆုခွဲဝေပေးခဲ့ရာမှ ယခု ၆ ဆု ပိုမိုခွဲဝေပေးခဲ့သည်။

ယင်းသို့ကြောင့် အောင်ဘာလေ ထီကံစမ်းသူများ ယခုအခါ ပိုမိုများလာကြောင်း၊ ပေါက်ရင်ယူ၊ မပေါက်ရင်လှူ ပေါက်ရင်ကိုယ်အကျိုးရှိ၊ မပေါက်ရင် ပေါက်သူနှင့် နိုင်ငံတော်ကအကျိုးရှိမို့ ထီကို စရောင်းသည့်ရက်ကပင် ထီဖွင့်ရက်နီးသည်အထိ ထီကံစမ်းသူ၊ အားပေးသူများလာကြောင်း၊ ထီလောကသား အသိုင်းအဝိုင်းမှ သိရှိရသည်။

အောင်ဘာလေထီပေါက်နိုင်ခြေအခွင့်အလမ်းများခြင်းမှာ ထီကံစမ်းသူဦးရေ များလာခြင်းပေါ် မူတည်သည်။ ထီရောင်းအားများလာသည်နှင့်အမျှ ထီဆုမဲအရေအတွက် ပိုမိုလာမည် ဖြစ်သည်။ ပြည်သူများအနေဖြင့် တရားမဝင် နှစ်လုံးထီ၊သုံးလုံးထီကိုအားပေးခြင်းထက် အောင်ဘာလေထီကို အားပေးကြပါ။ ကံစမ်းသူများ လွယ်လင့်တကူ ကံစမ်းနိုင်အောင် သတ်မှတ်နှုန်းထားများအတိုင်း ဝယ်ယူကံစမ်းနိုင်အောင်လည်း အစဉ်အမြဲနည်းလမ်းရှာကြံ၊ အလေးထားပံ့ပိုးပေးကြပါ။ အောင်ဘာလေထီ "ဝယ်လိုအား" များသည်ထက်များ ပိုမိုသည်ထက်ပိုမိုလာအောင် သက်ဆိုင်ရာများရော၊အောင်ဘာလေထီကံစမ်းသူများပါ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုလိုပါသည်။ **ကိုချစ်**

# ရေပေါ်ဈေးတိုးချဲ့နေရာနှင့် အဆင့်မြင့်သန့်စင်ခန်းဖွင့်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၂)ရပ်ကွက် ကမ်းနားလမ်းရှိ ရေပေါ်ဈေးနေရာတွင်ရေပေါ်ဈေးတိုးချဲ့နေရာနှင့် အဆင့်မြင့်သန့်စင်ခန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဖိတ်ကြားထားသူများက တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်းက ရေပေါ်ဈေးတိုးချဲ့မှုနှင့် အဆင့်မြင့်သန့်စင်ခန်းတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဈေးမှ ဈေးရောင်းသူတစ်ဦးကကျေးဇူးတင်စကားပြောကြားကာ ရေပေါ်ဈေးနှင့် အဆင့်မြင့်သန့်စင်ခန်းဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးဆက်လက် ထစ်ချုန်း ရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့၌ ၂ ဒသမ ၂၄ လက်မ၊ ပလက်ဝမြို့၌ ၁ ဒသမ ၂၂ လက်မ၊ ကလေးဝမြို့၌ ၁ ဒသမ ၁၀ လက်မ၊ မော်လိုက်မြို့၌ ၁ ဒသမ ၀၆ လက်မ၊ သီပေါမြို့၌ ၀ ဒသမ ၉၃ လက်မ၊ ကျောက်မဲမြို့နှင့် စစ်တွေမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ရန်ကုန်မြို့ပတ်ရထားသံလမ်းများအား လဲလှယ်ပြုပြင်

သတင်းနှင့်ဓာတ်ပုံ
တင်လှမောင်

**ရန်ကုန် နိုဝင်ဘာ ၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မှ ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ရထား သံလမ်းများ ကြံ့ခိုင်မှုရှိစေရေးနှင့် ရထားစီးခရီးသည်များ သက်သောင့်သက်သာရှိစေရေးအတွက် လေး ချောင်းဆက်ရထားသံလမ်းများအား ခေတ်မီနည်းပညာဖြစ်သော Thermit Welding ဖြင့်ဆက်၍ လဲလှယ်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။



ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်း ဆောင်ရွက်ချက်အရ ရန်ကုန်မြို့ပတ်လမ်းပိုင်း၏ မိုင်အရှည်ဖြစ်သော ၂၉ ဒသမ ၅ မိုင်အား နိုင်ငံတော်ဘတ်ဂျက်ဖြင့် မြန်မာ့မီးရထားမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရထားလမ်းတစ်လျှောက်ရှိ ယခင်သစ်သားဇလီဖားတုံးများကို ကွန်ကရစ်ဇလီဖားတုံးများဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း လေးချောင်းဆက်သံလမ်းများကို Thermit Welding ဖြင့်ဆက်ပြီး ရထားလမ်းပိုင်းများအတွင်း လဲလှယ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်ဘူတာကြီးမှ ကြည့်မြင်တိုင်ဘူတာအထိအစုန်လမ်းအား လဲလှယ်ဆောင်ရွက်ပြီးစီး၍ လမ်းခင်းကျောက် ဖြည့်တင်းခြင်း၊ ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပြုပြင်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိသည့် ရန်ကုန်ဘူတာကြီးမှ ကမာရွတ်ဘူတာကြားဖြစ်သော အစုန်/အဆန် (၁၁)မိုင်အနက် ယခုအခါ ၆ မိုင်မှာ လေးချောင်းဆက်သံလမ်းများ လဲလှယ်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီးကျန်ရှိသည့် ၅ မိုင်အား ဘတ်ဂျက်နှစ်အတွင်း အမြန်ပြီးစီးရေးကို မြန်မာ့မီးရထားလုပ်ငန်းမှ ဝန်ထမ်းများနှင့် လုပ်သားများက နေ့ရော ညပါ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်းဖြစ်သော ကမာရွတ်-တညင်းကုန်းဘူတာအထိ အစုန်/အဆန် (၁၂) မိုင်ကိုလည်း လမ်းခင်းကျောက်လိုသည့်နေရာများ၌ ကျောက်များ ထပ်မံဖြည့်တင်း၍ ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်းနယ်မြေအလိုက် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ဘတ်ဂျက်ရရှိမှုအပေါ်အခြေပြု၍ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်း၊ ရထားလမ်းခင်းကျောက်များ ဖြည့်ခြင်း၊ ရထားလမ်းကျောက်ရရှိမှုပေါ် မူတည်ပြီး (Automatic Levelling, Lining & Tamping Machine) ALL TM စက်ကြီးများဖြင့် ပက်ကင်ရိုက်ခြင်း လုပ်ငန်းများကို မြန်မာ့မီးရထားလုပ်ငန်းမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်မြို့ပတ်လမ်းပိုင်းအား ဘူတာများလွန်စွာနီးကပ်နေသဖြင့် ရထားပြေးဆွဲချိန်ကို တစ်နာရီ ၂၅ မိုင် နှုန်းသတ်မှတ်ထားကြောင်း၊ ရန်ကုန်မြို့ပတ်လမ်းပိုင်းအား ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်း လုပ်ငန်းကိုလာမည့် ဇန်နဝါရီလကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၁-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂) ပါ ဦးမွဲ(အင်းဝိုင်းကုန်း)၏ ဆောင်းပါးကော်လံ(၅) ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့တွင်ပါရှိသော စာသားများအစား **ဆန္ဒမဲပေးသည့်နေ့တွင် သင်၏ အမည်မှာ မဲစာရင်းတွင် ပါဝင်နေရမည်ဖြစ်ပြီး မဲစာရင်းတွင် ပါဝင်သော အချက်အလက်အချို့ မှားယွင်းနေသော်လည်း မဲပေးခွင့်ရရှိမည်ဖြစ်ပါသည်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ဆောင်းပါးရှင်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## နိုဝင်ဘာ ၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၇၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀၀၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၆၅ မှ ၂၆၇၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၃၅၀၀၀ မှ ၁၆၅၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၅၀ မှ ၂၁၀၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၉၀ |
| ၁၃ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၀၀ မှ ၁၁၅၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၂၀၀ |
| ၁၆ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၇ | ဩဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၈ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## မင်္ဂလာဒုံဈေးရထားဘူတာ၌ အသုံးပြုရန် ဆိုလာပြားနှင့် ဆိုလာမီးသီးများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံဈေးရထားဘူတာ၌ အသုံးပြုရန်အတွက် တန်ဖိုးငွေကျပ် ၁၅ သိန်းခန့်ရှိ အမေရိကန်နိုင်ငံထုတ် ဆိုလာပြား၊ ဆိုလာမီးလုံးငါးလုံးနှင့် ပန်ကာတို့ကို Solar GE Co., Ltd. မှ တာဝန်ခံနှင့် Myanmar Master Trading & Services Co., Ltd. မှ CEO ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းရာ မြန်မာ့မီးရထားတိုင်းအမှတ်(၇)တိုင်းတာဝန်ခံလက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးမိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။



ယင်းနောက် Solar GE Co., Ltd. တာဝန်ခံနှင့် ပညာရှင်များက မင်္ဂလာဒုံဈေးဘူတာယာဒ်ဝင်းအတွင်း ဆက်သွယ်ရေးပစ္စည်းများနှင့် အရေးပေါ်ကာလတွင် အသုံးပြုရန် ဆိုလာပြားနှင့် ဆိုလာမီးလုံးများကို တပ်ဆင်ပေးကြသည်။ ယနေ့နံနက်ပိုင်းတွင်လည်း အဆိုပါကုမ္ပဏီသည် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းတိုက်နယ်ဆေးရုံတွင် အသုံးပြုရန် ငွေကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိ ဆိုလာပြားနှင့် ဆိုလာမီးလုံးများ၊ မြွေဆိပ်ဖြေဆေးထားရှိရန် ရေခဲသေတ္တာတို့ကို သွားရောက်လှူဒါန်းခဲ့ကြသည်။ **(ဝဏ္ဏမြေ)**




နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ပေါ်ရှိ အမှတ်(၅)ရပ်ကွက်အတွင်းရှိ လမ်းသွယ်နေရာများ၌ ရပ်ကွက်နေပြည်သူများ အဆင်ပြေသွားလာနိုင်စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/ တံတား)မှ လမ်းမီးလုံးအသစ် ၁၅၀ ကို အောက်တိုဘာလကုန်ပိုင်းက အသစ်လဲလှယ်တပ်ဆင်ပေးစဉ်။ မောင်မွှေး

# စိတ်ကြွရူးသွပ်ဆေးပြား၊ လက်နက်နှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၃၁ ရက်က လောက်ကိုင်မြို့ ကုန်းဆာကျေးရွာနေ လောက်တား၏နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ လီလောက်ဆော်နှင့် စစ်ကျုံခွမ်းတို့ နှစ်ဦးအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၃ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၂၉ ရက်က ပျော်ဘွယ်မြို့နယ် ခင်ကြီးယကျေးရွာအဝင် လမ်းမပေါ်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ ဌေးလတ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆ ပြား၊ မြန်မာငွေကျပ် ၂၀၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်က မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လီရင်ရှမ်း(ခ)စိုးဖေ(ခ)မောင်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြား၊ ဘိန်းဆီခဲ ၀ ဒသမ ၁၄ ကီလို၊ အိုက်စ် ၀ ဒသမ ၀၁ ကီလို၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာများ ဗီရိုအတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည်ရှစ်တောင့်နှင့် ၉ မမ ပစ္စတိုကျည် ၄ တောင့်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထား ကြောင်း သတင်းရရှိသည်။

ကိုရဲ



# ဓာတ်လိုက်ပြီး သံဃာတစ်ပါးပျံလွန်

**မိတ္ထီလာ နိုဝင်ဘာ ၂**

မိတ္ထီလာမြို့ ပေါက်ချောင်းကွက်သစ် ညောင်လွန့်ဓမ္မရိပ်သာကျောင်းမှ ဦးပဥ္စင်း ဦးဝိဇယ သက်တော် (၄၉နှစ်) ဝါတော်(၂၇ ဝါ) သည် အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ကျောင်းအတွင်းရှိ အုတ်ကန်တွင် ရေချိုးစဉ် ကန်ရေတင်ရန်အတွက် ရေစင်မော်တာကို မီးပလပ်ထိုးရာမှ ဓာတ်လိုက်ပြီး ဒဏ်ရာရရှိသဖြင့် မိတ္ထီလာဆေးရုံမှတစ်ဆင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့စဉ် နိုဝင်ဘာ ၁ ရက်က ပျံလွန်တော်မူခဲ့သည်။

အဆိုပါဖြစ်စဉ်ကို မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

# ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဆင်ခိုးဂိုဏ်းဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံအတွင်းရှိ သစ်တောသယံဇာတ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းလျက်ရှိသကဲ့သို့ တရားမဝင်ထုတ်ယူသယ်ဆောင် ရောင်းဝယ်မှုများကိုလည်း တားဆီးကာကွယ် အရေးယူလျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းများတရားမဝင်ဖမ်းဆီးသတ်ဖြတ်နေကြောင်း သတင်းများရရှိနေသောကြောင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တရားခံများဖမ်းဆီးရမိနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း အနောက်ငရုတ်ကောင်းမြို့နယ် မြေကင်းမွန်းချဉ်၊ ဖွတ်ချောင်းဖျားတွင် ဟိုင်းဆင်ရိုင်း အထီးတစ်ကောင်၊ ကျောက်နီချောင်းဖျား လက်ဘက်ခွဲတွင် ဟိုင်းဆင်ရိုင်း အထီးတစ်ကောင်နှင့် ဖွတ်ချောင်း လက်တက်ခွဲတောင်ကြောပေါ်တွင် တောဆင်ရိုင်းအမတစ်ကောင်တို့ကို သတ်ဖြတ်ခဲ့သည့် ဆင်ခိုးဂိုဏ်းအဖွဲ့မှအဖွဲ့ဝင်များဖြစ်သော အထွန်း(ခ) သက်နိုင်ထွန်း၊ ကိုကျော်ဝင်း၊ မောင်ဆန်းနှင့်မောင်မောင်သန်း ကွင်းယားကျေးရွာ ငါးသိုင်းချောင်းမြို့နေသူတို့ကို ဖမ်းဆီးရမိသည်။ ဖမ်းဆီးရမိပြစ်မှုကျူးလွန်သူများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ၊ ၃၇(က)ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ချမ်းမြသာစည်မြို့နယ်၌ မူးယစ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်နှင့် မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်-၃ နယ်မြေ အောင်ချမ်းသာကျေးရွာ အမှတ်-၆၄ နေ မျိုးအောင်ထွန်း(ခ)ပေါက်စနှင့် ဇနီးဖြစ်သူ မရန်ပေါက်ကျင်း (ခ) မအောင်တို့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၆ ပြား သိမ်းဆည်းရမိသည်။

နိုဝင်ဘာ ၁ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ် (၁)ရပ်ကွက်၊ ၆၂ လမ်းနှင့် ငုပြာလမ်းထောင့်ရှိ JJ Cafe စားသောက်ဆိုင်ရှေ့တွင် ခွန်သက်ထွန်း မောင်းနှင်ပြီး မခိုင်ခိုင်ထွန်းနှင့် မြအေးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

# ကျွန်းတံခါးများ တရားမဝင်သယ်ဆောင်လာသူ ဖမ်းမိ

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ စစ်ဆေးရေးဂိတ်၌ ကျွန်းတံခါးများ တရားမဝင် သယ်ဆောင်လာသည်ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ခန်သာရဲကင်းစခန်းမှူး ရဲအုပ်သန်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော်စစ်ကြောင်း ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက်က ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် ယာဉ်မောင်း မောင်ချမ်းဦး (၂၇ နှစ်)နှင့် ယာဉ်နောက်လိုက် မောင်ဇော်ထွေးတို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ ကျွန်းတံခါးအချပ် ၄၄၄ ချပ်၊ သစ်(၄ ဒသမ ၉၇ )တန်ကို တွေ့ရှိသိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင်သယ်ဆောင်လာသူ မောင်ချမ်းဦး(၂၇ နှစ်) နှင့် မောင်ဇော်ထွေးတို့နှစ်ဦးအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရွှေလင်းပြည့်စုံ

# လမ်းဘေးရေမြောင်းအတွင်း အမျိုးသားတစ်ဦးသေဆုံး

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၆၁)ရပ်ကွက် ဧရာဝဏ်လမ်းသွယ် ၁ လမ်း ကွန်ကရစ်လမ်းဘေး ရေမြောင်းအတွင်း အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက်က (၆၀)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဌေးက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းသို့ သတင်းပေးချက်အရ စခန်းမှူးရဲအုပ် ခင်စိုးနှင့် ရပ်ကွက် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဧရာဝဏ်လမ်းသွယ် ၁ လမ်း ကွန်ကရစ်လမ်း၏ ယာဘက်ကပ်လျက်ရှိသော ရေမြောင်းအတွင်း အသက်(၃၀)ခန့် အမျိုးသားတစ်ဦး ဦးခေါင်းနှင့်ခန္ဓာကိုယ်၌ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

အနီးဝန်းကျင်ကို ဆက်လက်စစ်ဆေးရာ ကွန်ကရစ်လမ်းမပေါ်တွင် ယာဉ်တစ်စီး၏ နောက်ကြည့်မှန်အကွဲစများ ဘရိတ်အုပ်ထားသည့် ပွန်းခြစ်အကြောင်းအရာများကိုပါ စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ သေဆုံးသူသည် နိုဝင်ဘာ ၁ ရက် နံနက် ၃ နာရီခန့်က ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရသိရပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့်ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကျင်မောင်(ဆိပ်ကမ်း)

# အရှိန်လွန်သည့်ဆိုင်ကယ်က နောက်မှဝင်တိုက်၍ ဆိုက်ကားနင်းသူ သေဆုံး

**ရေတာရှည် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက်တွင် အောက်တိုဘာ ၃၁ ရက် ည ၇ နာရီခွဲခန့်က အရှိန်လွန်ပြီး နောက်မှဝင်ရောက်တိုက်မိသည့် ဆိုင်ကယ်ကြောင့် ဆိုက်ကားနင်းသူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့တွင်းမှ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ခင်မောင်ဦး (၅၄နှစ်) မောင်းနှင်သော ဆိုင်ကယ်သည် မိုင်တိုင်အမှတ် (၁၉၁/ ၀ နှင့် ၁၉၂/ ၁ ) ကြားအရောက် ကားလမ်းအရှေ့ဘက်ရှိ ပေါ်ဦးလမ်းသို့ချိုးဝင်စဉ် ရှေ့မှသွားနေသည့် ဆိုက်ကားကို ဝင်ရောက်တိုက်မိခဲ့ပြီး ဆိုက်ကားနင်းသူ ဦးမောင်ဝင်း (၅၃နှစ်) ဒဏ်ရာများရရှိသေဆုံးသွားခဲ့ပြီး ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူကို ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# အရက်မူး၍ သံလမ်းပေါ်အိပ်နေသူ ရထားကြိတ်ခံရ

**မိုးညှင်း နိုဝင်ဘာ ၂**

နိုဝင်ဘာ ၁ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က အမှတ်-၃၉ အဆန် ရွှေဘို-မိုးညှင်း ခေါက်ပြန်ရထားသည် အင်းတော်မြို့နယ် မဲဇာကျေးရွာ ဘူတာရုံရှေ့ ရထားလမ်းမိုင်တိုင် အမှတ်(၅၇၅/၁၅-၁၆)အကြားအရောက် အောင်ဆန်းထွန်း (၂၅)နှစ်မှာ အရက်သေစာသောက်စားမူးယစ်၍ ရထားသံလမ်းပေါ်အိပ်နေစဉ် ရထားကြိတ်ခံခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ မဲဇာရဲကင်းစခန်းမှ တာဝန်ရှိသူများနှင့် မဲဇာကျေးရွာအုပ်ချုပ်ရေးမှူးတို့ သွားရောက်စစ်ဆေးရာ ရထားကြိတ်ခံရသူ အောင်ဆန်းထွန်းမှာ ဒဏ်ရာများရရှိခဲ့၍ အင်းတော်ပြည်သူ့ဆေးရုံသို့ ပို့အပ်ထားရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသမှ ပြောင်းဖူးအိတ်များကို တင်ဆောင်လာသော ကုန်တင်ယာဉ်ကြီး ၈ဆ/---- သည် လားရှိုးနှင့် နမ့်လန် ကိုးမိုင်လမ်းခွဲ နောင်အန်ကျေးရွာအုပ်စု ခိုလှုံကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားသည်ကို နိုဝင်ဘာ ၂ ရက် နံနက်က တွေ့ရစဉ်။

စိုင်း(သီပေါ)

# လှည်းပေါ်မှပြုတ်ကျပြီး ဘီးဖြင့်ကြိတ်မိ သေဆုံး

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းတောကျေးရွာ၌ အောက်တိုဘာ ၃၁ ရက်က လူတစ်ဦး ကျွဲလှည်းပေါ်မှပြုတ်ကျပြီး လှည်းဘီးဖြင့်ကြိတ်မိကာ သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ကျွန်းတောကျေးရွာ၌ အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီခွဲခန့်က ထွန်းကို (၂၃ နှစ်) သည် ကျွဲလှည်းပေါ်တွင် ကောက်ရိုးများ တင်ဆောင်မောင်းနှင်လာစဉ် လှည်းပေါ်တွင် လိုက်ပါလာသော ငမျိုး (၁၃နှစ်) ကျွန်းတောကျေးရွာ ကောလင်းမြို့နယ်နေသူသည် လှည်းပေါ်မှ ပြုတ်ကျပြီး လှည်းဘီးဖြင့်ကြိတ်မိကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရွှေလင်းပြည့်စုံ

## မူးယစ်ဆေးဝါးအန္တရာယ် ဆန့်ကျင်ရေး ပညာပေးဟောပြောပွဲများကျင်းပ

**ကလေးဝ နိုဝင်ဘာ ၂**

ကလေးဝမြို့နယ် အောင်ချမ်းသာနှင့် ဝေပုံကျေးရွာတို့၌ ကလေးမြို့နယ်နှင့် ကလေးဝမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် ဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်း၊ အောင်ချမ်းသာကျေးရွာ ရဲစခန်းမှူး နေမျိုးထက်၊ ကလေးမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း MANA အဖွဲ့ အတွင်းရေးမှူး ဦးရွှေပြည့်နှင့် ကလေးဝ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA အဖွဲ့ဝင် ဦးဝင်းမောင် တို့က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပွားတတ်သော ရာဇဝတ်မှုနှင့် ပြစ်မှုများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူတို့ ရင်ဆိုင်ရသော လူမှုဒုက္ခမျိုးစုံနှင့် MANA ၏ ရည်ရွယ်ချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းခွဲ ဖွဲ့စည်းမှုနှင့် ကျေးရွာမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲကို ကလေးဝ မြို့နယ် အောင်ချမ်းသာကျေးရွာတွင် ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

## ကြည့်မြင်တိုင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများ ပေးအပ်



**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အတွင်း ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက် ရှိရာ မဲဆန္ဒပေးမည့်သူ ၆၉၈၁၅ ဦး ရှိပြီး ထိုအထဲတွင် အမြင်အာရုံ ချို့ယွင်းသူ ၅၄ ဦးတို့က ၎င်းတို့အနေဖြင့် အခြားသူတစ်ဦးတစ်ယောက်၏ အကူအညီမယူဘဲ မျက်မမြင်အဖြစ် စမ်းသပ်မဲပေးသွားနိုင်မည်ဟု သိရသည်။

ထို့အပြင် နိုင်ငံခြားတိုင်းပြည်များသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်ပေါင်း ၃၅၂ ဦးထံသို့လည်း မဲဆန္ဒလက်မှတ်များကို ကြိုတင်ပေးပို့ပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိန်သန်းက ပြောသည်။

မြို့နယ်အတွင်းမြို့နယ်ကော်မရှင် အဖွဲ့ဝင် ၁၅ ဦးတို့က ကြီးကြပ်သွားမည်ဖြစ်ပြီး မဲရုံပေါင်း ၅၄ ရုံ တည်ဆောက်၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူး အပါအဝင် အဖွဲ့ဝင်ပေါင်း ၈၁၀ ဖြင့် ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ထို့အပြင် ရပ်/ကျေးအဖွဲ့ဝင် ၁၄၂ ဦး တို့နှင့်အတူ အထူးရဲအင်အား ၅၄ ဦးတို့က ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက် နံနက်က ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ရဲစခန်းတွင် သိမ်းဆည်းထားသော မဲလက်မှတ်များကို ထုတ်ပေးခဲ့ပြီး နိုဝင်ဘာ ၁ ရက် နံနက်က ပုံစံ ၁၅ ကြိုတင်မဲလျှောက်လွှာ၊ မဲထည့်ရန်ပုံးနှင့် တံဆိပ်တုံးများ အစပြု၍ မဲရုံသုံးပစ္စည်း ၃၅ မျိုးကို ထုတ်ပေးခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်တွင် ပါတီပေါင်း ငါးပါတီ၊ တစ်သီးပုဂ္ဂလိက နှစ်ဦးနှင့် တိုင်းရင်းသားပါတီနှစ်ခု တို့က အရွေးခံကြမည်ဖြစ်သည်။

မဲဆန္ဒရှင်ဖြစ်ကြောင်း သက်သေခံ လက်မှတ်များကိုလည်း နိုဝင်ဘာ ၃ ရက်မှစတင်၍ ရပ်/ကျေး ကော်မရှင် ရုံးခွဲများတွင် ထုတ်ယူနိုင်ပြီး ကျန်းမာရေး မကောင်းသူများ၊ သက်ကြီးရွယ်အိုများ၊ လုပ်ငန်းတာဝန် သွားရောက် ထမ်းဆောင်ကြမည့်သူများ စသည်တို့က ကြိုတင်မဲ လျှောက်ထားနိုင်ကြောင်း သိရသည်။

မဲဆန္ဒပေးလိုသူများအနေဖြင့် အဆိုပါ သက်သေခံလက်မှတ်များကို ကြိုတင်၍ ထုတ်ယူခြင်းဖြင့် မဲပေးမည့် နိုဝင်ဘာ ၈ ရက်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ အချိန်တိုအတွင်း အလွယ်တကူအဆင်ပြေစွာ မဲပေးသွားနိုင်ကြမည်ဖြစ်သည်။

မဲဆန္ဒလက်မှတ်များနှင့် တံဆိပ်တုံးများရရှိသည့်အခါ လေ့လာကြည့်ရှုရာ၌ တံဆိပ်တုံးရိုက်နှိပ်ရမည့် မဲလက်မှတ် နေရာလွတ်အကွက်မှာ တစ်လက်မပတ်လည် လေးထောင့်ဖြစ်ပြီး ရိုက်နှိပ်ရမည့် တံဆိပ်အကျယ် အဝန်းမှာ လက်မဝက်ခန့်သာရှိ၍ ချောင်ချောင်ချိချိ ရိုက်နှိပ်နိုင်မည်ဖြစ်၍ စိုးရိမ်စရာမရှိကြောင်း လေ့လာတွေ့ရှိရသည်။

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ကိုကြီးတင်**

## အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ ကော့သောင်း၌ကျင်းပ



**ကော့သောင်း နိုဝင်ဘာ ၂**

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း မြို့နယ်အတွင်း မဲရုံများ၌ လုံခြုံရေးတာဝန်ယူဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ အထူးရဲတပ်ဖွဲ့ဝင်များ၏ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက်က ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကော့သောင်းခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးတင်ဦးက ထူးချွန်ဆုရ အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးအားဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကော့သောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ မဲရုံများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက် အရည်အချင်း များနှင့် ပြည့်မီသည့် အထူးရဲတပ်ဖွဲ့ဝင် ၈၃ ဦးကို ရွေးချယ်ခန့်ထား၍ သင်တန်းပို့ချပေးခဲ့ပြီး ကော့သောင်းမြို့နယ်အတွင်းရှိ မဲရုံ ၈၃ ရုံ၌ လုံခြုံရေး တာဝန်များ ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## တီးတိန်မြို့၌ ဒုတိယအကြိမ် မဲရုံသင်တန်း ဖွင့်လှစ်

**တီးတိန် နိုဝင်ဘာ ၂**

လာမည့် အထွေထွေရွေးကောက်ပွဲကြီး၌ တရားမျှတစွာ ရွေးချယ်နိုင်ရေးအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်း အမှတ်(၂)ကို ချင်းပြည်နယ် တီးတိန်မြို့၌ အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတွန့်ခိုခိုင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလွင်မောင်မောင်က မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတက်ရောက်လာကြသည့် သင်တန်းသူ သင်တန်းသားများက စုပေါင်းကာ သရုပ်ပြလေ့ကျင့်ကြသည်။ အဆိုပါ မဲရုံမှူး သင်တန်းသို့ မဲရုံ ၁၂၅ ရုံအတွက် သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းပွဲ ဟားခါး၌ကျင်းပ

**ဟားခါး နိုဝင်ဘာ ၂**

အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ ရှင်းလင်းပွဲတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလျန်အုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အရာရှိ ဦးလင်းကျော်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြကာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး မဲရုံသရုပ်ပြမှုများကိုလည်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



## ပျော့ရွာလျှပ်စစ်မြစ်ရေတင်မှ ရေတင်စက်နှစ်လုံးဖြင့် ပုံမှန်ရေပေးနိုင်

**မြင်းမူ နိုဝင်ဘာ ၂**

အောက်တိုဘာလဆန်းပိုင်းတွင် မူးမြစ်ရေတိုးလာခြင်းကြောင့် ပုံမှန်ရေပေးဝေနိုင်မှုမရှိခဲ့သော မြင်းမူမြို့နယ် ပျော့ရွာမြစ်ရေတင်စီမံကိန်းမှ ယခုအခါ ရေတင်စက် နှစ်လုံးဖြင့် ရေများပုံမှန်ပြန်လည်ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပျော့ရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဒေသတွင်းမှ မိုးစပါးဧက ၉၅၀ အတွက် လျှပ်စစ်မြစ်ရေတင်စက်နှစ်လုံးဖြင့် ပုံမှန်ရေပေးဝေလျက်ရှိရာ ပြီးခဲ့သည့် အောက်တိုဘာလဆန်းပိုင်းအတွင်း မူးမြစ်ရေတိုးလာပြီး အမှိုက်သရိုက်များ ပါလာသည့်အတွက် ရေတင်စက်များ နေရာရွှေ့ပြောင်းရခြင်း၊ လျှပ်စစ်မီးများပျက်ခြင်းကြောင့် ၁၀ ရက်ခန့် ပုံမှန်ရေပေးဝေနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ စက်တွေပြန်ပြင်ပြီး မီးကလည်း ပုံမှန်လာနေတဲ့အတွက် ရေတင်စက်နှစ်လုံးကို အပြည့်မောင်းနေပါပြီ။ အရန်စက်တစ်လုံး အသင့်ထားထားပါတယ်။ ၂၄ နာရီ အလှည့်ကျဝန်ထမ်းတွေနဲ့ မြစ်ရေပေးလျက်ရှိပါတယ်။ မြစ်ရေသောက် စပါးစိုက်တဲ့ရွာ ခြောက်ရွာရှိပါတယ်။ အလှည့်ကျရေယူမှု မှန်မှန်ကန်ကန်ဖြစ်စေဖို့ ရေလှည့်ဇယားလည်း ရေးဆွဲထားပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက ပြောသည်။

အပတ်စဉ် သောကြာနေ့တိုင်း မြစ်ရေတင်စခန်းရုံး၌ တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပြီး ရေအရနည်းသောကွင်းများ၊ စိုက်ခင်းများကို ဦးစားပေး၍ ရေရအောင်ဆောင်ရွက် ပေးရန် လုပ်ဆောင်လျက်ရှိကြောင်းလည်း မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**(၀၇၉)**

# ယခုနှစ်ပြင်ဦးလွင်ဆောင်းရာသီ အအေးပိုလာနိုင်

**ပြင်ဦးလွင် နိုဝင်ဘာ ၂**

ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်တွင် အရိပ်ရ ကော်ဖီပင်များ၊ အစုအဖွဲ့နှင့် ပုဂ္ဂလိကပိုင် ထင်းတောများ၊ တစ်အုပ်တစ်မသစ်တောများ ပြန်လည်ရှင်သန် ကြီးထွားလာမှုများကြောင့် ယခုနှစ်ဆောင်းရာသီကာလတွင် ပြင်ဦးလွင်၌ အအေးပိုလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယခင် ရှစ်နှစ်တာကာလအတွင်း ပြင်ဦးလွင်မြို့၏ နွေရာသီပျမ်းမျှ နေ့အပူချိန်သည် ၃၅ ဒီဂရီစင်တီဂရိတ် အမြင့်ဆုံးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံး ပျမ်းမျှနေ့အပူချိန်သည် ၃၃ ဒီဂရီစင်တီဂရိတ်အထိသာရှိခဲ့ကြောင်း၊ ဆောင်းဥတု ညအပူချိန်အနေဖြင့် သုညဒီဂရီစင်တီဂရိတ်သို့ နှစ်နှစ်ဆက်တိုက် ကျဆင်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရှစ်နှစ်တာကာလအတွင်း ပြင်ဦးလွင်မြို့၏ နွေရာသီ ပျမ်းမျှနေ့အပူချိန်သည် ၃၅ ဒီဂရီစင်တီဂရိတ် အမြင့်ဆုံးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးပျမ်းမျှနေ့အပူချိန်သည် ၃၃ ဒီဂရီစင်တီဂရိတ်အထိသာရှိခဲ့ကြောင်း၊ ဆောင်းဥတု ညအပူချိန်အနေဖြင့် သုညဒီဂရီစင်တီဂရိတ်သို့ နှစ်နှစ်ဆက်တိုက် ကျဆင်းခဲ့ကြောင်း . . .**

သဘာဝပတ်ဝန်းကျင်မှ သစ်ပင်များ အလျင်အမြန်ကြီးထွားလာခဲ့ခြင်းကြောင့် နှစ်နှစ်အတွင်း အပူချိန် သိသိသာသာ ကျဆင်းခဲ့သလို တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုမှာလည်း ပိုလာခဲ့ပြီး မိုးမရွာသည့်လ မရှိသလောက် နည်းပါးခဲ့ကြောင်း၊ နွေရာသီဖြစ်သည့် မတ်၊ ဧပြီနှင့် မေလများတွင်ပင် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ရွာသွန်းပြီး ဆောင်းရာသီတွင်လည်း မိုးရွာသွန်းလေ့ရှိနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြင်ဦးလွင်မြို့တွင် ယခုနှစ် ဆောင်းရာသီအဝင်ရက်များဖြစ်သော အောက်တိုဘာ ၂၉ ရက်တွင် မိုးရေချိန် ၀ ဒသမ ၁၆ လက်မ၊ ၃၀ ရက်တွင် ၀ ဒသမ ၂၃ လက်မ၊ ၃၁ ရက်တွင် ၀ ဒသမ ၁၆ လက်မနှင့် နိုဝင်ဘာ ၁ ရက်တွင် ၁ ဒသမ ၀၆ လက်မ မိုးရွာသွန်းခဲ့ရာ ယခုကဲ့သို့ ဆောင်းဦးမိုးရွာသွန်းမှုများကြောင့် ဆောင်းရာသီအတွင်း အအေးပိုလာနိုင်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**



## ကလေးမြို့နယ်အတွင်း လယ်ဧက ၃၀၀၀ ကျော် အခမဲ့ထွန်ယက်ပေးပြီးဖြစ်

**ကလေး နိုဝင်ဘာ ၂**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ်အတွင်းမှ ပျက်စီးခဲ့သော လယ်မြေများအနက် ဧကသုံးထောင်ကျော်ကို စက်မှုလယ်ယာဦးစီးဌာနက အခမဲ့ ထွန်ယက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကလေးဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ရေနစ်မြုပ်ပျက်စီးခဲ့သည့် လယ်မြေများတွင် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လယ်မြေများအတွင်းရှိ သစ်တုံးများဖယ်ရှားခြင်းနှင့် လယ်ယာများ အခမဲ့ထွန်ယက်ပေးခြင်းကို တိုင်းဒေသကြီးအစိုးရ၏ စီစဉ်ကြီးကြပ်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီး ၉၅ စီးအသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်အထိ သစ်တုံးများဖယ်ရှားခြင်းကို လယ်မြေ ၂၁၇ ဧကတွင်လည်းကောင်း၊ မြေညှိခြင်းကို ၈၇ ဧကတွင်လည်းကောင်း၊ ထွန်ယက်ခြင်းကို ၃၂၈၇ ဧကတွင်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော သာစည်ကျေးရွာအုပ်စု ဇင်းကလင်းကျေးရွာမှ တောင်သူများ၏ လယ်မြေများတွင် သစ်တုံးများဖယ်ရှားပေးခြင်းနှင့် အခမဲ့ထွန်ယက်ပေးခြင်းကို အောက်တိုဘာ ၂၉ ရက်က ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တော သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မဲရုံများ၌ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲများ ပြုလုပ်

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ရွေးကောက်ပွဲကာလတွင် မဲရုံများ၌ လုံခြုံရေးတာဝန်များထမ်းဆောင်မည့် အထူးရဲများ၏ သင်တန်းဆင်းပွဲကို မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းမင်းဦးက ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အင်အားလိုအပ်ချက်အရ အထူးရဲများအား ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း ဆောင်ရန်/ ရှောင်ရန်များကို သိရှိပြီး ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၊ ရုန်းရင်းဆန်ခတ်မှု၊ ငြိမ်းချမ်းသာယာရေးကို နှောက်ယှက်မှုနှင့် နယ်မြေလုံခြုံရေး စသည်တို့ကို ကာကွယ်ရမည်ဖြစ်ကာ လက်ရှိရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းတာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ရုံးများနှင့်လည်း ပူးပေါင်း၍ မဲရုံဧရိယာအလိုက် လုံခြုံရေးတာဝန်များ ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက အထူးရဲတပ်ဖွဲ့ဝင်များအား ရဲကျင့်ဝတ်နှင့် ဥပဒေဆိုင်ရာများ၊ မူဝါဒ(၃)ရပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်၊ ရွေးကောက်ပွဲကာလအတွင်း ထမ်းဆောင်ရမည့် လုံခြုံရေးဆိုင်ရာ တာဝန်များအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။



သင်တန်းကို ၁၀ ရက်ကြာ ပို့ချခဲ့ပြီး မူဆယ်မြို့နယ်အတွင်း မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် အထူးရဲ ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

**ကလော**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲများ သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲကို ကလောမြို့နယ်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းတပ်စုအလိုက် ခေါင်းဆောင်များကို သင်တန်းဆင်းလက်မှတ်နှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသများ သတ်မှတ်ချပေးခဲ့သည်။ သင်တန်းကို ၁၀ ရက်ကြာဖွင့်လှစ်ခဲ့ပြီး ကလောမြို့နယ်အတွင်းရှိ မဲရုံ ၁၃၁ ရုံ၌ လုံခြုံရေးတာဝန်ထမ်းဆောင်ရန် ရွေးချယ်ခန့်ထားသည့် အထူးရဲသင်တန်းသား ၁၃၁ ဦး တက်ရောက်ခဲ့ကာ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ သိမှတ်ဖွယ်ရာများ၊ ရဲလက်စွဲ ရဲကျင့်ဝတ်၊ ရဲလုပ်ငန်းပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများ၊ သတင်းမီဒီယာကျင့်ဝတ်၊ စည်းကမ်းထိန်းသိမ်းရေး၊ အထူးရဲများ၏ တာဝန်ဝတ္တရားစသည့်ဘာသာရပ်များနှင့် စစ်ရေးပြများကို ပို့ချပေးခဲ့ကြောင်း သိရသည်။ **ဇော်သိန်းရည်**

**ရေတာရှည်**

အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အထူးရဲသင်တန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဖွင့်လှစ်ပို့ချလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့က ဦးစီးဖွင့်လှစ်ခဲ့သည့် အထူးရဲသင်တန်းဆင်းပွဲကို အမှတ်(၆)သကြားစက်ရုံ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းက သင်တန်းတက်ရောက်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင် ၁၆၅ ဦးသည် မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် လက်ရှိသန္နေတပ်ဖွဲ့ဝင်များနှင့် တွဲဖက်၍ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။ **ကိုလွင်(ဆွာ)**

**ဖျာပုံ**

အထွေထွေရွေးကောက်ပွဲတွင် ဖျာပုံမြို့နယ်အတွင်းရှိ မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲများ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ပြုလုပ်ခဲ့သည်။ သင်တန်းဆင်းပွဲတွင် ဖျာပုံမြို့နယ် ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက အမှာစကားပြောကြားပြီး ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအုန်းဟန်က ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဖျာပုံမြို့နယ်အတွင်းတွင် မဲရုံပေါင်း ၂၄၉ ရုံရှိမည်ဖြစ်ပြီး မဲရုံအရေအတွက်အတိုင်း အထူးရဲ ၂၄၉ ဦးကို ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း၊ ဖျာပုံခရိုင်တစ်ခုလုံးတွင် မဲရုံ ၁၀၅၀ ရှိမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း မဲရုံများ၌ ရွေးကောက်ပွဲကာလတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေးတာဝန်များ ပူးပေါင်းဆောင်ရွက်မည့် အထူးရဲများသင်တန်းဆင်းပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည်။ သင်တန်းဆင်းပွဲတွင် ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က အမှာစကားပြောကြားခဲ့သည်။ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ဥပဒေနှင့်အညီ ခန့်အပ်ထားသော အထူးရဲ ၁၂၉ ဦးအား အခြေခံစစ်ရေးပြနှင့် အထူးရဲလုံခြုံရေးတာဝန် ထမ်းဆောင်ရာတွင် သိသင့်သိထိုက်သောဥပဒေများကို သင်ကြားပို့ချခဲ့ကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင်များသည် ဝက်လက်မြို့နယ်အတွင်းရှိ မဲရုံ ၁၂၉ ရုံ၌ မဲရုံတစ်ရုံလျှင် တစ်ဦးနှုန်းဖြင့် တာဝန်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများနှင့် မသန်စွမ်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်

**ကျောက်ဖြူ နိုဝင်ဘာ ၂**

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတာဝန်များတွင် တပ်မတော်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အချင်းချင်း မိသားစုများကို ကူညီဆောင်ရွက်နိုင်ရန် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပါဝင်ကူညီဆောင်ရွက်သွားရန်ဟူသော ရည်ရွယ် ချက်များနှင့်အညီ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အဖွဲ့ဝင်များ၏ သား သမီး၊ ကျောင်းသားကျောင်းသူများနှင့် အသက် ၇၅ နှစ် အထက် မသန်စွမ်း အဖွဲ့ဝင်များအား ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ စတုတ္ထပတ်က အမှတ် (၃၄) ခြေလျင်တပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်တန်းကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အသက် ၇၅ နှစ် အထက်မသန်စွမ်းအဖွဲ့ဝင်များအား (ဗလာစာအုပ်၊ ဘောပင်အပါ အဝင်) ထောက်ပံ့ငွေကျပ် ၃၄၄၀၀၀၀ ကို တာဝန်ရှိသူများက ချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သတင်းတို**

## ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းအောင်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာ၌ လျှပ်စစ်မီးလင်းရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ကျပ်သိန်း ၂၅၀ နှင့် ဒေသခံပြည်သူများနှင့် TZTM ကုမ္ပဏီတို့မှ အလှူငွေကျပ်သိန်း ၂၅၀ ဖြင့် ဆောင်ရွက်ခဲ့သည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် လျှပ်စစ်ဓာတ်အားလိုင်း တစ်မိုင်တပ်ဆင်မှုများ ပြီးစီးခဲ့သဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးအောင်ပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**(ခရိုင်ပြန်/ဆက်)**

# မိတ္ထီလာကန်ကူးတံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်



**မိတ္ထီလာ နိုဝင်ဘာ ၂**

မိတ္ထီလာကန်ကူးတံတားဟောင်းအား ဖယ်ရှား၍ အသစ်ပြန်လည် တည်ဆောက်မည့် ကန်ကူးတံတား ဒုတိယနှစ်လမ်းသွား ပေ ၆၀၀ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေ ကျပ်သန်းနှစ်ထောင်ဖြင့် နိုဝင်ဘာ ၉ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး တံတားအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က "မိတ္ထီလာကန်ကူးတံတားဟောင်းကိုလည်း ဇူလိုင်လတုန်းက တည်ဆောက်ပြီးသွားတဲ့ ကန်ကူးတံတားအသစ်နည်းတူ တည်ဆောက်သွားမှာဖြစ်ပါတယ်။ တံတားအရှည် ပေ ၆၀၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီ ဖြစ်ပါတယ်။ အခု တည်ဆောက်မယ့် ကန်ကူးတံတား ဒုတိယနှစ်လမ်းသွား ပေ ၆၀၀ ကို တံတားအသစ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တည်ဆောက်မှာဖြစ်ပါတယ်။ အခုနိုဝင်ဘာ ၉ ရက်မှာ လက်ရှိကန်ကူးတံတားဟောင်းဘက်ကို ပိတ်ထားပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ထပ်မံတည်ဆောက်မည့် မိတ္ထီလာကန်ကူး တံတားဟောင်းနေရာ ဒုတိယကန်ကူးတံတား ပေ ၆၀၀ မှာ တည်ဆောက်ပြီးစီးခဲ့သည့် တံတားသစ်ကဲ့သို့ အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PCGirder ဖြစ်ကာ ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကန်ကူးတံတား တည်ဆောက်နေတဲ့ကာလအတွင်းမှာ တံတားအသစ်ပေါ်ကပဲ ဖြတ်သန်းသွားလာကြရမှာဖြစ်ပါတယ်။ တံတားနှစ်စင်းအရှေ့ဘက်ထိပ်လမ်းဆုံမှာချထားတဲ့ ကွန်ကရစ်တုံးတွေကိုလည်း ပြန်လည်ဖယ်ရှားပေးမှာဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးသွားရင်တော့ ၄၈ ပေ အကျယ်၊ အရှည် ပေ ၈၀၀ လေးလမ်းသွား ကန်ကူးတံတား အသစ် ဖြစ်လာပါမှာပါ။ အနောက်ဘက်ချဉ်းကပ်လမ်းကိုတော့ လမ်းအဖွဲ့က တာဝန်ယူတည်ဆောက်သွားမှာပါ။ တံတားပြီးမှ လမ်းကိုဆောက်လုပ်မှာဆိုတော့ တည်ဆောက်ရေးလုပ်ငန်းတွေအားလုံး မတ်လအတွင်းမှာ ပြီးစီးမှာဖြစ်ပါတယ်။ ဒုတိယကန်ကူးတံတား ပေ ၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သန်းနှစ်ထောင်နဲ့ ဆောက်လုပ်သွားမှာပါ"ဟု အင်ဂျင်နီယာမှူးကြီးက ဆက်လက်ပြောသည်။

မိတ္ထီလာကန်ကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပါက တံတားအသစ်အနီးတွင် မရှိသင့်သည့် သစ်ငုတ်သစ်မြစ်များ ဖယ်ရှားရှင်းလင်းခြင်း၊ ပိုလျှံသောမြေကြီးမြေပုံများ ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ယောချောင်းလူကူးကြိုးတံတားပြီးစီး၍ စတင်ဖြတ်သန်းသွားလာနိုင်

**ကျောက်ထု နိုဝင်ဘာ ၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် သရက်ချဉ်ကျေးရွာနှင့် ငလွန်း၊ ကျောက်မကျေးရွာများကို ဆက်သွယ်သည့် ယောချောင်းဖြတ် လူကူးကြိုးတံတားကို ဩဂုတ်လတွင် စတင်ဆောက်လုပ်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် အပြီးသတ် ဆောက်လုပ်ပြီးစီးသဖြင့် အဆိုပါတံတားကို အသုံးပြုဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အလျား ၂၄၈ ပေ၊ အနံ ၅ ပေ၊ အမြင့် ၂၀ ပေရှိကာ လွှတ်တော်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သိန်းလေးဆယ်မတည်၍ စေတနာရှင်များ ထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားကို ငလွန်းကျေးရွာဆရာတော်၊ ကျောက်မကျေးရွာဆရာတော်နှင့် ကြိုးတံတားဆောက်လုပ်ရေးကော်မတီတို့က ဦးဆောင်ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

မိုးရာသီ ယောချောင်းရေကြီးသည့်အခါ သရက်ချဉ်ကျေးရွာမှ ကျောက်မရွာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ကျောင်းတက်သော ကလေးငယ်များအနေဖြင့် ခက်ခဲစွာသွားခဲ့ကြရကြောင်း၊ ယခုလူကူးကြိုးတံတားသစ် ဆောက်လုပ်ပြီးစီးသဖြင့် ရာသီမရွေး ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်း

**ကလေး နိုဝင်ဘာ ၂**

ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီး၏ ကလေးပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း မိုင်တိုင်အမှတ် (၀/၀) မှ (၈/၇)အထိ ကလေးမြို့တွင်းပိုင်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၄၉ ဒသမ ၄၉ သန်းဖြင့် ခရိုင်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်တိုင်အမှတ် (၇/၀)မှ (၈/၇)အတွင်း လေးဖာလုံတွင် အကျယ် ၂၄ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယာဉ်ကြီးယာဉ်ငယ်များ သွားလာရေးတွင် များစွာအဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထူးပြုပြင်ရန်ပုံငွေဖြင့် မိုင်တိုင်အမှတ်(၂/၀)မှ (၃/၀) အတွင်း၌လည်း ကတ္တရာလမ်းတစ်ဝက်ချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် မိုင်တိုင်အမှတ်(၁/၀) မှ (၂/၀ ) အတွင်း လမ်းအရှည်ပေ ၂၈၀၀ ၊ အကျယ် ၂၄ ပေကိုလည်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ခရိုင်လမ်းဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**




# ကော့သောင်းမြို့နယ်၌ (၁၅)ကျောင်းမြောက် ဓမ္မစကူးသင်တန်းဖွင့်လှစ်

**ကော့သောင်း နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ မြို့နယ်လုံးဆိုင်ရာ (၁၅)ကျောင်းမြောက် ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းကျောင်းဖွင့်ပွဲကို ပိတောက်ရွှေဝါရပ်ကွက် နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။




ဖွင့်ပွဲသို့ ကော့သောင်းမြို့မှ ဆရာတော် သံဃာတော်များ၊ ထိုင်းနိုင်ငံ ရနောင်းမြို့မှ ဆရာတော် သံဃာတော်ကြီးများနှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဆရာတော်များက ဩဝါဒကထာ ချီးမြှင့်ကာ နိဗ္ဗာန်အေးကျောင်းတိုက် ဆရာတော်နှင့် ရနောင်းမြို့မှ ဆရာတော်များက ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဓမ္မစကူးဖောင်ဒေးရှင်း သင်တန်းသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူကလေးငယ်များအား အခန်းပေါင်း ၄၀ ကျော် ပါဝင်သည့် သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးထားသည့် သင်တန်းဆရာများက တာဝန်ယူ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ၌ တိုးချဲ့ဆောင်သစ်ဖွင့်လှစ်

**ဖျာပုံ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာအတွင်း အဘိုးများနေထိုင်ရန်အတွက် ထပ်မံတိုးချဲ့ဆောက်လုပ်လှူဒါန်းသည့် ဗလဆောင်သစ်ကို အောက်တိုဘာ ၃၁ က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဗလဆောင်သစ်ကို အလှူရှင်များဖြစ်ကြသည့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်မိသားစု၊ ဦးအောင်ဇော်မြင့် (ရွှေဝါဝင်းကုမ္ပဏီ)နှင့် ဇနီး၊ ဗိုလ်မှူးကြီး ကျော်ဝင်းမိသားစုနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗဟိန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာကို ကနိပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ခိုကိုးရာမဲ့ အဘိုးအဘွား ၂၅ ဦးကို စောင့်ရှောက်ထားကြောင်း သိရသည်။ ယခုဆောက်လုပ်သည့် တိုးချဲ့ဆောင်သစ်ကို အဘိုးများနေထိုင်ရန်အတွက် အလှူရှင်များက ငွေကျပ်သိန်း ၅၂၈ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာသို့ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဥက္ကဋ္ဌ ဦးဗဟိန်း ဖုန်း-၀၉-၄၉၇၄၅၅၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (၅၂)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ (၅၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဒုတိယကျောင်းအုပ် ဒေါ်ကြည်ကြည်ဦးက နှစ်ပတ်လည်နေ့အခမ်းအနားနှင့်ပတ်သက်၍ ကျောင်းစတင်ဖွင့်လှစ်သည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးအနက် ထူးချွန်စွာ အောင်မြင်သည့် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ညွှန်ကြားရေးမှူးက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ကျောင်းနေမူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ စာမေးပွဲဖြေဆိုအောင်မြင်သည့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ မျက်မမြင် ကျောင်းသား ကျောင်းသူများအား ဒုတိယကျောင်းအုပ်နှင့် မြို့နယ်ပညာရေးမှူးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်လဝကမှ လက်ထောက်ဦးစီးမှူး ဦးဇော်မျိုးဝင်းက အသက် ၁၈ နှစ်ပြည့် မျက်မမြင် ကျောင်းသား ကျောင်းသူ ၁၃ ဦး အတွက် ရွေးကောက်ပွဲအမီ မဲဆန္ဒပေးနိုင်ရန် နိုင်ငံသားကတ်များကို စိစစ်ထုတ်ပေးခဲ့သည်။ မျက်မမြင်ကျောင်း၏ အကျိုးပြုဆောင်ရွက်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပေးအပ်ကာ ဝိဇ္ဇာဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည့် မျက်မမြင်ကျောင်းသားဟောင်း မောင်သဲမောင်က ဂုဏ်ပြုစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက မြတ်ဆရာ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ကျောက်လှေကားမှ ဆင်ကြို့ကျေးရွာသွားရာလမ်းအား ကတ္တရာလမ်းခင်းလျက်ရှိ

**ရေစကြို နိုဝင်ဘာ ၂**

ရေစကြို -ပခုက္ကူ ကားလမ်းမပေါ်ရှိ ကျောက်လှေကားကျေးရွာမှ ဆင်ကြို့ရွှေဂူဘုရားသို့ သွားသည့် ကျောက်ကြမ်းလမ်းကို ရေစကြိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Joyful ကုမ္ပဏီမှ တာဝန်ယူ၍ ကတ္တရာလမ်းခင်းလျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



"ကတ္တရာလမ်းကပြီးတော့မှာပါ။ ရွာအဝင် ကုန်းတက်နားပဲ ခင်းဖို့လိုတော့တယ်။ ၂ ဖာလုံလောက်ပဲ ကျန်တော့တယ်။ အရင်က ကျောက်ကြမ်းလမ်းခင်းထားတာဆိုတော့ သွားလို့လာလို့ အဆင်မပြေဘူး။ ကြူရွာကျေးရွာအုပ်စု၊ ဆင်ကြို့ကျေးရွာနဲ့ ရွာနားနီးချင်းကျေးရွာတွေဖြစ်တဲ့ နှောင်းဘ၊ ဇယမ၊ ကွေ့ဒေါင့်၊ ငါးမြာကြီးနဲ့ ဆင်မရဲကျေးရွာအုပ်စုတွေက ပြည်သူတွေဟာ ရေစကြို၊ ပခုက္ကူတို့ကိုသွားရင် အခုကတ္တရာခင်းနေတဲ့ ဆင်ကြို့ ကျောက်လှေကားလမ်းကို အသုံးပြုပြီးတော့ သွားကြရတာပါ။ ကျေးရွာတွေကထွက်တဲ့ လယ်ယာသီးနှံတွေကိုလည်း အဲဒီလမ်းကိုပဲသုံးပြီး ရောင်းချကြရတာပါ။ အခုလို လမ်းကောင်းလာပြီဆိုတော့ ကျွန်တော်တို့ကျေးရွာတွေက ပြည်သူတွေအတွက် သွားရေးလာရေး ပိုအဆင်ပြေသလို ဆင်ကြို့ရွှေဂူဘုရားဖူးလာကြတဲ့ ပြည်သူတွေအတွက်လည်းသွားလာရေး အဆင်ပြေချောမွေ့တော့မှာဖြစ်ပါတယ်" ဟု ကြူရွာကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါလမ်းသည် အရှည် ၃ မိုင် ၄ ဖာလုံခန့်ရှိပြီး မြေသားလမ်းပခုံးအကျယ် တစ်ဖက် သုံးပေစီရှိကာ ကတ္တရာလမ်းအကျယ် ၁၂ပေရှိကြောင်း၊ ကတ္တရာလမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅၀ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**အိမ့်မွန်ဆွေ(ရေစကြို)**

# သုံးထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ တည်ဆောက်ပြီးစီးခဲ့သော ကွန်းခိုရာ သုံးထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ အောက်တိုဘာ ၃၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သုံးထပ်ကျောင်းဆောင်သစ်သည် အာရ်စီအမျိုးအစား အဆောက်အအုံဖြစ်ပြီး အလျား ၁၆၆ ပေ၊ အနံပေ ၃၀ ၊ အမြင့် ၃၆ ပေရှိကာ တန်ဖိုးမှာ ကျပ်သိန်း ၃၀၀၀ ခန့်ဖြစ်ပြီး ရန်ကုန်မြို့နေ အလှူရှင် ကွန်းခိုရာဖောင်ဒေးရှင်း (Haven Foundation) မှ ဒေါက်တာနိုင်ထွဋ်အောင်နှင့် ဇနီးဒေါက်တာဝေဝေရင်တို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားကာ ပညာရေးညွှန်ကြားရေးမှူးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင် ဒေါက်တာနိုင်ထွဋ်အောင်က ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် အလှူရှင်များက အလှူငွေများနှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ဆက်လက်ပေးအပ်လှူဒါန်းခဲ့သည်။

**ဉာဏ်တိုး (ပြန် /ဆက်)**

## သတင်းတိုများ

### ကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်မှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဘုရားသုံးဆူကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၅၁ သိန်းဖြင့် Silver Mark ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် အလျား ၁၅ပေ၊ အနံ ၁၀၊ အမြင့် ၆ပေရှိ ရေစုကန်တည်ဆောက်ပြီးစီးမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်၊ မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူးဦးခင်မောင်သိန်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဒေသခံပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

### ကြိုတင်မဲပုံးများ ချိတ်ပိတ်မှု ပွင့်လင်းမြင်သာစွာဆောင်ရွက်

အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့်သူများ၏ ဆန္ဒမဲလက်မှတ်များအတွက် ကြိုတင်ဆန္ဒမဲပုံးများ ချိတ်ပိတ်မှုကိုအောက်တိုဘာ ၂၄ ရက်က ကန့်ဘလူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ နိုင်ငံရေးပါတီငါးခုမှ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့များအားဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ခဲ့ကြောင်းသိရသည်။ "မဲပုံးကိုပိတ်တဲ့ လုံခြုံရေးကြိုးတွေမှာ နံပါတ်တွေပါတယ်။ အဲဒီ UEC code နံပါတ်က တစ်နိုင်ငံလုံးမှာ တစ်ခုတည်းရှိပါတယ်။ ဒီကြိုးကိုဖြတ်မှပဲ မဲပုံးကိုဖွင့်လို့ရမှာပါ။ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေကို နံပါတ်စဉ်မှတ်ခိုင်းပြီး မဲပုံးဖွင့်မယ့် နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီမှာ ပြန်လည်တိုက်ဆိုင်စစ်ဆေးနိုင်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်သောင်က ရှင်းလင်းပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကြက်တောင်ရိုက်နှင့် ကာယဗလမောင်ပြိုင်ပွဲ များ ဆုချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်အလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ကာယဗလမောင်ပြိုင်ပွဲ ဆုပေးပွဲကို အောက်တိုဘာ ၃၁ ရက်က ကသာမြို့ မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပခဲ့ရာ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အား/ကာမှ ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကို ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အားကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**လူအောင်(ကသာ)**

### ကျေးရွာမီးလင်းရေးလုပ်ငန်းများပြီးစီး

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် တရော်ပင်ကျေးရွာ၌ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ထရန်စဖော်မာတစ်လုံး၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျပ်သိန်း ၃၂၀ နှင့် ဒေသခံပြည်သူများက ကျပ်သိန်း ၂၂၀ ထည့်ဝင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ၂၄ နာရီ ဓာတ်အားရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**

# မိုးစပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းသရုပ်ပြပွဲပြုလုပ်

**လပွတ္တာ နိုဝင်ဘာ ၂**

လပွတ္တာမြို့နယ်အတွင်းမှ မိုးစပါးစိုက်တောင်သူများ မျိုးသန့်စပါးစိုက်ပျိုးမှုတိုးတက်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် မိုးစပါးမျိုးသန့်စိုက်ခင်း မျိုးကွဲနှုတ်ပယ်ခြင်း သရုပ်ပြပွဲကို ရေစကြိုမြို့နယ် စိုက်ပျိုးပညာပေးစခန်းရုံး၌ အောက်တိုဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် လပွတ္တာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်လှိုင်က မျိုးကွဲနှုတ်ပယ်ခြင်းနှင့် အကျိုးကျေးဇူးများအကြောင်း၊ မြို့နယ်ဦးစီးမှူး ဦးထင်ကျော်ဦးက လပွတ္တာမြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်စပါး ထုတ်လုပ်ရန် စိုက်ပျိုးထားရှိမှုအခြေအနေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောက်မှော်ကျေးရွာအုပ်စု မိုးစပါးစိုက်ခင်း၌ ပေါင်းနှင့် မျိုးကွဲနှုတ်ပယ်ပုံကို ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြခဲ့သည်။ မျိုးကွဲနှုတ်ပယ်ခြင်း သရုပ်ပြပွဲသို့ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ရှစ်ခုမှ တောင်သူလယ်သမားများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

စပါးမျိုးကွဲများအား နှုတ်ပယ်ခြင်းဖြင့် မျိုးစေ့အရည်အသွေး၊ ဗီဇမှန်ကန်မှုရှိလာစေခြင်း၊ မျိုးသန့်စင်မှု ရာခိုင်နှုန်းမြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်သုံးစွဲကြခြင်းဖြင့် တောင်သူများ၏ တစ်ဧကအထွက်နှုန်းမှာလည်း ၁၀ ရာခိုင်နှုန်းခန့် တိုးတက်ထွက်ရှိလာနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ချယ်လ်ဆီးရဲ့ ခြေစွမ်းကို အကဲဖြတ်ရဦးမယ့် ချန်ပီယံလိဂ်ပွဲစဉ်(၄)



ချန်ပီယံလိဂ်ပွဲစဉ်(၄) လက်ကျန်ပွဲစဉ်တွေကို နိုဝင်ဘာ ၄ ရက်နဲ့ ၅ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်လို့ ချယ်လ်ဆီး၊ ဘာစီလိုနာတို့ရဲ့ အားထုတ်မှုတွေကို မြင်တွေ့ရပါဦးမယ်။ ဒါ့အပြင် ဘိုင်ယန်မြူးနစ်နဲ့ အာဆင်နယ်၊ ရိုးမားနဲ့ လေဗာကူဆင်ပွဲတွေက အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ အင်အားဖြည့်ယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် ပွဲကောင်းတောင်းတနေတဲ့ ပရိသတ်တွေအတွက်တော့ အကြိုက်တွေ့စေဦးမယ့်ပွဲတွေဖြစ်နေပါတယ်။

**ချယ်လ်ဆီးနှင့် ဒိုင်နမိုကိဗ်**

အုပ်စု(G)မှာတော့ ချယ်လ်ဆီးတို့ သုံးပွဲကစား လေးမှတ်ရနေပြီး တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒိုင်နမိုကိဗ်တို့ကတော့ သုံးပွဲကစား ငါးမှတ်နဲ့ ဒုတိယနေရာမှာ ရှိနေတာမို့ ဒီပွဲဟာ ခက်ခဲကြမ်းတမ်းမယ့်ပွဲပါပဲ။ ပထမအကျော့ ဒိုင်နမိုကိဗ်ကွင်းမှာ ဂိုးမရှိ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ မော်ရင်ညိုရဲ့ ချယ်လ်ဆီးဟာ မဖြစ်မနေနိုင်ပွဲရအောင် အားထုတ်တော့မှာဖြစ်ပါတယ်။ အိမ်ရှင် ချယ်လ်ဆီးအတွက် ဒီပွဲကို အနိုင်လို့ သတ်မှတ်ပြီး အားပေးရမယ့်ပွဲပါ။

**ဘိုင်ယန်မြူးနစ်နှင့် အာဆင်နယ်**

အုပ်စု(F)မှာ ဘိုင်ယန်မြူးနစ်က သုံးပွဲကစား ခြောက်မှတ်ရရှိထားပါတယ်။ အာဆင်နယ်တို့က သုံးပွဲကစား သုံးမှတ်သာရရှိထားလို့ တတိယနေရာမှာ ရှိနေပါတယ်။ ပထမအကျော့ အာဆင်နယ်ကွင်းမှာ အိမ်ရှင်တို့ နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာ ဘိုင်ယန်မြူးနစ်တို့ ပေါက်ကွဲပြတော့မှာဖြစ်ပြီး အောင်ပွဲခံစိတ်ဓာတ်နဲ့ ဧည့်ခံပါလိမ့်မယ်။ ဒီပွဲအတွက် ရလဒ်ကောင်းက အိမ်ရှင်အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။

**ရိုးမားနှင့် လေဗာကူဆင်**

အုပ်စု(E)မှာ ရိုးမားတို့ နိုင်ပွဲမရသေးဘဲ သရေနှစ်ပွဲဖြစ်ပြီး နှစ်မှတ်ရရှိထားပါတယ်။ လေဗာကူဆင်တို့ကတော့ သုံးပွဲကစား လေးမှတ်ရနေပြီး ဒုတိယနေရာမှာ ရှိနေပါတယ်။ ပထမအကျော့ ရိုးမားကွင်းမှာ လေးဂိုးစီသွင်းပြီး အမှတ်ခွဲယူထားကြတာမို့ ဒီပွဲမှာတော့ အိမ်ရှင်တို့ ခြေစွမ်းပြတော့မှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ပြိုင်ဘက်တိုင်းကို ပညာပေးတတ်တဲ့ ရိုးမားရဲ့ စိတ်ဓာတ်နဲ့ ကစားအား မာကျောမှုကို နှစ်သက်မိတာအမှန်ပါပဲ။

**လိုင်ယွန်နှင့် ဇင်းနစ်**

အုပ်စု(H)မှာ လိုင်ယွန်တို့ သုံးပွဲကစားပြီး တစ်မှတ်သာရရှိထားတာမို့ အခြေအနေမကောင်းပါဘူး။ ဇင်းနစ်တို့ကတော့ သုံးပွဲကစား ကိုးမှတ်နဲ့ မျှော်လင့်ချက်တွေ တောက်ပနေပါတယ်။ ပထမအကျော့မှာ ဇင်းနစ်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း လိုင်ယွန်တို့ လက်ရှိခြေစွမ်းနဲ့ ဇင်းနစ်ကို ကျော်လွှားဖို့ မလွယ်နိုင်ပါဘူး။

**ဘာစီလိုနာနှင့် ဘိုရီဆော့ဗ်**

အုပ်စု(E)မှာ ဘာစီလိုနာတို့ ခုနစ်မှတ်ရပြီး ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဘိုရီဆော့ဗ်တို့ကတော့ သုံးပွဲကစား သုံးမှတ်ရနေပြီး တတိယနေရာမှာ ရပ်တည်နေတာမို့ အခုပွဲ အဝေးကွင်းမှာ အခြေအနေဆိုးနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ဘာစီလိုနာတို့ကတော့ အိမ်ကွင်းလည်းဖြစ်တာမို့ နိုင်ပွဲဆက်ဦးမှာဖြစ်ပါတယ်။

**မက္ကာဘီတဲလ်အဗစ်နှင့် ပေါ်တို**

အုပ်စု(G)မှာ ပေါ်တိုတို့ သုံးပွဲကစားပြီး ခုနစ်မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ မက္ကာဘီတဲလ်အဗစ်တို့က အမှတ်မရသေးတာမို့ ဒီပွဲမှာလည်း အိမ်ကွင်းဆိုပေမယ့် အမှတ်ရဖို့ မလွယ်ပါဘူး။ ပေါ်တိုက ပထမအကျော့မှာ နှစ်ဂိုးပြတ်နိုင်ထားတာမို့ အခုပွဲမှာလည်း ပေါ်တိုတို့ပဲ အောင်ပွဲခံဦးမှာဖြစ်ပါတယ်။

**အိုလံပီယာကို့စ်နှင့် ဒိုင်နမိုဇာဂရက်**

ပထမအကျော့မှာ အိုလံပီယာကို့စ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ အုပ်စု(F)မှာတော့ အိုလံပီယာကို့စ်တို့က ခြောက်မှတ်ရနေတာမို့ ဒီပွဲကို အနိုင်ကစားပြီးနောက်တစ်ဆင့်တက်ရေး ခိုင်မာတဲ့ ခြေလှမ်းကို လှမ်းပါလိမ့်မယ်။ ဒိုင်နမိုဇာဂရက်တို့ ဒီပွဲဟာ နောက်ဆုံးနှုတ်ဆက်ရမယ့်ပွဲပါပဲ။

**မိုးမြင့်လင်းလက်**

## ရှုံးပွဲ ခြောက်ပွဲကြုံသော်လည်း နည်းပြဆက်လုပ်မယ်ဆိုတဲ့ မော်ရင်ညို



ချယ်လ်ဆီးအသင်းအနေနဲ့ ပရီမီယာလိဂ် (၁၁)ပွဲမှာ ခြောက်ပွဲမြောက်အဖြစ် ရှုံးနိမ့်သွားသော်လည်း နည်းပြရာထူးမှ နုတ်ထွက်ပေးမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာ လီဗာပူးကို အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီရှုံးနိမ့်မှုဟာ ယခုနှစ်ပရီမီယာလိဂ်အတွင်း ခြောက်ပွဲမြောက် ရှုံးနိမ့်မှုဖြစ်ပါတယ်။ ဒီရှုံးနိမ့်မှုတွေအတွက် နည်းပြမော်ရင်ညိုဟာ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးနဲ့ လီဗာပူး ကစားတဲ့ပွဲမှာ အသင်းပိုင်ရှင်အေဘရာမိုဗစ် တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ မော်ရင်ညိုအနေနဲ့ အသင်းပိုင်ရှင် အေဘရာမိုဗစ်ရဲ့ နောက်ဆုံးပြောကြားမယ့်စကားကို စောင့်နေတယ်လို့ ဆိုပါတယ်။ ပရိသတ်တွေကတော့ မော်ရင်ညိုကို ထောက်ခံအားပေးနေဆဲဖြစ်ပါတယ်။ မော်ရင်ညိုကလည်း သူ့အနေနဲ့ ရှုံးပွဲတွေရင်ဆိုင်နေရပေမယ့် အသင်းရဲ့ နည်းပြရာထူးကို စွန့်လွှတ်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ရာသီအစမှာ မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာအသင်းခေါင်းဆောင် ဂွန်တယ်ရီကို လူစားလဲ အရန်ခုံမှာထိုင်ခိုင်းစေပြီးနောက် ချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုတွေဟာလည်း တဖြည်းဖြည်းခြေစွမ်းကျခဲ့ပြီး ရှုံးပွဲတွေနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။


# ဂိုးမရှိသရေအဆုံးသတ်မှု ဗန်ဟားလ်စိုးရိမ်



မန်ယူအသင်းဟာ ၂၀၀၅ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂိုးမရှိ သုံးပွဲဆက်တိုက်ကြုံတွေ့ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေက မန်စီးတီးကို ဂိုးမရှိသရေကစားခဲ့တဲ့ မန်ယူဟာ အခုအပတ်မှာလည်း ခရစ္စတယ်ပဲလေ့စ်နဲ့ ကစားရာမှာ ဂိုးမရှိသရေကျခဲ့ပါတယ်။ ဒီပွဲမတိုင်မီ ကက်ပီတယ်ဝမ်းဖလားပွဲမှာလည်း မစ်ဒယ်ဘရော့နဲ့ ဂိုးမရှိသရေကျခဲ့ပါတယ်။ ဒီပွဲမှာ ပယ်နယ်တီနဲ့ မန်ယူတို့ ကက်ပီတယ်ဝမ်းဖလားပွဲမှ နှုတ်ဆက်ခဲ့ရပါတယ်။ မန်ယူအသင်းရဲ့ ဂိုးမသွင်းနိုင်မှုဟာ ပွဲကစားချိန် နာရီပေါင်း ငါးနာရီကြာသွားခဲ့ပြီလို့ ဆိုပါတယ်။ မစ်ဒယ်ဘရော့နဲ့ ကစားပြီးတဲ့နောက် အခုလို သရေပွဲထပ်ကြုံတယ်ဆိုတာ စိုးရိမ်စရာပါပဲလို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။

ကျွန်တော်တို့ ဂိုးသွင်းခွင့်တွေ အများကြီး ဖန်တီးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးသတ်မှုမကောင်းခဲ့ဘူး။ ခရစ္စတယ်ပဲလေ့စ်နဲ့ ကစားတဲ့ပွဲမှာဆိုရင် အခွင့်အလမ်းကောင်းတွေ ဖန်တီးနိုင်ဖို့ အတော်လေးခက်ခဲပါတယ်လို့လည်း နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ သို့ပေမယ့် နည်းပြ ဗန်ဟားလ်က မန်ယူကစားသမားတွေအပေါ် ယုံကြည်မှုအပြည့်အဝရှိနေသေးတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**



## ဖလားရဖို့ အလားအလာကောင်းနေတဲ့ အာဆင်နယ်

အာဆင်နယ်ရဲ့ အဓိကပြိုင်ဘက်တွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်ယူတို့ ရုန်းကန်နေရချိန်မှာ အာဆင်နယ်ကတော့ ရလဒ်ကောင်းတွေနဲ့ ခရီးဆက်နေဆဲပါ။ အာဆင်နယ်ရဲ့ အဓိကပြိုင်ဘက်ဖြစ်တဲ့ မန်စီးတီးကလည်း အမှတ်တူဦးဆောင်နေတယ်ဆိုပေမယ့် လက်ရှိအနေအထားအရ အာဆင်နယ်အသင်းမှာ လူစုံတက်စုံပွဲထွက်ကစားနိုင်ခဲ့တဲ့အတွက် ပြိုင်ပွဲတွေတိုင်းမှာ အနိုင်ရတဲ့ခြေစွမ်းကို ပြသထားနိုင်ခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ယခုနှစ်ပရီမီယာလိဂ် ၁၁ ပွဲမှာ ငါးပွဲနိုင်ထားပြီး မန်စီးတီးနဲ့ အမှတ်တူဦးဆောင်နေပါတယ်။ နောက်ဆုံးပွဲအဖြစ် ဆွမ်ဆီးရဲ့ အိမ်ကွင်းမှာ ဂီရောက်၊ ကော့စီနီနဲ့ ဂျိုးလ်ကင်းဘဲလ်တို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရလိုက်ပါတယ်။ ယခုနှစ်ရာသီမှာ အာဆင်နယ်တို့ အဓိကကစားသမားတွေဖြစ်တဲ့ ဆန်းချက်ဇ်၊ ဂီရောက်၊ အိုဇေးလ်တို့ကလည်း ခြေစွမ်းပြကစားနေကြတာ တွေ့ရမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ယခုနှစ်ရာသီမှာ ဖလားရနိုင်တဲ့ ခြေစွမ်းကိုပိုင်ဆိုင်ထားပြီး လက်ရှိအချိန်မှာလည်း ပြိုင်ဘက်တွေကို ပြတ်ပြတ်သားသားအနိုင်ကစားနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်တစ်ခုအတွင်း အာဆင်နယ်က ပရီမီယာလိဂ်ဖလားကိုရယူဖို့ အလားအလာအကောင်းဆုံးဖြစ်ပါတယ်။

# ပုပ္ပားတောင် သို့ . . .

မောင်သာ
(ရှေးဟောင်းသုတေသန)



ပုပ္ပားတောင်ကလပ်ထိပ်သို့ ကြွေပြားများခင်းထားသည့် တောင်တက်လမ်းအတိုင်း ကျွန်တော်တဖြည်းဖြည်းချင်းတက်ခဲ့သည့်တိုင် တောင်ကမတ်သဖြင့် မကြာမကြာနားနေရသည်။ မျောက်များက လှေကားထစ်များ တစ်လျှောက် ပြေးလွှားနေကြသောကြောင့် သူတို့ကို ရှောင်နေရသဖြင့် ခရီးက မတွင်ခဲ့ပါချေ။ မျောက်များက မျောက်စာရောင်းသူများ၊ဈေးသည်များနှင့်အတူ စောင်းတန်းအမိုးများ၊ လှေကားထစ်များ၊ တောင်ခါးပန်းများတွင် အများအပြားရှိနေကြသည်။

ယခုအခေါက် ပုဂံသို့သွားပြီးနောက် မရောက်သည်မှာ နှစ်အတန်ကြာပြီဖြစ်သည့် ပုပ္ပားတောင်သို့ ရန်ကုန်သို့မပြန်မီ ကျွန်တော်သွားရောက် လည်ပတ်ခဲ့သည်။ ပုပ္ပားသည် ပွဲတော်ချိန်မဟုတ်သော်လည်း လူများစည်ကားလျက်ရှိသည်။ တောင်ကလပ်ထိပ်ရောက်အောင် အချိန်အတန်ကြာတက်ခဲ့ရပြီး တောင်ကလပ်ပေါ်မှ လှပသောမြင်ကွင်းများကို မြင်ရချိန်တွင် ကျွန်တော်အမောများပြေခဲ့ရပြီး ခပ်ဝေးဝေးတွင်မြင်နေရသည့် ပုဂံကိုကြည့်ကာ စိတ်ကြည်နူးခဲ့ရပေသည်။

မြန်မာလူမျိုးများသည် ပုပ္ပားတောင်သို့ မရောက်ဖူးလျှင်သာနေမည် ပုပ္ပားကို မသိသူကား အလွန်နည်းပါးပေလိမ့်မည်။ ပုပ္ပားကို မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံဒေသအနီးရှိ မီးတောင်ဟောင်းတစ်ခုအဖြစ်လည်းကောင်း၊ ရှိသည်။တောင်ကလပ်ပေါ်ရှိ အဆောင်များတွင် နတ်များကိုပူဇော်ထားသည့် အမွှေးတိုင်နံ့များက ပန်းနံ့များနှင့် ရောပြွမ်းနေသည်။

ပုပ္ပားတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့မှ အရှေ့မြောက်ဘက် ၁၀ မိုင်ကွာဝေးသော ပဲခူးရိုးမ၏ မြောက်ဘက်အစွန်တွင် တည်ရှိသည်။ ရန်ကုန်မြို့မှ ၄၀၅ မိုင်ကွာဝေးသော ပုပ္ပားသည် ပုဂံမှ အရှေ့တောင်ဘက်သို့ ၃၁ မိုင်ကွာဝေးပြီး မြေပုံညွှန်းအရ ပုပ္ပား၏တည်နေရာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄မိနစ်ဖြစ်သည်။ ပုပ္ပားတောင်ကို ရာသီဥတု သာယာချိန်တွင် ၃၇ မိုင်ကွာဝေးသော ဧရာဝတီမြစ်မှ မြင်တွေ့နိုင်သည်။

ပုပ္ပားဟူသောအမည်သည် ပါဠိ ဝေါဟာရ ပုပ္ဖ (ပန်း) မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ စကားဝါပန်းများ ပေါများသည့်နေရာဟု ဆိုဖွယ်ရှိသည်။ပုပ္ပားတောင်တွင် တောင်မကြီးနှင့် အနောက်ဘက်သို့ ဆင်ခြေလျှောနိမ့်ဆင်းသွားသော တောင်ကလပ်ဟူ၍ နှစ်ပိုင်းရှိသည်။ ပုပ္ပားတောင်ကလပ်ကို ပုပ္ပားတောင်မကြီးပေါက်ကွဲရာမှ ပဲ့ထွက်သွားသည့် အစိတ်အပိုင်းတစ်ခုဟု ယူဆကြသကဲ့သို့ မီးတောင်လည်တိုင်ဟု ယူဆမှုများလည်းရှိသည်။ ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေမြင့်ပြီး မှတ်မိ

**ပုပ္ပားတောင်ဒေသသည် မြန်မာနိုင်ငံ၏ ကျောက်ခေတ်ဦး အညာသားယဉ်ကျေးမှု (Anyathian Culture) ထွန်းကားခဲ့ရာ ချောက်၊ ရေနံချောင်း၊ ညောင်ဦး စသောဒေသများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသောကြောင့် ထိုအချိန်ကာလက ကျောက်ခေတ်လူသားများနေထိုင်ရာ အရပ်တစ်ခုဖြစ်နိုင်ကြောင်း ယူဆကြသည်။ လွန်ခဲ့သော နှစ်တစ်သန်းလောက်က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပါးသည် ပုပ္ပားတောင်နေရာဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ခန့်မှန်းခဲ့သည်။**

မြန်မာလူမျိုးများ ယုံကြည်ကိုးကွယ်ကြသော နတ်များပျော်စံရာနေရာတစ်ခုအဖြစ်လည်းကောင်း သိရှိထားကြသည်။ ထို့အတူ ပုပ္ပားတောင်သည် ထွက်ရပ်ပေါက် စသည့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ လူပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ မြန်မာလူမျိုးများအကြားတွင် အလွန်ထင်ရှားလှသည်။ ထို့ကြောင့်လည်း ပုပ္ပါးတောင်သည် လာရောက်လည်ပတ်ကြသူ ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကားလျက်ရှိနေပေသည်။

ကျွန်တော်သည် ပုပ္ပားတောင်ကလပ်ပေါ်သို့ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ပထမဆုံးအကြိမ်ရောက်ခဲ့စဉ်က တောင်ကလပ်ပေါ်တွင် စေတီတစ်ဆူသာရှိပြီး တောင်ကလပ်နှုတ်ခမ်းစွန်းနေရာများတွင် မည်သည့်အကာအရံမှမရှိသဖြင့် စေတီဘေးမှ ကပ်၍ လမ်းလျှောက်ခဲ့ရသည်ကို မှတ်မိနေသည်။ ယခုအချိန်တွင်မူ တောင်ကလပ်ပေါ်တွင် အဆောက်အအုံများ ပြည့်နေပြီး ယင်းအဆောက်အအုံများအနက် နတ်ကွန်းများက အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ပုပ္ပားတောင်ကလပ်ပေါ်တွင် စေတီများ၊ ဘာသာရေးအဆောက်အအုံများအပြင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ နတ်ရုပ်၊ နတ်နန်းများ လွယ်ရန် ဆယ့်ကိုးယုတ်ငါးထောင်ဟု မှတ်သားကြသည်။ ပုပ္ပားတောင်ကလပ်သည် ၂၄၁၇ ပေ မြင့်မားကာ မတ်စောက်ပြီး ကလပ်ပုံစံဖြစ်နေသည့်အတွက် တောင်ကလပ်ဟု ခေါ်ဆိုကြသည်။

ပုပ္ပားတောင်သို့ ဘုရားဖူးများနှင့်အပမ်းဖြေလာကြသူများသည် မော်တော်ကားများဖြင့် တောင်ကလပ်ခြေရင်းအထိလာကြပြီး မတ်မတ်စောက်စောက် ဖြစ်နေသော တောင်ကလပ်ပေါ်သို့ တပျော်တပါး တက်လေ့ရှိကြသည်။ ပုပ္ပားတောင်ကလပ်သည် မြန်မာတို့၏အယူအရ နတ်တို့ပျော်စံရာနေရာတစ်ခုဖြစ်သည့်အတွက် ယုံကြည်သူများက နတ်ကန္နားပွဲများကို ကြီးကျယ်ခမ်းနားစွာ နှစ်စဉ်ကျင်းပလေ့ရှိသည်။

တောင်ကလပ်ခြေရင်းမှ တောင်ထိပ်အထိ အမိုး မိုးထားသော စောင်းတန်း လှေကားအတိုင်း ကျွန်တော်တက်လာခဲ့သည်။ တောင်ကလပ်သို့ တက်ရန် ရသေ့ကြီး ဦးခန္တီကအထစ်ပေါင်း ၇၇၇ ထစ်ရှိသည့် စောင်းတန်းလှေကားကို ပြုလုပ်ပေးထားခဲ့သည်ဟု မှတ်သားထားဖူးသဖြင့် ကျွန်တော်သည် တောင်ပေါ်သို့တက်နေစဉ် လှေကားထစ်များကို ရေတွက်မိသော်လည်း



မောနေသဖြင့် ဆုံးအောင်မရေတွက်နိုင်ခဲ့ပါချေ။ ယခုအခါတွင် တောင်ပေါ်တက်သည့် လှေကားထစ်များအားလုံးကိုကြွေပြားများခင်းထားပြီးဖြစ်သည်။ တောင်ထိပ်ပေါ်တွင် လေတဖြူးဖြူးတိုက်ခတ်နေပြီး တောင်ပေါ်မှ အလွန်သာယာလှပသည့် ရှုမျှော်ခင်းများကို မြင်ရပေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေအမြင့်တွင် တည်ရှိနေသည့် ပုပ္ပားတောင်၏ ကန်တော့ပုံသဏ္ဌာန်မီးတောင်အဝသည် မြောက်ဘက်တွင် အနောက်သို့ အနည်းငယ်နိမ့်နေသောကြောင့် အရှေ့ဘက်၊အနောက်ဘက်နှင့် တောင်ဘက်တို့တွင် မြင့်နေသည်ဟုထင်ရသည်။ ထို့ကြောင့် ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်နှစ်ခုမြင်ရ၍ မြောက်ဘက်မှ ကြည့်လျှင် တောင်ထွတ်တစ်ခုသာ မြင်နေရခြင်းဖြစ်သည်။ ပုပ္ပားတောင်သည် စပါးပုံတောင် ၊ရေတွင်းတောင်၊ မောင်းတောင်၊ ငုတ်တိုတောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင် စသည့် တောင်စွယ်များနှင့် ဆက်စပ်နေသည်။ ပုပ္ပားတောင်မကြီးသည် မီးတောင်ပေါက်ကွဲပြီးသည့်နောက် မီးတောင်သေတစ်ခုဖြစ်သွားခဲ့သည်။ မီးတောင်သေထိပ်ဝသည် တစ်မိုင်ခန့်ကျယ်၍ ပေ ၂၆၅၀ ခန့် နက်ရှိုင်းသည့် ချောက်ကြီးတစ်ခုအဖြစ် ကျန်ရှိနေသည်။ ယင်းချောက်ကြီးကို ချုံမတွင်းချောက်ဟုလည်းခေါ်ကြသည်။ မီးတောင်ပေါက်ကွဲခဲ့စဉ်က လွင့်စဉ်ခဲ့သည့် ချော်ရည် ချော်ခဲများသည် ပုပ္ပားတောင်မကြီး၏မြောက်ဘက် ၁၀ စတုရန်းမိုင်အထိ ဖုံးလွှမ်းခဲ့ပြီး ချော်တုံးအပိုင်းအစများကို ယနေ့တိုင် မြင်နိုင်ကြပေသည်။

ပုပ္ပားတောင်ဒေသသည် မြန်မာနိုင်ငံ၏ ကျောက်ခေတ်ဦး အညာသားယဉ်ကျေးမှု (Anyathian Culture) ထွန်းကားခဲ့ရာ ချောက်၊ ရေနံချောင်း၊ ညောင်ဦး စသောဒေသများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသောကြောင့် ထိုအချိန်ကာလက ကျောက်ခေတ်လူသားများနေထိုင်ရာ အရပ်တစ်ခုဖြစ်နိုင်ကြောင်း ယူဆကြသည်။လွန်ခဲ့သော နှစ်တစ်သန်းလောက်က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပါးသည် ပုပ္ပားတောင်နေရာဖြစ်နိုင်ကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ခန့်မှန်းခဲ့သည်။ ဘူမိဗေဒပညာရှင် ဒေါက်တာညီညီ၏ စာတမ်းကိုကိုးကားလျက် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်တွင် “ထိုနှစ် တစ်သန်းမှ ငါးသောင်းကာလအတွင်း မြန်မာ့မြေလွှာတွင် မီးတောင်ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ မြန်မာပြည် အလယ်ပိုင်းရှိ ပုပ္ပားတောင်သည် ချော်ရည်၊ ချော်မြုပ်၊ ချော်ခိုးများ ကြိမ်ဖန်များစွာ မှုတ်လွှတ် အန်ထုတ်လျက် မြေပြင်သို့စုန့်စုန့်တက်ဆဲပင်ဖြစ်သည်”ဟု ရေးသားထားသည်ကို ဖတ်ရှုရပေသည်။

မှန်နန်းရာဇဝင်၊ အင်္ဂလိပ်ဘာသာပြန်(၁၉၂၃)တွင် ဧရာဝတီမြစ်၏ အလယ်ပိုင်းဝန်းကျင်တွင် ကျယ်လောင်သောအသံကြီးမြည်လျက် မြေလျှင်လှုပ်ခတ်ခဲ့ကြောင်း၊ ဖိုးဥမောင်အရပ်တွင် ရေအိုင်ကြီးတစ်ခု ပေါ်ထွန်းလာခဲ့ကြောင်း၊ စမုံ၊ စမြိတ်မြစ်နှစ်စင်းစီးဆင်းလာကြောင်း၊ ပုပ္ပားတောင်သည် မြေမှထွက်လာကြောင်းနှင့်သရေခေတ္တရာဝန်းကျင်မှ ပင်လယ်ခန်းခြောက်သွားကြောင်း ရေးသားဖော်ပြထားရာ လွန်ခဲ့သောနှစ်ပေါင်း တစ်သန်းလောက်က ဖြစ်မည်ဟု ခန့်မှန်းကြသည်။

အမေရိကန် ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာမိုးဗီးယပ်စ်သည် ဆီလီကာကြွယ်သော မီးတောင်ကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်လက်နက်များကို ပုပ္ပားတောင်ခြေ၊ ဆယ်ပေါက်ရွာမှရရှိခဲ့သည့်အတွက် ပုပ္ပားဒေသတွင် ကျောက်ခေတ်သစ် လူနေထိုင်မှုများရှိခဲ့ကြောင်း ရေးသားခဲ့သည်။ ပုပ္ပားတောင်ဒေသသည် မီးတောင်ကျောက်များပေါများသည့် ဒေသဖြစ်သောကြောင့် ရှေးဦးလူသားတို့သည် ထိုကျောက်များဖြင့် လက်နက်များ ပြုလုပ်ခဲ့ကြခြင်းဖြစ်နိုင်ကြောင်းသုံးသပ်ကြသည်။ ကျောက်ခေတ်ဦး သို့မဟုတ် ကျောက်ခေတ်နှောင်းကာလယဉ်ကျေးမှု စတင်ထွန်းကားစပြုချိန်တွင် လူတို့သည် နေကိုလည်းကောင်း၊ မီးကိုလည်းကောင်း၊ တောတောင်ကို လည်းကောင်း ကိုးကွယ်ခဲ့ကြရာ ပုပ္ပားတောင်ကိုလည်း အားထားကိုးကွယ်ရာတစ်ခုအဖြစ်သတ်မှတ်နိုင်ခဲ့ကြောင်းယူဆကြသည်။ ထို့ကြောင့် မြေလတ်ပိုင်း လွင်ပြင်ကျယ်တွင် ထီးထီးမားမားတည်ရှိနေသော ပုပ္ပားတောင်ကို မဟာဂီရိ (တောင်ကြီး) ဟူသော ပါဠိဝေါဟာရဖြင့် အမည်မှည့်ခေါ်ရာမှ မင်းမဟာဂီရိဇာတ်လမ်းပေါ်ထွန်းခဲ့ခြင်း ဖြစ်နိုင်ကြောင်းဆိုကြပေသည်။

*စာမျက်နှာ ၂၁ သို့*

## သတင်းတိုများ

### မိုးစပါးပုလဲသွယ်(စပ်မျိုးစပါး)စံကွက်ရိတ်သိမ်းပွဲပြုလုပ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စု၌ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် GAP ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်(စပ်မျိုးစပါး) ၁၀ ဧကစံပြကွက် စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့ရာ တစ်ဧကလျှင် စပါးအစို ၁၅၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးလှသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နော်သူးလေထီးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

### မဲလက်မှတ်နှင့်မဲရုံသုံးပစ္စည်းများထုတ်ပေး

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ မဲရုံများ၌ အသုံးပြုမည့် မဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အောက်တိုဘာ ၃၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးများက လာရောက်ထုတ်ယူလျက်ရှိပြီး မဲရုံသုံးပစ္စည်းများ လာရောက်ထုတ်ယူသူများအား နယ်မြေတာဝန်ခံ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံလုံခြုံရေး အထူးရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာမဲရုံများသို့အရောက် လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ညသူ**

## ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် အထူးရဲများ သင်တန်းဆင်း

**လားရှိုး နိုဝင်ဘာ ၂**

ရွေးကောက်ပွဲတွင် လားရှိုးမြို့နယ်အတွင်းရှိ မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲများအား လေ့ကျင့်သင်ကြားခဲ့သော အထူးရဲသင်တန်းဆင်းပွဲကို လားရှိုးမြို့တော်ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက သင်တန်းဆင်းအထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်စေရန် လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်၍ ဥပဒေနှင့်အညီပြုမူနေထိုင်ရေး၊ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး အမှာစကားပြောကြားပြီး အမှတ်(၃) ရဲတပ်ရင်းများကွပ်ကဲရေးမှူး ရဲမှူးချုပ်မောင်မောင်ခိုင်က ထူးချွန်သင်တန်းသားတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခဲ့သည်။ အဆိုပါ အထူးရဲသင်တန်းသို့ လားရှိုးမြို့နယ်အတွင်းရှိ မဲရုံ ၁၂၉ ရုံ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင် ၁၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မမ(လားရှိုး)**

# ကျေးလက်အိမ်ရာ ၃၉ လုံးတည်ဆောက်မှုများ ပြီးစီး လျှပ်စစ်မီးရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရေစကြို နိုဝင်ဘာ ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ညောင်တောကျေးရွာအုပ်စု ရှစ်အိမ်တန်းကျေးရွာမှ စီးပွားရေးချို့တဲ့သော အိမ်ထောင်စုများအတွက် ကျေးလက်အိမ်ရာ ၃၉ လုံးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်း ၁၁၁ ဒသမ ၁၅ ဖြင့် တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရှစ်အိမ်တန်းကျေးရွာတွင် ၁၉၉၇ ခုနှစ်ကစ၍ ချင်းတွင်းမြစ်ရေ တက်တိုင်း ကမ်းပါးပြိုကျခဲ့သဖြင့် ယခုအခါ ရှစ်အိမ်တန်းကျေးရွာပိုင်မြေ မရှိတော့သောကြောင့် နိုင်ငံတော်အစိုးရထံမှ တောင်းခံခဲ့ရာ ရွာတည်ရန်မြေနေရာကို နိုင်ငံတော်အစိုးရက အောင်မြင့်မိုရ်သမအသင်းပိုင်မြေ ၉ ဒသမ ၀၉ ဧကကွင်းနှင့် အောင်မြင့်မိုရ်သမအသင်းပိုင်မြေ ၃၂ ဒသမ ၇၆ ဧကမှ ၁၂ ဧကကို ချထားပေးခဲ့ကြောင်း သိရသည်။ ရှစ်အိမ်တန်းကျေးရွာမှ ကမ်းပြို အိမ်ထောင်စုများအား နေရာပြန်လည်ချထားရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေပေးအပ်ပွဲကို ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကို ရှစ်အိမ်တန်းကျေးရွာ မြေနေရာဝယ်ယူရေးကော်မတီမှ ဦးသန်းနိုင်ညိုထံ ပေးအပ်ခဲ့သည်။

ထို့နောက် အဆိုပါ ရှစ်အိမ်တန်းကျေးရွာမှ စီးပွားရေးချို့တဲ့သော အိမ်ထောင်စုများအတွက် ကျေးလက်အိမ်ရာ ၃၉လုံးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ တည်ဆောက်ပြီးစီးသော အိမ်များမှာ အလျား ၂၄ ပေ အနံ ၁၈ပေ အမြင့် ၁၂ပေရှိပြီး ပျဉ်ကာ သွပ်မိုး အဆောက်အအုံများဖြစ်ကာ မြစ်ခြေ Group ကုမ္ပဏီက အိမ်တစ်လုံးလျှင် တင်ဒါအောင်မြင်ငွေကျပ် ၂ ဒသမ ၈၅ သန်းဖြင့် တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးသော ကျေးလက်အိမ်ရာ ၃၉ လုံးကို ကျေးရွာအတွင်းရှိ ဆင်းရဲနွမ်းပါးအိမ်ထောင်စုများအား ကျေးလက်အိမ်ရာကြီးကြပ်မှုကော်မတီက တစ်အိမ်ထောင်လျှင် အိမ်တစ်လုံးနှုန်း ခွဲဝေပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ရှစ်အိမ်တန်းကျေးရွာ မီးလင်းရေးလုပ်ငန်းများကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၅၃ ဒသမ ၃ သန်းဖြင့် ရှစ်အိမ်တန်းကျေးရွာ မီးလင်းရေးကော်မတီက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သောငွေကို ရှစ်အိမ်တန်းကျေးရွာပြည်သူများ ထည့်ဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မီးလင်းရေးလုပ်ငန်းအတွက် မီးတိုင်များ စိုက်ထူပြီးစီးပြီဖြစ်ပြီး ၁၁ကေဗွီဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ သွယ်တန်းခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ပြီးစီးပါက ရှစ်အိမ်တန်းကျေးရွာတွင် မကြာမီမီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

*စာမျက်နှာ ၂၀ မှ*

မြို့ပြနိုင်ငံများ စတင်ထွန်းကားလာချိန်ဝယ် ပျူရှေးဟောင်းမြို့ပြများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် ပုပ္ပားတောင်နှင့် အလှမ်းဝေးကွာသည့် နေရာဒေသများတွင်ရှိခဲ့သောကြောင့် ပျူသမိုင်းမှတ်တမ်းများတွင် ပုပ္ပားတောင်ကို မတွေ့ရှိရခြင်းဖြစ်နိုင်သည်။

သို့သော် ပျူမြို့ပြများပျက်သုဉ်းပြီး ပုဂံပေါ်ထွန်းလာချိန်တွင်မူ ပုပ္ပားသည် အရေးပါသောနေရာတစ်ခုဖြစ်လာခဲ့သည်။ မြန်မာရာဇဝင်ကျမ်းများ အဆိုအရ ပုဂံခေတ်တွင် ပျူမင်းထီးလက်ထက်မှစ၍ ပုဂံမင်းများသည် နှစ်စဉ် ပုပ္ပားတောင်တက်ပွဲကျင်းပခဲ့ပြီး ပုပ္ပားကို နတ်တောင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် တောင်တက်ပွဲများ ကျင်းပခဲ့သည်ကိုမူ မသိရှိကြသော် လည်း မြင့်မြတ်သော တောင်တစ်ခုဟု အသိအမှတ်ပြုထားသောကြောင့်ဟု ယူဆကြသည်။ မည်သည့်နတ်ဟူ၍ အမည်နာမဖြင့် ကိုးကွယ်ခြင်းကား မရှိသေးပါချေ။

မြန်မာသမိုင်းစာအုပ်များတွင် ပုပ္ပားတောင်ကို ပုဂံခေတ်နှင့်ဆက်နွှယ်လျက်ရေးသားကြသော်လည်း ပုဂံကျောက်စာများတွင် ပုပ္ပားနှင့် ဆက်နွှယ်သည့် အကြောင်းအရာများရေးထိုးထားခြင်းကို မတွေ့ရှိရသေးပါချေ။

ပုဂံခေတ်တွင် ပုပ္ပားသည် မင်းမဟာဂီရိတို့ နတ်မောင်နှမစံပျော်ရာ တောင်တော်ဖြစ်လာခဲ့သည်။အေဒီ ၉၀၄ တွင်မှ ပုဂံဘုရင် သဉ်လည်ကြောင်မင်းသည် တကောင်းမှ မျောလာခဲ့သော မောင်တင့်တယ် နတ်မောင်နှမတို့နေသည့် စကားပင်ကြီးကို နတ်ရုပ်များထု၍ ပုပ္ပားတွင်ထားကာ ပြည်သူများအား ကိုးကွယ်စေခဲ့သောကြောင့် ပုပ္ပားသည် မင်းမဟာဂီရိနတ်မောင်နှမစံပျော်ရာ တောင်တော်ဖြစ်လာခဲ့သည်။ မဟာဂီရိဟူသည်မှာ ကြီးမြတ်သောတောင်တော်ဟု အဓိပ္ပာယ်ရသည်။ နောက်ပိုင်းတွင် ပုပ္ပားဇာတ်လမ်းများ၌ မယ်ဝဏ္ဏ ၊ ဗျတ်ဝိဗျတ္တနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ပါဝင်လာခဲ့သည်။ သို့ဖြင့် နတ်တောင်ဖြစ်လာသော ပုပ္ပားဒေသတွင် ပေါများလှသည့် စကားဝါပန်းသည်လည်း တော်ဝင်ပန်း (ဝါ) နတ်ပန်းဖြစ်လာခဲ့ရသည်။




မင်းမဟာဂီရိသည် မြန်မာ့ရိုးရာနတ်ယုံကြည်မှုသမိုင်းတွင် အစောဆုံးသော နတ်တစ်ပါးဖြစ်သည်ဟု ဆိုနိုင်သည်။ ကုန်းဘောင်ခေတ် မြန်မာနန်းတွင်း၌ မင်းမဟာဂီရိနတ်ကို မန္တလေး ရတနာပုံခေတ်တိုင်အောင် စဉ်ဆက်မပြတ် ကိုးကွယ်ခဲ့ကြပုံရှိပြီး မင်းမှအစ ပြည်သူတစ်ရပ်လုံး တစ်နှစ်တစ်ကြိမ် ထိုနတ်မောင်နှမကိုဖူးမြော်ကြသည်ဟုဆိုသဖြင့် ပုဂံခေတ်မှစ၍ မြန်မာတို့၏ နတ်ယုံကြည်ကိုးကွယ်မှုသည် ထုံးတမ်းတစ်ခုသဖွယ်ဖြစ်နေပြီဟု ဆိုနိုင်ပေသည်။ အနော်ရထာ ဘုရင်လက်ထက်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားကျယ်ပြန့်လာသော်လည်း နတ်ကိုးကွယ်မှုမှာ ချုပ်ငြိမ်းကွယ်ပျောက်သွားခြင်း မရှိခဲ့သည့်အပြင် ယနေ့တိုင် မြန်မာအိမ်အများစု၌ အိမ်တွင်းမင်းမဟာဂီရိနတ်ကို ထားရှိကိုးကွယ်နေကြဆဲဖြစ်ပါသည်။

တောင်ကလပ်ပေါ်တွင် အဆောက်အအုံများ များနေသဖြင့် လမ်းများကကျဉ်းနေသည်။ ပြည်တွင်းခရီးသည်များအပြင် နိုင်ငံခြားသားများကိုလည်း နတ်ရုပ်များအနီးတွင် တွေ့နေရသည်။

တောင်ကလပ်ပေါ်မှ ကျွန်တော်ပြန်အဆင်းတွင် အတက်ကဲ့သို့ မမောတော့ဘဲ ဖြည်းဖြည်းမှန်မှန် ပြန်ဆင်းလာနိုင်ခဲ့သည်။

တောင်တက်လမ်းတွင် ဆင်းသူတက်သူများဖြင့် စည်ကားနေသည်။လမ်းအလယ်တွင် စတီးပိုက်များ လက်ကိုင်တန်းများ ပြုလုပ်ပေးထားသဖြင့် တောင်ကလပ်ပေါ်သို့တက်ကြသည့် လူကြီးများအတွက် သက်သာအဆင်ပြေစေသည်။ လှေကားထစ်များကို အဝတ်စတစ်ခုဖြင့်သုတ်ကာ သန့်ရှင်းရေးအလှူခံနေသူများကိုလည်း တွေ့ရသည်။

ပုပ္ပားတောင်အနီးရှိ ပုပ္ပားတောင်ဥယျာဉ်သည် ၄၉ ဒသမ ၆၃ စတုရန်းမိုင် ကျယ်ဝန်းကာ ယင်းဥယျာဉ်ကို ၁၉၈၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဆေးဖက်ဝင်အပင်များစိုက်ခင်းတွင် ဆေးဖက်ဝင်အပင်ပေါင်း ၃၅၀ ကျော် စိုက်ပျိုးထားသည်။ ပုပ္ပားဒေသတွင် ဒေသခံ ငှက်မျိုးစိတ် ၇၀ ကျော်အပါအဝင် ငှက်မျိုးစိတ် ၁၃၀ ကျော် ကျက်စားနေကြောင်းလည်း သိရှိရပေသည်။

ပုပ္ပားသည် သမိုင်းအရ၊ ယဉ်ကျေးမှုအရ၊ ဘူမိဗေဒပညာအရ ၊ ရှေးဟောင်းသုတေသနပညာအရ၊ မြန်မာပြည်သူတို့၏ နတ်ကိုးကွယ်မှုဆိုင်ရာ ယုံကြည်မှုများအရ မြန်မာနိုင်ငံ၏ အရေးပါသော နေရာတစ်ခုအဖြစ် ထင်ရှားစွာရပ်တည်လျက်ရှိနေသည်။ ယခုအခါ၌ မြန်မာနိုင်ငံနေရာအနှံ့မှ ပုပ္ပားသို့ လွယ်ကူစွာ သွားရောက်နိုင်သဖြင့် ပုပ္ပားတောင်သည် ပြည်တွင်းပြည်ပမှ ရည်ရွယ်ချက်မျိုးစုံဖြင့် လာရောက်လည်ပတ်ကြသူများဖြင့် အမြဲစည်ကားလျက်ရှိနေပေတော့သည်။ ။

# ပေါ်များစွာသောကားများ၏ပွဲကိုင်ရှင်များ ကိုယ်ကျင့်အသိပညာစိတ်ဓာတ်ကောင်းများ ပေါ်များစွာထားနိုင်ကြပါစေ

မောင်မောင်(ယထ)

**ကျွန်တော့်ဘဝတစ်လျှောက် အသက်မွေးဝမ်းကျောင်းအရ စည်းကမ်းစနစ်ကြီးသော လက်နက်ကိုင်တပ်ဖွဲ့တွင် အမှုထမ်းခဲ့ပါ၏။ အနီတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်အဖြစ် ရပ်တည်နိုင်အောင်၊ လေ့ကျင့်ရေးသင်တန်းကျောင်းများ မြောက်မြားစွာတက်ခဲ့ရပါ၏။ လေ့ကျင့်ရေးကျောင်းများတွင်လည်းကောင်း၊ တပ်ဖွဲ့၏ လုပ်ငန်းခွင်တွင်လည်းကောင်း၊ တာဝန်ရှိသူများက "စည်းကမ်း" ဟူသော စကားလုံးကို တွင်တွင်သုံးပါ၏။ လေ့ကျင့်ရေးကျောင်းများတွင် "နံပါတ်မပါ-တို့ဆရာ" အခြားအဆင့်တပ်သား နည်းပြဆရာကလည်း သုံးပါသည်။ သူတို့က ကျွန်တော်တို့ကဲ့သို့ အင်္ဂါရင်ဘတ်တွင် ကျောင်းသားနံပါတ် (ကသနံပါတ်) မပါရှိကြပါ။ အရာရှိ၊ အရာခံ ၊ အကြပ်၊ တပ်သား နည်းပြဆရာအဆင့်အတန်းအားလုံး "စည်းကမ်း" "စည်းကမ်း" "စည်းကမ်း" ဟူ၍ သည်စကားလုံးကို တွင်တွင်သုံးပါသည်။ နောက်ဆုံး လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သည်စည်းကမ်းစကားလုံးပေါင်း မရေမတွက်နိုင်အောင်ပါရှိသည့် သူ့မိန့်ခွန်းကိုပြောကြား မှာတမ်းခြွေ၍ နိဂုံးချုပ်ကာ ကျောင်းဆင်းပေးလိုက်ပါသည်။**

ကျွန်တော်တို့သည် ကျောင်းဆင်းလာကြသော်လည်း စည်းကမ်းစကားလုံးကို အိပ်မက်ထဲတွင်ပင် ကြားယောင်နေပါသည်။ ပွဲတင်သံများရိုက်ခတ်ပြီး သည်အသံတွေ ကြားယောင်နေရပါသည်။ တစ်ကိုယ်လုံးအနှံ့ စီးဆင်းပြန့်နှံ့နေသည်ဟူ၍ ထင်မိပါ၏။ သတ်မှတ်"စည်းကမ်း"သည် တပ်ဖွဲ့၏ အသက် ဖြစ်သည်။ အဓိကကျသည်။ ပဓာနဖြစ်သည်။ အလွန်တန်ဖိုးကြီးသည်။ တန်ဖိုးရှိသည်။ လူနေမှုဘဝတွင်လည်း အလွန်အသုံးဝင်ပါ၏။ သို့ဖြင့် စည်းကမ်းရှိသော၊ စည်းကမ်းလိုက်နာသော၊ စည်းကမ်းကောင်းသော တပ်ဖွဲ့ဝင်ကောင်းတစ်ယောက်အဖြစ် ထိန်းကျောင်း၊ မွေးထုတ်ပေးလိုက်ခြင်းဖြစ်၏။ သဘာဝကျပါ၏။ လိုအပ်ပါ၏။

"စည်းကမ်း"(၂)မျိုးရှိသည်ဟူ၍ အလွယ်ကူဆုံးမှတ်မိသိရှိရန် မှာကြားလိုက်ပါသည်။ ယင်းတို့မှာ (၁)တားမြစ်ချက်စည်းကမ်းနှင့် (၂) တိုက်တွန်းချက်စည်းကမ်းတို့ဖြစ်၏။ စကားလုံးသာ ပြောင်းသွားသည်။ ဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်စသည် စသည်တို့လည်း သည်သဘောမှာသာ သက်ဝင်သည်ဟု မှတ်သားရပါသည်။

"တားမြစ်ချက်-စည်းကမ်း" ကို မလိုက်နာလျှင်၊ အရေးယူခံရမည်။ တားမြစ်ချက်၏ အထူးအရေးပါမှုအပေါ်မူတည်၍ ပြစ်မှု၊ ပြစ်ဒဏ် အဆင့်ဆင့် မြင့်တက်သွား၏။ နောက်ဆုံး ဘဝပျက်သည်အထိ အရေးယူခံရနိုင်၏။ "တိုက်တွန်းချက်စည်းကမ်း" ကမူ တာဝန်ရှိသူ (သို့) သက်ဆိုင်သူများက တိုက်တိုက်တွန်းတွန်း၊ ကောင်းစေလိုသော စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်၏။ မိမိအကျိုးရှိ၍ သည်စည်းကမ်းကိုလည်း လိုက်နာသင့်၏။ ပမာအားဖြင့် သည်ဒေသတွင် ငှက်ဖျားရောဂါ သောင်းကျန်းနေ၏။ သူကဇီဝိန်ချုပ်ပေးတတ်၏။ သူ့ကိုအနိုင်တိုက်နိုင်အောင် "ကွီနိုင်" အဖျားဖြတ်ဆေး သောက်ကြပါ။ ဆေးကိုလိုက်လံ ဝေငှ၏။ သောက်စေ၏။ သည်စည်းကမ်းကိုလည်း ထိန်းခိုင်း၏။ ဆေးမှာ အလွန်ခါးသက်သည်။ အချို့သောက်ကြ၏။ အချို့သောက်သကဲ့သို့ သရုပ်ဆောင်ကြ၏။ ကွယ်ရာမှာ ထွေးပစ်ကြ၏။ သို့ဖြင့် "တိုက်တွန်းချက်စည်းကမ်း" မှာ သည်စည်းကမ်းလိုက်နာရန် တိုက်တွန်းရုံမှအပ အခြားမရှိ။ အရေးယူ၍ မဖြစ်၊ မိမိသဘောအတိုင်းဖြစ်၏။ မလိုက်နာလျှင်လည်း ရနိုင်သည့်အခြေအနေဖြစ်၏။

ယနေ့မြန်မာနိုင်ငံတွင် လမ်းပေါ်မှာ ကားများ ပေါ်များစွာရှိနေ၏။ "ကားအလှပြခန်း အဆောက်အအုံများတွင်လည်း အများအပြား ပေါ်များစွာရှိနေ၏။ ကားသိုလှောင်ရုံကြီးများတွင်လည်း ထုတ်ယူဆဲကားများမှာလည်း များမှများ။ ဤသည်မှာ လူတိုင်းအသိပင်ဖြစ်၏။ သူတို့ကို မြေမနင်းခိုင်းသေးပါ။ သူတို့လည်း မကြာမီမြေနင်းဖို့ ထွက်လာကြမှာပါ။ နိုင်ငံတကာတွင်လည်း သည်အတိုင်းဖြစ်ပါ၏။ ဆန်းကြယ်သော၊ အံ့သြကုန်နိုင်ဖွယ်သော ကိစ္စလုံးဝမဟုတ်ပါ။ အလျဉ်းမဟုတ်ပါ။ သည်တော့ ဆိုခဲ့ပါ"စည်းကမ်း-စည်းကမ်း-စည်းကမ်း" အနှီစကားလုံးကို ဖန်ခါခါ၊ မြန်မကြာ ကြားနေရ၍ တချို့မှာ မကြားချင်ကြတော့ပါ။ ငြီးငွေ့ကြ၏။ နားဝင်မချို၊ နားဝင်ပီယံမဖြစ်၊ သာယာနာပျော်ဖွယ်မဖြစ်၊ ပျားသကာလို မချို၊ ခါးတမာလို ခါးသက်သက်ဖြစ်နေတတ်၏။ နားခါးသည်ဟု ပြောကြသည်။ စည်းကမ်းအကြောင်းပြောသူ၊ ပြောတတ်သူ၊ ရေးသူ၊ ဖွဲ့တတ်သူတို့ကိုလည်း "ဦးစည်းကမ်း" "ကိုစည်းကမ်း"၊ "ဒေါ်စည်းကမ်း" "မစည်းကမ်း" ဟူ၍ပင် မိဘပေးထားသော အမည်ကို အသိအမှတ်မပြု မခေါ်ဝေါ်ချင်တော့ဘဲ၊ ဆိုခဲ့ပါ သစ်လွင်သော အမည်သစ်ကို ပြောင်းပေးခေါ်ဝေါ်လိုက်ကြသေးသည် ဟူသတည်း. . .။

ယခုကျွန်တော်တင်ပြမည့် စာစုကိုလည်း ဆိုခဲ့ပါ ပုဂ္ဂိုလ်များအတွက် စည်းကမ်းစကားလုံးမပါအောင် ရေးဖွဲ့ဖန်တီးတင်ပြလိုက်ပါ၏။ ခေါင်းစဉ်ကို "ပေါ်များစွာသော ကားများ၏ ပွဲကိုင်ရှင်များ၊ ယာဉ်စည်းကမ်း ပေါ်များစွာ လိုက်နာနိုင်ကြပါစေ" ဟူ၍ မရေးတော့ဘဲ "စည်းကမ်း" စကားလုံးကို ရှောင်ရှား၍ "ပေါ်များစွာသော ကားများ၏ ပွဲကိုင်ရှင်များ၊ ကိုယ်ကျင့်အသိပညာစိတ်ဓာတ်ကောင်းများ၊ ပေါ်များစွာထားနိုင်ကြပါစေ" ဟူ၍ ပြောင်းလဲပြီး ဖန်တီးတင်ပြလိုက်ပါရစေ. . .။

ကျွန်တော်တို့ အိပ်ရာကထသည်နှင့် တစ်နေ့တာကို "အတွေးစိတ်" ဖြင့် ဖွင့်လှစ်လိုက်ပါသည်။ လူတိုင်း အတွေးက စတာပါ။ အတွေးဖြင့် စတင်လိုက်ပါ၏။ "စစ်" ဆိုတာ စိတ်ကစသည်ဟူသော စကားရှိ၏၊ စစ်ပွဲကြီးများကိုလည်း စိတ်ကစခဲ့ကြ၏။ စိတ်ကစ၍ ဖန်တီးထိုးစစ်ဆင် တိုက်ခိုက်လိုက်ကြပါ၏။ လောဘ၊ ဒေါသ၊ မောဟ စိတ်များဖြင့်စတင်၍ မပြီးဆုံးနိုင်သော စစ်ပွဲများ၊ အခြားနိုင်ငံများတွင် ဆင်နွှဲနေ၏။

သည်စာစုကိုလည်း စိတ်အခြေခံဖြင့် တင်ပြလိုက်ပါရစေ. . . အချင်းချင်း စည်းကမ်းမရှိကြဘူး။ စည်းကမ်းရှိဖို့လိုတယ်ဟု ပြောလိုက်သည်နှင့် "ခင်ဗျားက ဘာဆရာကြီးလုပ်တာလဲ၊ ခင်ဗျားကကော ဘယ်လောက်စည်းကမ်းရှိလို့လဲ၊ ဘယ်လောက်စည်းကမ်းကောင်းလို့လဲ. . . ၊ ဘယ်လောက်လိုက်နာလို့လဲ"ဟု ပြန်မေးလိုက်မှာ ဖြစ်၏။ "ဆရာကြီးခင်ဗျာ. . . ကားကို ဒီလို လမ်းဆုံ၊ လမ်းဝ၊လမ်းထိပ်၊ လမ်းလေးခွ၊ အချိုးအကွေ့မှာ မလွတ်မလပ်ရပ်ထားတော့ အားလုံး (လူရော၊ ကားရော) ပိတ်ကုန်မှာပေါ့ဗျာ" ဟု ပြောကြည့်ပါ။ "ငါဒီတစ်ခါပဲ ခုလိုရပ်ထားတာ။ သူများတွေလို ငါဘယ်တုန်းကမှ ခဏခဏ ခုလို မရပ်ထားခဲ့သေးဘူး" ဟူ၍ ပြောလျှင် တော်သေးသည်။ "မင်းကယာဉ်ထိန်းမို့ လာပြောနေတာလား" ဆိုပြီး၊ ဒေါသအမျက်ထောင်းထောင်း ထွက်နိုင်၏။ တစ်ဆင့်တက်၍ ရန်မူနိုင်သေး၏။

သည်တွင် ကျွန်တော်တို့ ဆိုခဲ့ပါအတိုင်း ထိပ်တိုက်မတွေ့ရသည့် နည်းလမ်းနှင့် အဖြေကိုရှာဖို့လိုပါ၏။ ပြဿနာရှိ၏။ လူရှိရင် ပြဿနာရှိလျှင် ပြဿနာတိုင်းတွင် အဖြေရှိ၏။ "အဖြေရှိပါ၏။ တွေ့ပါပြီ။ ထိုအဖြေကို ဆက်လက်တင်ပြသွားပါမည်။ စိတ်ပိုင်းဆိုင်ရာတွေဖြစ်၏။ စိတ်ဓာတ်ရေးရာများ ဖြစ်၏။ အသိပညာ စိတ်ဓာတ်ကောင်းတွေ မွေးမြူရှင်သန်ဖို့လိုပါမည်။ ကိုယ်ချင်းစာစိတ်၊ လူသားချင်းစာနာစိတ်၊ လူကို လူလိုမြင်သည့်စိတ်၊ လူအခွင့်အရေး သိသည့်စိတ်၊ အားနာတတ်သည့်စိတ်။ အားမနာလျှာမကျိုးကို ရှောင်ရှားစိတ်။ အတ္တမကြီးသည့်စိတ်။ မျှတသည့်စိတ်၊ ချစ်ခင်ကြင်နာသည့် မေတ္တာစိတ်။

**တာဝန်ရှိသည့်ယာဉ်ထိန်းမရှိသည့်နေရာများ အချိန်များတွင် "ယာဉ်ပွဲကိုင်ရှင်" တချို့သည် တည်ဆဲတားမြစ်ချက်ဥပဒေများကို ဆိတ်ကွယ်ရာ နေရာ အချိန်ဟုထင်ပြီး ပြောင်ပြောင်ကြီး ကျူးလွန်ကြ၏။ ပေါ်တင်ကြီး ကျူးလွန်လိုက်ကြ၏။**

မိသားစု စိတ်ဓာတ်။ စိတ်စေတနာကောင်းထားသည့် ဖြူစင်သည့်စိတ် စသည့် လူပီသသည့် အသိစိတ်ဓာတ်ကောင်းများ ရှင်သန်အောင် မွေးမြူထားဖို့ လိုပါမည်။ လက်တွေ့ကျကျ ကျင့်သုံးဖို့လိုပါသည်။ စိတ်ဆိုးစိတ်ညစ်၊ လောဘ ဒေါသစိတ်များကို ပြောင်းလဲပြုပြင်ပစ်သင့်ပါသည်။ လျှော့ချသင့်ပါသည်။ သို့မှသာ စိတ်ကျန်းမာ၍ ရုပ်ခန္ဓာ ကျန်းမာလာပါမည်။ အချင်းချင်းထိန်းကျောင်းဖို့ လိုပါမည်။ ပညာရေးစနစ်တွင် ကျောင်းသားချင်းထိန်းသည့် ကျောင်းသားခေါင်းဆောင် "မော်နီတာ" က အနီးကပ်ထိန်း၏။ ဆရာ ဆရာမက အလှည့်ကျထိန်း၏။ တပ်မတော်တွင် "တပ်ထိန်း" ရှိ၏။ ရဲတပ်ဖွဲ့တွင် "ရဲစည်းကမ်းထိန်း" ရှိသည်။ "သံဃာတော်" တွင် စာချ၊ စာသင်၊ တိုက်ကြပ်၊ တိုက်အုပ်၊ ကျောင်းထိုင် ဆရာတော်၊ နာယကဆရာတော်၊ အဓိပတိ ဆရာတော်တို့ရှိ၏။ ရွာတွင် လူငယ်များကို "ကာလသားခေါင်း" က ထိန်း၏။ မိသားစုတွင် မိဘနှစ်ပါး။ အစ်ကိုကြီး အဘအရာ၊ အစ်မကြီး အမိအရာတို့က ထိန်း၏။ သားသမီးချင်း ထိန်း၏။ ဆွေမျိုးသားချင်း အချင်းချင်း ထိန်း၏။ ရွာသူရွာသားချင်း၊ အိမ်နီးနားချင်းချင်း၊ အချင်းချင်းထိန်းကြ၏။ ဝန်ထမ်းချင်း ထိန်း၏။ ဘဝတူချင်းထိန်း၏။ လမ်းအသုံးပြုသူချင်း ထိန်း၏။ ရပ်သူ ရွာသား ပြည်သူ ပြည်သားချင်း ထိန်း၏။ "အရပ်ကူပါ၊ လူဝိုင်းကြပါ" အရပ်ကူဖို့ လူဝိုင်းဖို့ လိုပါမည်။ အရပ်ကူကြပါမည်။ လူဝိုင်းကြပါမည်. . .။

လွန်လေပြီးသောကာလက ဤသို့ ပြည်သူချင်းထိန်းကျောင်းသည့် စနစ်တစ်ခုကို အမှတ်ရမိ၏။ ယာဉ်များကို ထိန်းကျောင်းရန် တိုက်ရိုက်တာဝန်ရှိသည့် ယာဉ်ထိန်းအင်အားမှာ "ဆင်ပါးစပ်၊ နှမ်းပက်"သည့် အရေအတွက်၊ အရည်အသွေး၊ စွမ်းအားသာရှိပါ၏။ "ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဗေဒါက တစ်ပွင့်တည်း၊ အယက်အကန်ခံလို့ ဗေဒါပျံ့အံကိုခဲ . . . ပန်းပန်လျက်ပဲ" ဆရာဇော်ဂျီ၏ ကဗျာပါ။ မဗေဒါကဲ့သို့ ယာဉ်ထိန်းများ လှလှကြီး ခံစားနေရ၏ ဟုဆိုလျှင် မှားမည်မထင်ပါ။ ကားများက ဘဲအုပ်ကြီးပါတကား။

သို့ဖြင့် ကျွန်တော်တို့ ကူဖို့ဝိုင်းဖို့လိုပါမည်။ ကျွန်တော်တို့ယာဉ်ထိန်းရန် တာဝန်မရှိပါဟု ပြောကြမည်။ တွေးကြမည်။ မှန်ပါသည်။ သို့ရာတွင် ပြည်သူအကျိုးပြုအနေဖြင့် ပြည်သူတို့တွင် ဝတ္တရားရှိသည်ထင်ပါသည်။

"တာဝန်" ဆိုသည့် အဓိပ္ပာယ်မှာ ဆောင်ရွက်ရန် အမှုကိစ္စဖြစ်သည်။ တာဝန်ရှိသူသည် တာဝန်ယူရမည်။ တာဝန်ခံရမည်။ တာဝန်ကျေပွန်ရမည် ဖြစ်ပါ၏။ တာဝန်မကျေပွန်လျှင်၊ ပျက်ကွက်လျှင် အရေးယူခံရမည်ဖြစ်၏။ "ဝတ္တရား" ဆိုသည့် အဓိပ္ပာယ်မှာမူ ဆောင်ရွက်အပ်သော အမှုကိစ္စဖြစ်၏။ ဆောင်ရွက်အပ်သည်၊ ဆောင်ရွက်သင့်သည့် ကိစ္စဖြစ်သည်ဟု မှတ်သားရပါ၏။

ယာဉ်ထိန်းတပ်ဖွဲ့မှ " မှတ်သားဖမ်းဆီးစာအုပ်" လေးများကို ဝတ္တရားရှိကြသည့် ပြည်သူများထံ အကူအညီတောင်းသည့်အနေဖြင့် ဖြန့်ဝေကာ အကူအညီ တောင်းခံခဲ့ဖူးပါ၏။ ပြည်သူများအနက် လူကြီးလူကောင်းများ "ဂျင်းတလ်မင့်များ"၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအသီးသီးမှ အရာရှိကြီးများထံ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အနှီစာအုပ်ကလေးတွင်ပါရှိသည့် "စာတိုင်"များမှာ ၊ ယာဉ်အမှတ်၊ ယာဉ်အမျိုးအမည်၊ အမျိုးအစား၊ အရောင်၊ ကျူးလွန်သည့်နေ့စွဲ၊ အချိန်၊ နေရာ၊ ကျူးလွန်ပုံ ကျူးလွန်နည်းပါဝင်ပြီး ဤသည်တို့ကို ဖြည့်စွက်ပေးပါရန်နှင့် လက်မှတ်၊ အမည်၊ ဌာန၊ လိပ်စာတို့ဖြင့် ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပန်ကြားဆောင်ရွက်ခဲ့သည်ဟု သိရ၏။ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ကြောင်း သိရ၏။ သို့ရာတွင် ဝတ္တရားသည် တာဝန်မဟုတ်ပါ။ သို့ဖြင့် သူတို့ကိုယ်ရေးကိုယ်တာ အချိန်များထဲမှ အချိန်အနည်းငယ် ဖဲ့ပေးကူညီသူများလည်း ရှိပါ၏။

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ"၊ " ထရံမှာ နားရှိ၏" ဟူသော စကားများရှိသည်။ တာဝန်ရှိသည့် ယာဉ်ထိန်းမရှိသည့်နေရာများ အချိန်များတွင် "ယာဉ်ပွဲကိုင်ရှင်" တချို့သည် တည်ဆဲတားမြစ်ချက်ဥပဒေများကို ဆိတ်ကွယ်ရာနေရာ အချိန်ဟုထင်ပြီး ပြောင်ပြောင်ကြီး ကျူးလွန်ကြ၏။ ပေါ်တင်ကြီး ကျူးလွန်လိုက်ကြ၏။ သတ်မှတ်ပြဋ္ဌာန်း ဥပဒေကို အတင့်ရဲစွာ ဖောက်ဖျက်ကျူးလွန်ကြ၏။ အလွန့်အလွန် လိုက်နာရန်ပျက်ကွက်ကြ၏။ ဆိုးဆိုးရွားရွား ရုပ်ပျက်ဆင်းပျက် မြင်မကောင်း ရှုမကောင်း သည်းမခံနိုင်လောက်အောင် ပုံဖော်နေကြ၏။ အသက်အန္တရာယ်ကြီးများ ရှိမည်၊ ပေါ်ပေါက်မည်၊ ယာဉ်တိုက်မှုများဖြစ်ရန် အလားအလာများစွာရှိသည့် အမှုများ ကျူးလွန်နေကြောင်း တွေ့နေရသည်။ ဝတ္တရားရှိသည့် လူကြီးမင်းများမှ သွားရင်း လာရင်း စားရင်း သောက်ရင်း၊ နေရင်း ထိုင်ရင်း၊ လုပ်ရင်း ကိုင်ရင်း ဆိုခဲ့ပါပြစ်မှုကျူးလွန်သော ယာဉ်များအားတွေ့ရှိက "မှတ်သားဖမ်းဆီးစာအုပ်"မှ စာရွက်ကိုဖြည့်စွက်ပေးဖို့ တိုင်ကြားခဲ့ကြပါသည်။

ယနေ့ အိုင်တီခေတ်၊ မီဒီယာခေတ်၊ သိပ္ပံခေတ်ကြီး ရောက်ပါပြီ။ နည်းပညာများမှာ လိုက်မမီအောင် တိုးတက်ဖြစ်ထွန်းနေ၏။ ပြည်သူများ လက်တွေ့ကျကျ အသုံးပြု၊ အသုံးချနိုင်ကြပြီ ဖြစ်ပါသည်။

သို့ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသည့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဝတ္တရားရှိသည့် ပြည်သူများသို့ ဆိုခဲ့ပါ၏။ ယာဉ်တိုက်မှု၊ ယာဉ်အန္တရာယ်ကြီး ဖြစ်တော့မည် ဥပဒေမဲ့၊ ဥပဒေဖောက်ဖျက်ကျူးလွန်သည့် ယာဉ်များအား တွေ့ရှိက ဓာတ်ပုံရိုက်၊ ဖြစ်စဉ်မှတ်တမ်းအတိုချုပ်၊ နေ့ရက်၊ နေရာ၊ အချိန်တို့ကို ယာဉ်ထိန်း Viber ၀၉၉၇၉၉၁၂၀၃၂၈ သို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။ အလွန်ကောင်းပါ၏။ တိကျပါ၏။ ခိုင်လုံပါ၏။ ထင်ရှားပါ၏။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပါ၏။ ငြေးမလွတ်တော့ပါ။ ဆင်ခြေ ကန်လို့မရ၊ ဘူးခံလို့မရ၊ ငြင်းလို့ မရတော့ပါ။ အလီတိုင်ပြလို့လဲ မရတော့ပါ "မှတ်သား ဖမ်းဆီးစာအုပ်" ခေတ်နှင့် အလွန်ကွာခြားနေပါသည်။ ပြည်သူများအသိပညာနှင့် စိတ်ဓာတ်ကောင်းဖြင့် ပါဝင်လာကြပြီး စောင့်ကြည့်တိုင်ကြားလာကြပါပြီ။ ပေါ်များစွာသော ကားများ၏ ပွဲကိုင်ရှင်များမှ အသိပညာ စိတ်ဓာတ်ကောင်းများ ပေါ်များစွာထားဖို့သာ လိုပါတော့သည် မဟုတ်ပါလား. . .။

Viber ဖြင့်တိုင်ကြားမှုများကို သက်ဆိုင်ရာယာဉ်ထိန်းက သက်ဆိုင်ရာ ယာဉ်ပိုင်ရှင်ထံ ဆင့်ခေါ်ထုတ်ပြန်၍ စနစ်တကျ ဆင့်ခေါ်နေသည်ဟု သိရသည်။ ထို့နောက် သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ပို့မည်ဟု သိရပြီး၊ တိုင်ကြားခံရသည့် ယာဉ်များ၏ အချက်အလက်များကို နေ့စဉ်ထုတ်သတင်းစာများ၊ စာစောင်များတွင် စည်းကမ်းမဲ့ယာဉ်များကို ဖော်ပြလျက်ရှိကြောင်း သိရသည်။ တာဝန်ရှိသည့်ယာဉ်ထိန်းနှင့် ဝတ္တရားရှိသည့်ပြည်သူတို့က စည်းကမ်းမဲ့ယာဉ်များကို စောင့်ကြည့်ဖော်ထုတ် အရေးယူလျက်ရှိပါသည်။

သို့ဖြင့်အချင်းချင်း ယာဉ်ပိုင်ရှင်များက ပွဲကိုင်ရှင်များကို ထိန်းချုပ်ဖို့ လိုအပ်၏။ မိသားစုက ထိန်းရမည်။ အတိအကျ အရေးယူခံရပါက ကာယကံရှင် ယာဉ်ပွဲကိုင်ရှင်၊ ပတ်သက်ရာ မိသားစုအသိုင်းအဝိုင်း၊ ယာဉ်ပိုင်ရှင်တို့ အချိန်ကုန်၊ ငွေကုန်၊ လူပမ်း နစ်နာနိုင်ကြပါမည်။ အချင်းချင်း ပြုပြင်နိုင်၏။ ထိန်းကျောင်းနိုင်၏။ ကိုယ်ကျင့်တရား အသိပညာစိတ်ဓာတ်ကောင်းများ၊ ကိုယ်တိုင်အသီးသီးထားရှိနိုင်၏။ ဝေငှနိုင်၏။အခြားသူများကိုလည်း ရောင်ပြန်ဟပ်ပေးနိုင်၏။ မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစား၍ တိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားနိုင်ကြပါ၏။ မျက်မှောက်အခါသမယတွင် အရာရာ အဘက်ဘက်က စိန်ခေါ်နေပါ၏။ သဘာဝဘေးအန္တရာယ်များ တိုင်းတစ်ပါး၏ အမှောင့်ပယောဂအန္တရာယ်များ၊ လူ့ပယောဂအန္တရာယ်များ စသည် စသည် အသီးသီးရှိ၏။ တွေ့ကြုံနေရ၏။ ခံစားနေရ၏။ အနှီအန္တရာယ် အမျိုးမျိုး၊ အသီးသီး၊ အသွယ်သွယ်ကို၊ ကြံ့ကြံ့ခံ၍ အနိုင်တိုက်ယူရပါမည်။

သို့ပါ၍ ယနေ့မျက်မှောက်ခေတ်တွင် လမ်းပေါ်ဆင်းလိုက်သည်နှင့် ပေါ်များလွန်းသော ယာဉ်များ၏ အန္တရာယ်ကြုံဆုံနိုင်ပါ၏။ တောချုံအုံကြား၊ ပေါ်များလွန်းလှသော ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လွန်းလျှင် မြွေပေါက်ခံရနိုင်၏။ ယာဉ်များပေါ်များလွန်းလျှင် ကားတိုက်ခံရနိုင်ပါ၏။ ယင်းကိစ္စ ယင်းဖြစ်စဉ်၊ ယင်းအခြေအနေ၊ ယင်းအန္တရာယ်လျော့ပါးရေးအတွက် ကိုယ်ကျင့်တရား အသိပညာစိတ်ဓာတ်ကောင်းများဖြင့် ဆောင်ရွက်ကြရန် ကျွန်တော်တို့ပြည်သူအားလုံး ဝတ္တရားရှိသည်မဟုတ်ပါလား။ အရပ်ကူပါ-လူဝိုင်းပါမည်။ တတ်နိုင်သလောက်အုတ်တစ်ချပ် သဲတစ်ပွင့်စာလောက်ပင်ဖြစ်စေ ပါဝင်ကူညီနိုင်ကြပါ၏။ ကူညီနိုင်ကြပါစေ။ သို့မှ လူသားအားလုံး ယာဉ်ဘေးဥပဒ် အန္တရာယ်ရန်ဘေးမှ ကင်းဝေးငြိမ်းအေး နိုင်ကြပါမည်။ ငြိမ်းအေးနိုင်ကြပါ၏။ ငြိမ်းအေးနိုင်ကြပါစေဟူ၍ ဆန္ဒပြုဆုမွန်ခြွေ တင်ပြအစီရင်ခံလိုက်ပါရစေ. . .။

# ရိုးရာမပျက် ဆင်နွှဲ ဆားလင်းကြီးမြို့က နယ်လုံးဆိုင်ရာ တာဝတိံသာမီးထွန်းပွဲ



**ဆားလင်းကြီး နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၁) ရပ်ကွက် ကံစွယ်ကျောင်းတိုက်အတွင်း၌ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ကံစွယ်ကျောင်းတိုက်ဆရာတော် ဦးကောဝိဒနှင့် စည်သူပန်ကျောင်းတိုက်ဆရာတော် ဦးပညာစာရတို့၏ ဩဝါဒကိုခံယူ၍ ချမ်းသာရပ်၊ ညောင်ဂျပ်ပင်ရပ်တို့မှ တပည့်ဒါယကာ ဒါယိကာမများ၏ ကြိုးပမ်းဆောင်ရွက်ပေးမှု၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ စေတနာရှင်များ၊ ရပ်နီး/ ရပ်ဝေးမှ စေတနာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဆားလင်းကြီးမြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်သော (၁၀၅)ကြိမ်မြောက် နယ်လုံးဆိုင်ရာ တာဝတိံသာ မီးထွန်းပွဲတော်ကြီးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့၏ နယ်လုံးဆိုင်ရာ တာဝတိံသာ မီးထွန်းပွဲတော်ကြီးသည် တစ်မူထူးခြားစည်ကားသော မီးထွန်းပွဲတော်ကြီးဖြစ်သည်။ ဂေါတမမြတ်စွာဘုရားသည် ဝါတွင်း ကာလသုံးလပတ်လုံး လူ့ပြည်က အမိတော်စပ်ခဲ့ဖူးသောနတ်ပြည်မှ သန္တုသိတ နတ်သားအား တရားဟောပြောညွှန်ပြရန် တာဝတိံတာနတ်ပြည်သို့ ကြွမြန်းတော်မူပုံ၊ သီတင်းကျွတ်လပြည့်နေ့ ရောက်ရှိသောအခါ နတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်တော်မူဟန်၊ ဂေါတမမြတ်စွာဘုရားနတ်ပြည်သို့ ကြွမြန်းလာစဉ်နှင့် လူ့ပြည်သို့ ပြန်လည်ဆင်းသက်ကြွမြန်းချိန်ဝယ် နတ်ပြည်ခြောက်ထပ်၌ရှိသော နဂါး၊ ဂဠုန်၊ ဂန္ဓာ၊ ယက္ခာ၊ ဂန္ဓဗ္ဗ၊ ဝိသကြုံမာတလိ၊ ပဥ္စသိခ်နတ်သား၊ သိကြား၊ ဗြဟ္မာ၊ အစရှိသည့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့က မြတ်စွာဘုရားအား ခရီးဦးကြိုပြုခြင်း၊ လိုက်ပါပို့ဆောင်ပေးခြင်း၊ ငွေစောင်းတန်း၊ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်းစသော စောင်းတန်းကြီးသုံးသွယ်ကို ဖန်ဆင်းစေပြီး မြတ်စွာဘုရားအား လူ့ပြည်သို့ ပြန်လည်လိုက်ပါပို့ဆောင်ပေးခြင်းတို့ကို သရုပ်ဖော်ပြသကြသောကြောင့် ကြုံတုန်းဆုံခိုက် ရပ်နီး ရပ်ဝေးမှလာကြသော အများပြည်သူ ဧည့်သည်တို့မှာလည်း ကြည်ညိုအံ့သြစရာ ခံစားကြရကြောင်း သိရသည်။

နှစ်စဉ်ကျင်းပလာခဲ့သော ဆားလင်းကြီးမြို့၏ နယ်လုံးဆိုင်ရာတာဝတိံသာ မီးထွန်းပွဲတော်ကြီး၌ ယခုနှစ်တွင် ပထမအကြိမ်မြောက်မြန်မာ့ရိုးရာခြင်းလုံးအလှ ခတ်ပွဲကိုလည်း ထည့်သွင်း ကျင်းပနိုင်ခဲ့သော ကြောင့် ပိုမိုစည်ကားလာခဲ့ခြင်းဖြစ်သည်။ ပြီးဆုံးသည်နှင့် ဇာတ်အဖွဲ့ဖြင့် သုံးညတိုင်တိုင် ဘုရားဖူးလာ ဧည့်ပရိသတ်အပေါင်းတို့အား ဧည့်ခံဖျော် ဖြေပေးခြင်းတို့ကြောင့် ဘုရားဖူးလာသူ၊ ဇာတ်ပွဲကြည့်သူတို့ဖြင့် ကြိတ်ကြိတ်တိုးစည်ကားလှသော မီးထွန်းပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# သံဃာတော် ၁၄၅၉ ပါးအား စာရေးတံမဲဖောက်၍ သီပေါ၌ ဆွမ်းကြီးလောင်းလှူပွဲကျင်းပ



**သီပေါ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် သံဃာတော်အရှင်သူမြတ်များကို စာရေးတံမဲပွဲပြုလုပ်၍ဆွမ်းကြီးလောင်းလှူပွဲကို နိုဝင်ဘာ ၁ ရက်မှစတင်၍ မဟာမြတ်မုနိဘုရားကြီးတန်ဆောင်းတော်၌ ကျင်းပရာ မြို့နယ်အတွင်းမှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများက ကုသိုလ်ပြု ပါဝင်လှူဒါန်းကြသည်။

ယခုနှစ် သံဃာဒါနဆွမ်းကြီးလောင်းနှင့် စာရေးတံမဲဆက်ကပ်လှူဒါန်းပွဲတွင် သံဃာတော် ၁၄၅၉ ပါးတို့ကို ပဒေသာပင်ကြီး ၁၂၉ ပင်၊ ငွေပဒေသာပင် ၁၀၀ စုစုပေါင်း လှူဒါန်း ငွေကျပ်သိန်းပေါင်း ၁၅၀၀ ကျော်ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ကမာရွတ်တွင် မဟာပဌာန်းမြတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ မိသားစုတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် ဇေယျသုခကျောင်းတိုက်၌ တတိယအကြိမ်မြောက် အသံမစဲမဟာပဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီကကျင်းပရာ ဇေယျသုခကျောင်းတိုက်ဆရာတော် ဦးသူရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

အဆိုပါအသံမစဲမဟာပဌာန်းမြတ်ပူဇော်ရွတ်ဖတ်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**(၃၄၉)**

# လူထုအခြေပြုကျန်းမာရေးအခမ်းအနားကျင်းပ

**ပေါက်ခေါင်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲက ကြီးမှူးကျင်းပသော လူထုအခြေပြုကျန်းမာရေး၊ ရှေးဦးပြုစုခြင်းစီမံကိန်းနှင့် အောက်တိုဘာ ၁၅ ရက် ကမ္ဘာ့လက်ဆေးခြင်းနေ့ အခမ်းအနားကို မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သွင် တို့က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတပ်ရင်းမှူး ဒေါ်ဝင်းရီက လက်ဆေးခြင်းနှင့် ပတ်သက်သော ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဖြူးမြို့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဖြူး နိုဝင်ဘာ ၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းနှင့် Capital Diamond Star Foundation တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ နောက်ဆုံးပတ်က ဖြူးမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ဖွင့်ပွဲအထိမ်း အမှတ်အလံများကို တာဝန်ရှိသူများသို့ ပေးအပ်ကြသည်။




အဆိုပါ စီမံချက်လုပ်ငန်းစဉ်တွင် "ကျေးရွာ အရောက်ခရီးပေါက်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ နယ်လှည့် ဆေးကုသရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်လှစ်ခြင်း၊ အရန်သားဖွား ဆရာမများအား (မွမ်းမံ)သင်တန်းပေးခြင်း၊ ကျေးလက်လူငယ် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျေးရွာကျန်းမာရေး အရေးပေါ် ရန်ပုံငွေထူထောင်ခြင်းနှင့် ကျေးရွာကျန်းမာရေးပညာ ပေးစာကြည့်တိုက်များ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ အောက်တိုဘာလအထိ နှစ်နှစ်စီမံချက်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**

# ကျန်းမာရေးဆေးခန်းသုံးလျှပ်စစ်ပစ္စည်းများပေးအပ်

**ညောင်လေးပင် နိုဝင်ဘာ ၂**

ကျေးလက်ကျန်းမာရေးဆေးခန်းတွင် လိုအပ်လျက်ရှိသော ဆေးခန်းသုံးလျှပ်စစ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ နောက်ဆုံးပတ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဂျောင်းတာကျေးရွာအုပ်ချုပ်ရေးမှူးဦးပါက အမှာစကားပြောကြားပြီး အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံအရာရှိရိပ်သာနေ ဒုတိယဗိုလ်မှူးကြီး ဦးစောအောင်(ငြိမ်း) က လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါဆေးခန်းသို့ လျှပ်စစ်ပစ္စည်းလှူဒါန်းပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက်နေ့ရောညပါ အချိန်မရွေး ပြုစုစောင့်ရှောက်ပေးနိုင်မည်ဖြစ်ပါ၍ များစွာအဆင်ပြေကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဝန်ထမ်းများကြိုတင်ဆန္ဒမဲပေးခြင်းကို ကော်မရှင်အဖွဲ့ခွဲရုံးမှ ဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများကြိုတင်ဆန္ဒမဲပေးခြင်းကို ကျောက်တံတားမြို့နယ်အတွင်းရှိ အမှတ် ၅ ရပ်ကွက်ရှိမဲရုံ၌အောက်တိုဘာ ၃၀ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်တံတားမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဥက္ကဋ္ဌဦးမြင့်သိန်းက "ဒီနေ့ ကြိုတင်မဲပေးကြသူများကတော့မြို့နယ်အတွင်းမှာရှိတဲ့ ရွေးကောက်ပွဲမှာမရှိမဖြစ် လိုအပ်တဲ့ သူတွေနဲ့ ရွေး ကောက်ပွဲမှာမရှိမဖြစ်တာဝန်ထမ်းဆောင်ရမယ့်သူတွေပါ။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များကလည်း နိုဝင်ဘာ ၆၊ ၇၊ ၈ ရက်တွေမှာ အလုပ်တွေရှိနေတဲ့အတွက်ဒီရက်ပိုင်းမှာ ကြိုတင်မဲပေးတာ ဖြစ်ပါတယ်။ ကျောက်တံတားမြို့နယ်ရဲစခန်းကဆိုရင်တောင်ပိုင်းခရိုင်မှာ သွားပြီး တာဝန်ထမ်းဆောင်ရမှာဆိုတော့ ဒီရက်မှာလူ ၂၀ ကြိုတင်မဲပေးဖို့ ကျွန်တော်တို့ ဆီကိုလည်း သတင်းပို့ထားသလိုရပ်ကွက်ရုံးမှာလည်း သတင်းပို့ထားပါတယ်။ နိုင်ငံရေးပါတီတွေကိုလည်းဖိတ်ထားပါတယ်၊ ကြိုတင်မဲပေးထားတဲ့ စာရင်းတွေကို မှတ်တမ်းတင်ထားပေးတယ်၊ နာမကျန်းဖြစ်သူများကိုလည်း ၆ရက်နှင့် ၇ ရက် မှာပေးပါမယ်၊ အခုကတော့ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ ဌာနဆိုင်ရာ ဝန်ထမ်းများပဲ"ဟု ပြောသည်။ အဆိုပါကြိုတင်ဆန္ဒမဲပေးခြင်းအား အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ကို လာရောက်ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ကျောက်တံတားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။

**စိုးဝင်း(SP)**

# ၂၀၁၅ ခုနှစ် အာရှ BMX စက်ဘီးပြိုင်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

အာရှစက်ဘီးအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံအိုလံပစ်ကော်မတီ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၅ ခုနှစ် အာရှ BMX စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှစတင်၍ နေပြည်တော် Mount Pleasant ဟိုတယ်အနီးရှိ BMX စက်ဘီးပြိုင်ကွင်းအတွင်း၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ BMX စက်ဘီးပြိုင်ပွဲကို (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၌ လက်ခံကျင်းပခြင်းကြောင့် ယခုအာရှအဆင့် BMX ပြိုင်ပွဲသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ထိုသို့ လက်ခံကျင်းပခြင်းကြောင့် မြန်မာ့စက်ဘီးလောကဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်ပါကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံအချင်းချင်း၊ ကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် အားကစားသမားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကစားကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ အာရှစက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး Mr.Chooi Boo Woong က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အာရှစက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူးက BMX စက်ဘီးပြိုင်ပွဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်း အထိမ်းအမှတ်အမှတ်တရလက်ဆောင်ကိုပေးအပ်ရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများအဖြစ် အိမ်ရှင်မြန်မာ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အရှေ့တီမောတို့မှ ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း ၆၀ ပါဝင်ယှဉ် ပြိုင်ကြပြီး နံနက်ပိုင်းတွင် အသက် ၁၉ နှစ်အောက် ကျား/မ တစ်ဦးချင်း စံချိန်ပြု လူရွေးပြိုင်ပွဲများ၊ အသက် ၁၉ နှစ်အထက် ကျား/မတစ်ဦးချင်းစံချိန်ပြုလူရွေးပြိုင်ပွဲများ ကျင်းပသည်။

ထို့နောက် အသက် ၁၉ နှစ်အောက် ကျား/မအုပ်စုလိုက် စံချိန်ပြုလူရွေးပြိုင်ပွဲများ၊ အသက် ၁၉ နှစ် အထက် ကျား/မ အုပ်စုလိုက် စံချိန်ပြု လူရွေးပြိုင်ပွဲများ၊ မွန်းလွဲပိုင်း၌ အသက် ၁၉ နှစ် အထက်နှင့် အသက် ၁၉ နှစ်အောက် ကျား/မ ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ ဆက်လက်၍ အသက် ၁၉ နှစ်အောက် ကျား/မ ဗိုလ်လုပွဲစဉ်များနှင့် အသက် ၁၉ နှစ်အထက် ကျား/မ ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲများအပြီးတွင် ပြိုင်ပွဲ အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို တာဝန်ရှိသူများက ငွေသားဆုနှင့် အမှတ်တရလက် ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(မြန်မာ့အလင်း)**

# ဂျပန်ချေးငွေဖြင့် ပဲခူးမြို့ရေသန့်ဖူလုံလာမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ပဲခူးမြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဂျပန်နှစ်ရှည်ချေးငွေရယူကာ ရေပိုက်လိုင်းများအစားထိုးလဲလှယ်ခြင်း စီမံကိန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ဒီစီမံကိန်းက ပဲခူးမြို့တစ်မြို့လုံးသန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် ဂျပန်နှစ်ရှည်ချေးငွေကိုရယူပြီး ကန်တော်ကြီးဆည်မှ မြို့တွင်းသို့ဆက်သွယ်တဲ့ရေပိုက်လိုင်းတွေကို အစားထိုးလဲလှယ်ခြင်း၊ အသစ်တိုးချဲ့ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်က ပြောသည်။ယင်းစီမံကိန်းပြီးစီးပါက ပဲခူးမြို့ပေါ်ရှိပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေကို ဖူလုံပြည့်ဝစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးသည် မိုးရာသီရေကြီးရေလျှံမှုများ ကြုံတွေ့ရလေ့ရှိပြီး ယခု ကဲ့သို့သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဆောင်ရွက်ပေးနိုင်မှုကြောင့် သောက်သုံးရေအခက်အခဲကို အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **ကြံတိုင်းအောင်**

# ရှုံးရှီးရွာရှိ အလင်းရောင်စာကြည့်တိုက် ပြုပြင်ပြီးစီး

**ဂန့်ဂေါ နိုဝင်ဘာ ၂**

ဂန့်ဂေါမြို့နယ် ရှုံးရှီးကျေးရွာ၌ ကျေးရွာနေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာစာကြည့်တိုက်ကို ပြီးခဲ့သည့်နှစ် ၆၀ ကျော်က စတင်ထူထောင်ခဲ့၍ စာကြည့်တိုက်၏ ရွှေရတုသဘင်အခမ်းအနားကို၂၀၀၄ ခုနှစ်က စည်ကားစွာ ကျင်းပခဲ့သည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ ဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း၏ ခွင့်ပြုငွေကျပ် ၁၀ သိန်းကို မတည်လျက် စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် အလျား ၄၅ ပေ၊ အနံ ၂၉ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ဆောင်ကို ငွေကျပ် ၁၇၁၈၆၄၇၀ ဖြင့် ဆောက်လုပ်ထားရာ ယခုအခါပြီးစီးနေပြီဖြစ်၍ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့်ကို စီစဉ်ဆောင်ရွက်ထားသဖြင့် ကျေးရွာနေပြည်သူများ စာအုပ်စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများ၊ မီဒီယာများ၊ CSO များ တွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ မီဒီယာများ၊ CSO အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးအောင်ထွန်းက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် စီစဉ်ထားရှိမှုများ၊ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားရှိမှုများ၊ CSO အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွဲဖက်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၌ တင်ပြဆောင်ရွက်နိုင်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပါတီများ၊ မီဒီယာများလိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ မဲဆန္ဒရှင် လူဦးရေ ၄၄ သိန်းခန့် မဲရုံပေါင်း ၅၃၈၄ ရုံဖြင့် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရန် ရာခိုင်နှုန်းပြည့်နီးပါး စီစဉ်ဆောင်ရွက်ပြီးဖြစ်၍ မဲဆန္ဒရှင်စာရင်းကို ကော်မရှင်အဖွဲ့က သတ်မှတ်ပေးရက်၌ ထုတ်ပြန်သွားမည်ဖြစ်ကာ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ရာတွင် လူဦးရေ ၄၁ သိန်းကျော်၊ ဒုတိယအကြိမ် ထုတ်ပြန်ရာတွင် လူဦးရေ ၄၂ သိန်းကျော် ပုံစံ(၃-က)ဖြင့် ရက်ပေါင်း ၁၈၀ အထက် နေထိုင်သူ မဲဆန္ဒရှင်များ ထပ်တိုးမှုကြောင့် မဲဆန္ဒရှင်များ ထပ်တိုးလာသဖြင့် နောက်ဆုံးထုတ်ပြန်မှုတွင် မဲဆန္ဒရှင် ၄၄ သိန်းခန့်ထိ ရှိလာမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ၏ ရှင်းလင်းချက်အရ သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မဲဆန္ဒရှင်သက်သေခံကတ်ပြားများထုတ်ပေး

**ကျွန်းလှ နိုဝင်ဘာ ၂**

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အချိန်တိုအတွင်း အလွယ်တကူ မဲပေးနိုင်ရန် ရပ်ကွက်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ သက်သေခံကတ်ပြားများ ထုတ်ယူနိုင်ရန် အသံချဲ့စက်ဖြင့် ကြိုတင်ဆော်ဩထားကြောင်း သက်သေခံကတ်ပြားတွင် မဲစာရင်းအမှတ်စဉ်/အမည်/မွေးသက္ကရာဇ်/မှတ်ပုံတင်/ အဘအမည်/ အမိ အမည်/နေရပ်လိပ်စာတို့ပါရှိသည့်အတွက် မဲပေးရာတွင် လွယ်ကူမည်ဖြစ်ကြောင်း ပျဉ်းမပြိုင်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ရင်က ပြောကြားသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**မောက်မယ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ် ဆွမ်းဆန်စိမ်းလောင်း လှူပူဇော်ပွဲကို အောက်တိုဘာ နောက်ဆုံးပတ်က နန်းဖတ်ခုမ်စေတီတော်ကျောင်းမှ မြို့နယ်ပရိယတ္တိပါဒကစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်၌ ကျင်းပသည်။

အဆိုပါသီတင်းကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် မြို့နယ်စုပေါင်းရုံးရှေ့၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်တွင် ဒေသခံတိုင်းရင်းသားပြည်သူတို့က သံဃာတော်အပါး ၁၆၃ ပါးတို့ကို ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့် (ပြန်/ဆက်)**

# ကဗျာဝကမ်းခြေစီမံကိန်းစတင်ခြင်းအထိမ်းအမှတ် ကျေးလက်ကျန်းမာရေးဌာနတည်ဆောက်



**ရေး နိုဝင်ဘာ ၂**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကမ်းခြေစီမံကိန်း စတင်ခြင်းအထိမ်းအမှတ်အနေဖြင့် လှူဒါန်းမည့် ကဗျာဝကျေးရွာ ကျေးလက်ကျန်းမာရေး အဆောက်အအုံအား အော်ရမ်ကုမ္ပဏီက လှူဒါန်းတည်ဆောက်သွားမည်ဖြစ်ပြီး ဆေးပေးခန်းတစ်ခန်း၊ ဝန်ထမ်းအိမ်ရာတစ်ခုအပါအဝင် အာစီတစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

ကဗျာဝကမ်းခြေသည် ယင်းမြို့မှ ၁၇ မိုင် ဝန်းကျင်အကွာအဝေးမှာတည်ရှိပြီး ဇီးဖြူတောင်ပင်လယ်ကမ်းခြေမှတစ်ဆင့် ပင်လယ်ရေကြောင်း သုံးမိုင် ခရီးကို ၄၅ မိနစ်ဖြင့် စက်လှေများနှင့် သွားလာနိုင်ကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် အခုလိုကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးသောကြောင့် ကျန်းမာရေးအတွက် အရေးပေါ်ကုသနိုင်မည်ဖြစ်၍ ဒေသခံများက ဝမ်းသာနေကြကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စန်းက သိရသည်။

ထို့အပြင် ဒေသခံအလုပ်အကိုင်များလည်း ရရှိလာမည်ဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက်မှာ ကမ်းခြေစီမံကိန်းနှင့် အနီးအနားဝန်းကျင်တစ်လျှောက်လုံးတွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀ မှ ၃၀၀ ပေါက်ဈေးရှိကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ ကဗျာဝကမ်းခြေစီမံကိန်းအား အော်ရမ်ကုမ္ပဏီမှ ၂၀၁၆ ခုနှစ်အတွင်း လျာထားလျက်ရှိပြီး ဟိုတယ်ဇုန်ပြခန်း၊ မွန်ယဉ်ကျေးမှုပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်းများ၊ အဏ္ဏဝါသိပ္ပံအစီအစဉ်များနှင့် အပန်းဖြေကစားကွင်းများပါ ထည့်သွင်းလျာထားကြောင်း စီမံကိန်းတစ်ခုလုံး ရင်းနှီးမြှုပ်နှံမည့် ကုန်ကျငွေ ပဏာမမှာ အမေရိကန်ဒေါ်လာငွေကျပ်သန်းပေါင်း ၂၀၀ ဝန်းကျင် ပြင်ဆင်လျာထားပြီး မြေအရောင်းအဝယ်လုပ်သူများက ဒေသပေါက်ဈေးကိုရသော်လည်း ရင်းနှီးမြှုပ်နှံကြသူများမှာ အပြိုင်အဆိုင်ဝယ်လာကြသဖြင့် ပေါက်ဈေးမှာ အဆမတန် မြင့်တက်သွားကြောင်း ရင်းနှီးမြှုပ်နှံမည့် တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**နေမျိုးထွဋ် (ရေး)**

# သထုံခရိုင်အတွင်း မဲရုံ ၂၃ ရုံအား စောင့်ကြည့်လေ့လာသူ ၄၅ ဦးအသုံးပြုကာ ဖန်တီးအိမ်အဖွဲ့က စောင့်ကြည့်မည်

**သထုံ နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မဲရုံ ၂၃ ရုံအား ဖန်တီးအိမ်အဖွဲ့မှ စောင့်ကြည့်လေ့လာသူ ၄၅ ဦး အသုံးပြုကာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် လေ့လာ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။



'သထုံခရိုင်ထဲက မြို့နယ်လေးခုမှာတော့ အားလုံးစောင့်ကြည့်သူ ၄၅ ဦးရှိလို့ မဲရုံတစ်ရုံကို ၂ ဦးနှုန်းနဲ့ မဲရုံပေါင်း ၂၃ ရုံလောက်တော့စောင့်ကြည့်နိုင်မှာဖြစ်ပြီးတော့ မွန်ပြည်နယ် တစ်ခုလုံးဆိုရင်တော့ မြို့နယ် ၇ မြို့နယ်က မဲရုံ ၃၅ ရုံကို စောင့်ကြည့်သူ ၇၀ အသုံးပြုသွားမှာ ဖြစ်ပါတယ်' ဟု ဖန်တီးအိမ်အဖွဲ့၏ မွန်ပြည်နယ် တာဝန်ခံ ကိုစိန်ပန်းက ဆိုသည်။

အဆိုပါ စောင့်ကြည့်သူများကို အောက်တိုဘာ ၃၁ ရက်က သထုံမြို့ ကျုံးကြီးလမ်းရှိ ကရင်နှစ်ခြင်း အသင်းတော်နှင့် နိုဝင်ဘာ ၁ ရက်တွင် မော်လမြိုင်မြို့ မွန်မြတ်သော အိမ်ထောင်စုတို့တွင် စောင့်ကြည့်လေ့လာရေးသင်တန်းများ ဖွင့်လှစ်ပေးပြီး စောင့်ကြည့်သူတို့၏ ကျင့်ဝတ်၊ အခွင့်အရေး၊ ဝတ္တရားများ၊ လေ့လာရမည့်အရာများ၊ မဲရုံလုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

'ကျွန်မတို့အဖွဲ့အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုမှာရှိတဲ့ မဲရုံပေါင်း ၈၀၀ မှာ လူဦးရေ ၁၆၀၀ လောက်အသုံးပြုပြီး လေ့လာစောင့်ကြည့်သွားမှာဖြစ်ပြီး အဓိက စောင့်ကြည့်မှာကတော့ အမျိုးသမီးတွေ ရွေးကောက်ပွဲမှာ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သတ်နိုင်ပြီလဲ ဆိုတာကိုပါ။ သမာသမတ်ကျပြီး လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရန်သာ အပြုသဘော ဆောင်တွန်းအားပေးနိုင်ဖို့ စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး ဘယ်ပါတီပဲ အနိုင်ရသည်ဖြစ်စေ ရွေးကောက်ပွဲဖြစ်စဉ်အပေါ်မှာပဲ ရှုမြင်သုံးသပ်သွားမှာဖြစ်ပါတယ်' ဟု ဖန်တီးအိမ်အဖွဲ့မှ သတင်းအချက်အလက်တာဝန်ခံ ဒေါ်လတ်လတ်မြင့်က ပြောသည်။

မွန်ပြည်နယ်တွင် ဖန်တီးအိမ်၊ People Alliance For Credible Elections (PACE)၊ အမျိုးသားလူငယ် ကွန်ဂရက်၊ စကားဖြူနှင့် Rain Maker အဖွဲ့တို့သည် ပြည်နယ်ကော်မရှင်ခွင့်ပြုချက်ဖြင့် မွန်ပြည်နယ်တစ်ခုလုံးကို စောင့်ကြည့်မည်ဖြစ်ပြီး ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့သည် ကျိုက်ထိုမြို့နယ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်ရုံးတို့သည် လမိုင်းမြို့နယ်တို့တွင် စောင့်ကြည့်မည်ဖြစ်ကာ စောင့်ကြည့်သူဦးရေစုစုပေါင်း ၃၉၄ ဦးရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မသန်စွမ်းသူများအကျိုးဝင် မဲဆန္ဒရှင် အသိပညာပေးအလုပ်ရုံဆွေးနွေး

**တောင်ငူ နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မသန်စွမ်းသူများမဲပေးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ တောင်ငူမြို့နယ် ရွေးကောက်ပွဲအဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှက ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်ရုံးချုပ်မှ စီမံဘဏ္ဍာတာဝန်ခံ ဒေါ်ယုယသူ ဦးစီး၍ တောင်ငူမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့နှင့် ဖန်တီးအိမ်ပရဟိတ လူငယ်များအဖွဲ့ TVT တို့က ပူးပေါင်းဆောင်ရွက်ပေးကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ရန်ကုန်ရုံးချုပ်မှ ဒေါ်ယုယသူက အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းဆရာများက ဆက်လက်ပို့ချဆွေးနွေးကြပြီး သင်တန်းသို့ မသန်စွမ်း သူများ ၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**(၁၁၅)**

## မဲရုံများတွင် အသုံးပြုမည့်ပစ္စည်းများ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေ

**တပ်ကုန်း နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း မဲရုံများ၌အသုံးပြုမည့် မဲပုံးများအပါအဝင် မဲရုံသုံးပစ္စည်းများကို ရပ်ကွက်နှင့်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ရပ်ကွက်၊ ကျေးရွာများမှ မဲရုံစုစုပေါင်း ၁၃၆ ရုံ ၌ အသုံးပြုမည့် ဆန္ဒမဲပုံး၊ မဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများကို ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# စဉ့်ကူး၌ ဆန္ဒမဲပေးပုံအဆင့်ဆင့် သရုပ်ပြရှင်းလင်း

**စဉ့်ကူး နိုဝင်ဘာ ၂**

နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများက မဲရုံပေါင်း ၁၀၆ ရုံတွင် မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာဆန္ဒမဲများပေးနိုင်ရေးအတွက် ဆန္ဒမဲပေးပုံအဆင့်ဆင့် သရုပ်ပြရှင်းလင်းပွဲကို အောက်တိုဘာ ၃၀ ရက်က စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးသက်ဆွေဦးက ဆန္ဒမဲပေးပုံ အဆင့်ဆင့်တို့ကို ရှင်းလင်း တင်ပြခဲ့သည်။



ထို့နောက် နံနက် ၄ နာရီမှ ညနေ ၆ နာရီအထိ မဲရုံ ခင်းကျင်းပုံ၊ မဲရုံမှူးက မဲရုံဖွင့်ချိန် ကြေညာပုံ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့ကဆန္ဒမဲပုံးများ၊ ဆန္ဒပြုခန်းများအား စစ်ဆေးပုံ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်မဲပေးသူများ စာရင်းပုံစံများနှင့် ကြိုတင်မဲပုံးကို မဲရုံမှူးထံအပ်နှံ၊ နံနက် ၆ နာရီတွင် မဲရုံဖွင့်လှစ်ကြောင်း ကြေညာပုံ၊ လွှတ်တော်အဆင့်ဆင့်ရှိ သက်ဆိုင်ရာ မဲပုံးများတွင် ဆန္ဒမဲပေးပုံ၊ ညနေ ၄ နာရီတွင် မဲရုံပိတ်သိမ်းကြောင်း ကြေညာပုံ စသည်ဖြင့် ဆန္ဒမဲပေးပုံအဆင့်ဆင့်တို့ကို သရုပ်ပြပေးကြသည်။

စဉ့်ကူးမြို့နယ်၌ မဲရုံပေါင်း ၁၀၆ ရုံရှိပြီး မဲဆန္ဒရှင်စုစုပေါင်း ၁၀၂၆၆၁ ဦးရှိကြောင်း သိရသည်။

**ဝင်းမောင်**

# မြစ်ကြီးနား၌ ဆန္ဒမဲပေးခြင်းဆိုင်ရာ သရုပ်ပြလေ့ကျင့်

**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်(အဖွဲ့ခွဲ) ကကြီးမှူး၍ မဲရုံတွင်တာဝန်ယူဆောင်ရွက်မည့်သူများအား ဆန္ဒမဲပေးခြင်းဆိုင်ရာ သရုပ်ပြလေ့ကျင့်ဆွေးနွေးပွဲကို အောက်တိုဘာ နောက်ဆုံးပတ်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း အင်ဂျန်းခခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးကာလများတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲအားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်သိရှိထား သင့်သည်များကို ရှင်းလင်းဆွေးနွေးကာ သီတာရပ်ကွက်အတွင်း မဲရုံအမှတ် (၁၄)တွင် တာဝန်ယူရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံတာဝန်ကျသူ ၅၇ ဦးက ဆန္ဒမဲပေးမှု၊ မဲရေတွက်မှုလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# ဟုမ္မလင်းမြို့ ရဲတပ်ဖွဲ့မှ ဖွင့်လှစ်သည့် အထူးရဲသင်တန်းဆင်းပွဲကျင်းပ

**ဟုမ္မလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အထူးရဲများခန့်ထားခြင်းနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက ဟုမ္မလင်းမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုပြတိုက်အဆောင်၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကပ်ကျော်တို့က အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် ရဲမှူးမြင့်ဝေက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရွေးကောက်ပွဲမကျင်းပမီ ကာလမှ ကျင်းပပြီးစီးသည့်ကာလအတွင်း လုံခြုံရေးစီမံဆောင်ရွက်သွားရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဟုမ္မလင်းမြို့နယ်တွင် မဲရုံ ၁၇၈ ရုံရှိပြီး အထူးရဲတစ်ဦးစီဖြင့် တာဝန်ခွဲဝေချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



အိမ်မဲမြို့နယ် သဖန်းဆိပ်ကုန်းကျေးရွာ တောင်သူ ဦးဝင်းကြည်၏ လယ်အတွင်း၌ မိုးစပါး(ဆင်းသုခ)ကို အောက်တိုဘာနောက်ဆုံးပတ်က စက်မှုလယ်ယာစနစ်ဖြင့် ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။ သပြေထွန်း

# မဲရုံများတွင် အထူးရဲများကို နိုဝင်ဘာ ၅ ရက် အရောက် ချထားဆောင်ရွက်မည်

**မကွေး နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး နယ်မြေအတွင်းရှိ မဲရုံပေါင်း ၄၄၇၇ ရုံအတွက် လုံခြုံရေးတာဝန်ဆောင်ရွက်မည့် အထူးရဲ ၄၄၇၇ ဦးကို အောက်တိုဘာ ၂၀ ရက်မှစတင်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရဲစခန်း၊ ရဲကင်းများအလိုက် သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာမှာ အောက်တိုဘာ ၃၁ ရက်တွင် သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ အထူးရဲများအား မဲရုံမှူး၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ဆန္ဒမဲပေးသူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် အထူးရဲများ လိုက်နာရမည့် ကျင့်ဝတ်များ သိရှိလိုက်နာဆောင်ရွက်သွားကြရန် မှာကြားထားပြီး အထူးရဲများအား ၎င်းတို့ တာဝန်ထမ်းဆောင်ရမည့် ဒေသများအလိုက် သက်ဆိုင်ရာ မဲရုံများသို့ နိုဝင်ဘာလ ၅ ရက်နေ့အရောက် ချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ အထူးရဲများအား ယခုနှစ် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ တစ်လတာ တာဝန်ထမ်းဆောင်စေခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ကျော်ဇေယျ**

**သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဂူပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသီရိလက်ခံ (AccountNo.0075010070169030l) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


## နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာရက်မြတ်ဆုမွန်လွှာ

တုနှိုင်းမရသော မိဘမေတ္တာအား ပေးရုံသာမက သား၊ သမီး၊ မြေးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ကျေးဇူးရှင် **ချစ်ဖေဖေ ဦးကြင်ထွန်း** (အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ)၊ လမ်းဦးစီးဌာန၊ မြောင်းမြမြို့) + **ချစ်မေမေ ဒေါ်နွယ်နွယ်အေး** တို့၏ ၃-၁၁-၂၀၁၅ (အင်္ဂါနေ့)တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ပတ္တမြားရတု၊ နီလာရတု၊ ရွှေရတု၊ စိန်ရတု စသော ရတုများစွာတိုင်အောင် သစ္စာခိုင်မြဲစွာဖြင့် လက်တွဲနိုင်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့မှုများစွာဖြင့် ဘာသာသာသနာအကျိုးကို အသက်ထက်ဆုံး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားကြီး** - ကိုကျော်ဇေလင်း B.A (Eng;), ADICT, Dip in (ICT, SE, NE) ဝင်းသပြေ(ကွန်ပျူတာ၊ မြောင်းမြ)
+ **သမီး** - မမေပွင့်ဖြူဝင်းနိုင် (ခ)ချစ်စု B.A (Eng;)

**သားငယ်** - ကိုရဲရင့်အောင် B.A (Myan;), Dip in (NE)

**ချစ်မြေးများ**- မရွှေအိမ်လင်း၊ မဟေသီလင်း

**UNIQUE STAR TRAVELS & TOURS**

ဗန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Nov: 14, 21, 28 / Dec: 5, 12, 19, 26 / Jan: 2, 9 ($300)

ဗန်ကောက်၊ဖူးခက် (6)D Nov:14,28 / Dec: 24, 25 ($500)

ဖူးခက် (4)D Nov: 14, 28 / Dec: 24, 25 ($300)

ချင်းမိုင် (4)D Nov: 14, 28 / Dec: 24, 25 ($300)

ကူမင်း၊ရှန်ဂရီလာ (8)D Nov: 14, 28 / Dec: 12, 26 ($500)

**Bangkok-Pattaya-Cambodia**
Nov: 14, 28 / Dec: 12, 26 ($ 500)

**Bangkok-Pattaya-Ayuttaya**
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)

70/A,Kabaaye PagodaRd, 860 4964-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay. Ph: 099 -7200 3797, 09 - 514 8079.

**K . T . AUNG Travels & Tours**

**NOK AIR** လေယာဉ်လက်မှတ်များကို တရားဝင်ကိုယ်စားလှယ်အဖြစ်စတင်ရောင်းချနေပါပြီ

**ရန်ကုန် ⟷ ဗန်ကောက် ⟷ ရန်ကုန် အသွားအပြန်ခရီးစဉ်**

(က) လေယာဉ်လက်မှတ် (၁) စောင်ဝယ်တိုင်း ဖုန်းငွေဖြည့်ကဒ် (၅၀၀၀) ကျပ် လက်ဆောင်၊ (ခ) ဈေးနှုန်းအမှန်တကယ်သက်သာရမည်။

(ဂ) လေယာဉ်လက်မှတ်ဈေးနှုန်းကို ကြိုတင်ဖုန်းဆက် မေးမြန်းပါ။ ဈေးနှုန်းသက်သာမှ ဝယ်ယူအားပေးပါ။

ဗန်ကောက် ⟷ အယုဒ္ဓယ ⟷ ပတ္တရားခရီးစဉ် (၆ ည - ၇ ရက်) 630 U$
ဗန်ကောက် ⟷ ဟော့ဟင် ⟷ ဖူးကက်ခရီးစဉ် (၇ ည - ၈ ရက်) 750 U$
ဗန်ကောက် ⟷ ချင်းမိုင် ⟷ ရွှေတြိဂံခရီးစဉ် (၇ ည - ၈ ရက်) 800 U$

25.12.2015 ရက်နေ့ထွက်မည်။

Passport & Air Ticket Included
စရိတ်ငြိမ်း

Ph: 09 798421949
09 970134049
09 425281244
09 252858844
09 798467178
01 553825

တိုက်အမှတ်(၃)၊ ဥလ္လာ၊ ဘယသုဒ္ဓိလမ်း၊ ကျွားကွက်သစ်(စံပြ)ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် အောင်ပြည့်ဖြိုး ၁၂/ဒဂမ(နိုင်)၀၂၂၀၂၇ ၏ စီဒီစီအမှတ်-၇၅၂၅၇ ၏(B.S.T)လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၁၅၃၂၈၆**

**ရွှေဥက္ကလာရေသန့်စက်ရုံမှအလိုရှိသည်**

ဝန်ထမ်း ကျား (၅)ဦး - မ (၂)ဦး
အမှတ် ၁၉၊ သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထိပ်၊ မြောက်ဥက္ကလာပ-ရန်ကုန်
ဖုန်း-၀၉-၅၁၆၂၅၀၆၊ ၀၉-၄၄၈၀၀၂၆၂၄
နယ်ဝန်ထမ်းဦးစားပေးမည်
နေရန်၊ စားရန်စီစဉ်ပေးမည် (လူပျင်းများအလုပ်လျှောက်ရန်မလိုပါ)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9A-4061 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ မင်းကြီးညိုရပ်ကွက်ရှိ မြေတိုင်းအကွက်အမှတ် (၂-ပန်းဘဲအရှေ့) အကွက်၊ ဦးပိုင်အမှတ် (က/၅၈)၊ ဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိမြေအား လူနေဂရန် အသစ်ရရှိရန် ဦးဘဆွေ-ဒေါ်တင်မေထွေးက လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း၊ ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဖခင်အမည်မှန်**

အထက(၂)၊ နေပြည်တော် တပ်ကုန်း၊ သတ္တမတန်း(D)မှ မောင်ဇူးဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသက်နိုင် ၇/မလန(နိုင်)၀၈၂၁၄၅ ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၈-၇-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဓ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၂)ဒေါ်ခင်ဝင်းရီ၏အမည်ပြောင်းတွင်မြေကွက်အမှတ်(၉၂၁/ခ)နှင့်မြေကွက်လိပ်စာ(၉၂၁/ခ)ကွက်သစ်(၁၀)လမ်း(၄)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။



# ဒေါ်မာရှီးလျင် (လားရှိုးမြို့)
## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင် မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉) ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) နံနက်၁း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီတွင် လားရှိုးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာရှီးလျင် (လားရှိုးမြို့)
## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့(၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅) နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉) ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**

**ကုမ္ပဏီဝန်ထမ်းများ**


**လူသုံးကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးလုပ်ငန်းတွင်**
**အောက်ဖော်ပြပါ ပရောဂျက်ဝန်ထမ်း (လပိုင်း) များ အမြန်အလိုရှိသည်။**

၁။ Supervisor (ကျား/မ) ၄ဦး
၂။ Sales Girl (ကျား/မ) ၁၀ဦး
၃။ Sales & Drive (ရောင်း/မောင်း) (ကျား/မ) ၅ဦး

အခြေခံပညာအထက်တန်းအဆင့်၊ အသက်(၂၀ မှ ၂၈)နှစ်အတွင်း နယ်ခရီးသွားနိုင်သူ၊ ပရောဂျက်လုပ်ငန်းစိတ်ပါဝင်စားသူ မည်သူမဆို အောက်ဖော်ပြပါလိပ်စာအတိုင်း ကိုယ်ရေးရာဇဝင်၊ ရဲစခန်းထောက်ခံစာနှင့်အတူ (အမြန်) လျှောက်ထားနိုင်ပါပြီ။

အမှတ်၅၂၊ မြေညီထပ်၊ ၅၃လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၁၃၁၀၄၊ ၀၉ - ၇၃၁၃၈၃၀၇


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (A ၁၅)လမ်း၊ တိုက် (၁၈)၊ အခန်း(၄၀၁)အား ပိုင်ဆိုင်သူ ဒေါ်ခင်မိုးလွင် ၁၂/သဃက(နိုင်)၀၂၅၂၂၅ ထံမှ ဒေါ်လှလှတင့်က ဝယ်ယူရန် ၂၅-၁၀-၂၀၁၅ ရက်တွင် စရန်တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်လှလှတင့် ၁၂/ဥကမ(နိုင်)၀၄၃၄၄၉

## ဦးမျိုးမင်းသိန်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ယူနိုင်း(၄၈)ရပ်ကွက်၊ အေးချမ်းသာယာရေးလမ်း၊ အမှတ် ၁၂၈နေ ဒေါ်အေးစန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးစန္ဒာမှာ STRATEGIC ALLIANCE MARKE-TING (SAM) ကုမ္ပဏီတွင် တရားဝင်မန်နေဂျင်း ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။

အခြား ဒါရိုက်တာတစ်ဦးမှာ ဒေါ်သီတာဆွေ ဖြစ်ပါသည်။

ဦးမျိုးမင်းသိန်းနှင့် SAMကုမ္ပဏီမှာ လုံးဝပတ်သက်ဆက်နွယ်မှုမရှိသည့်အပြင် ကုမ္ပဏီမှ တာဝန်ပေးစေခိုင်းထားခြင်းမျိုးလည်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကုမ္ပဏီ၏လုပ်ငန်း၊ ငွေကြေး၊ သိက္ခာစသည်တို့ကို ဆုံးရှုံးနစ်နာမှုဖြစ် ပေါ်စေရန် ဆောင်ရွက်သူ မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ချက်အရ**
**ဒေါ်အေးစန္ဒာ** **ဒေါ်သဲစုမွန်** **ဦးဝင်းဆွေဦး**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၂၆(ပ-ထပ်)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## "ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်"

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း အမှတ်(၃၃၀) နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သော်တာထွန်း (၁၂/ဥကတ(နိုင်)၁၅၁၆၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ လုပ်ငန်းသုံးကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Thitsar

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် Thitsar စာသားပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ပိုးထည်အမျိုးမျိုး၊ ချည်ထည်အမျိုးမျိုး၊ ဇာထည်အမျိုးမျိုးနှင့် ၎င်းပိုးထည်ချည်ထည်ဇာထည်များပေါ်တွင် ဒီဇိုင်းအမျိုးမျိုးရေးဆွဲ ထုတ်လုပ်ပြီး ရောင်းချသည့် လုပ်ငန်းကို တစ်ဦးတည်းပိုင်အဖြစ် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၁၃၅၉၅/၂၀၁၅ ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မည်သူမဆို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထင်ယောင်ထင်မှားဖြစ်စေရန် ပုံတူကူး၍ဖြစ်စေ အသုံးပြုပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စပါယ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၇၇)
အမှတ်-၁၁၉၊ တတိယထပ်၊ ၁၅၇-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၂၄၇၆၃၇၃၊
၀၉ ၂၅၂၀၇၈၄၈၇၊ ၀၉ ၉၇၁၅၅၂၇၇၀

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
### အသက်(၅၁)နှစ်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ကိုကို၏ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို (ဗဟန်း)
### အသက်(၅၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း) (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကို အသက်(၅၁)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ**
**သူငယ်ချင်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်မြင့် (မော်လမြိုင်)
### အသက်(၈၉)နှစ်

ပါမောက္ခ ဒေါက်တာဒေါ်ခင်သီတာသွင် (ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး)၏မိခင် ဒေါ်ကြည်ကြည်မြင့်သည် ၃၀-၁၀-၂၀၁၅ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာနမိသားစုဝင်များ**
**ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့်**
**ဆေးတက္ကသိုလ်-မန္တလေး**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်မျိုးနိုင်
### (ကြည်း-၃၄၄၂၁၊ စတသ-၄၄)

သူငယ်ချင်း ဗိုလ်မှူးကျော်မျိုးနိုင်သည် ၃၁-၁၀-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၄)မှ**
**သူငယ်ချင်းများ**

---

## ဒေါ်မတင်ညွန့်(စစ်တွေ) အသက်(၇၆)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကုန်သည်လမ်းနေ (ဦးကျော်လှဦး-ဒေါ်မစောဖြူ)တို့၏သမီး၊ ဦးထွန်းလှအောင်၏ဇနီး၊ ဒေါ်မခင်သန်း၏ညီမ၊ (ဒေါ်မညွန့်ရီ)၊ ဒေါ်အုန်းမေ၊ ဦးသိန်းထွန်းမောင်တို့၏အစ်မ၊ ဒေါ်တင်တင်ဦး (အထက-၁၊ စစ်တွေ)၊ မတင်တင်လှ-ကိုကျော်ကျော်ဝင်း၊ မတင်တင်အေး-ကိုမောင်မောင်မြင့်၊ မတင်တင်နွဲ့၊ မတင်တင်မြ၊ ကိုနိုင်အောင်ထွန်း-ဒေါက်တာမြမြသိန်း၊ ကိုမိုးနိုင်ထွန်း-မတင်တင်ဝိုင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်ငြိမ်းစိုး၊ မောင်ဘုန်းမြတ်စိုး၊ မောင်အောင်ရဲထက်၊ မောင်ဇော်မြတ်ထက်တို့၏အဘောင်ရှင်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၃၃လမ်း၊ ၆၈×၆၉ လမ်းကြားနေ ဦးစိုင်းလတ်(Libra Co.,Ltd)၏ဇနီး၊ ချစ်သူငယ်ချင်း မရည်ရည်မွန်၏မိခင် ဒေါ်တင်တင်ဝင်း(မဝင်းရန်ကုန်အလှကုန်) အသက်(၇၁)နှစ်သည် ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်စွာမြင့်-မနန်းကျော့ခိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း) (ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံခန့်ခွဲရေးဌာနမှဝန်ထမ်းများ**
**လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
### အသက်(၅၁)နှစ်

ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စီမံ၊ လူမှုဖူလုံရေးအဖွဲ့)၏ချစ်လှစွာသောဇနီး၊ မသန့်နှယ်ကိုကို-စတုတ္ထနှစ်(YIT)၊ မောင်ခန့်ထည်ကိုကို(S.C,B.I, M.CC)တို့၏မိခင်သည် ၃၁-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ များစွာဝမ်းနည်းကြေကွဲရပါသည်။

**ပေါက်ပေါက်နှင့်သူငယ်ချင်းများ**
**ကေသီ၊ ဝေဝေ၊ သီတာစမ်း၊ မဝါ၊ ခင်ဝင်းမြင့်၊**
**လွင်မာထွန်း၊ ရေခဲ၊ လွင်မာ၊ ရှမ်းကြီး ဖု၊ ယမုန်**

---

## ဒေါ်ခင်စု
### အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးဖေကျင်-ဒေါ်ညွန့်ရီ)တို့၏သမီး၊ မော်လမြိုင်မြို့နေ(ဦးဘိုငယ်-ဒေါ်ဖွားကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ ၃လမ်း၊မြကန်သာအိမ်ရာ၊ အပိုင်း ၂၊ တိုက် ၁၈၊အခန်း ၄၀၂နေ ဦးကြည်ဝင်း(ဒုရဲမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ (ဦးလှရွှေ-ဒေါ်ခင်ရီ)၊ ဦးစိုးလွင်-(ဒေါ်ခင်မြင့်)၊ (ဗိုလ်မှူးဖေမြင့်)-ဒေါ်ခင်မာတင့်၊ (ဦးညွန့်ဖေ-ဒေါ်မြင့်မြင့်သန်း)၊ ဦးအောင်ကြီးမြင့်-ဒေါ်ရီရီကျင်(အထက်တန်းပြ၊ ငြိမ်း)၊ ဒေါ်ဝင်းဝင်းမေ၊ ဒေါက်တာထွန်းအောင်-ဒေါ်ခင်စန်းမြင့်တို့၏ညီမ/အစ်မ၊ ဦးဆန်းဝင်း၊ ဒေါ်သီတာဝင်း(မြန်မာအမျိုးသားလေကြောင်း)တို့၏ ချစ်လှစွာသောမိခင်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ဖြူဖြူ(ခ)မရ်ယမ်ဘီဘီ
### ရန်ကုန်တက္ကသိုလ်
### (ဗိုလ်တထောင်နယ်မြေ)
### အရှေ့ပိုင်းတက္ကသိုလ်(တာဝ)
### ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ခြံအမှတ် ၂၂၊ ဖိုးစိန်လမ်းနေ (ဟာဂျီဦးရှကူး-ဟာဂျီမဒေါ်ခင်နန်း)(အိုင်သပြူ)၊(ဦးမာမက်ခန်း-ဒေါ်ရွှေ)(ဗန်းမော်)တို့၏မြေး၊ ဟာဂျီ ဦးကိုကိုကြီး-ဟာဂျီမ ဒေါ်ကြူတို့၏သမီးကြီး၊ (ဟာဂျီ ဒေါက်တာ ဦးအောင်သန်း - ဟာဂျီမ ဒေါ်ဝါဝါ)၊ (ဟာဂျီဦးကျော်မင်း)-ဟာဂျီမ ဒေါ်နီနီ၊ ဦးမောင်မောင်-ဒေါ်ချိုချိုမော်၊ ဦးစံမောင်-ဒေါ်လွင်လွင်ချို၊ (ဟာဂျီ ဦးစံလင်း) - ဒေါ်ဆွေဆွေဝင်း၊ (ဟာဂျီ ဇော်လင်းအောင်)၊ ဟာဂျီမောင်မောင်လွင်-ဒေါ်ချိုစိမ်းစိမ်းကို၊ ဦးဥက္ကာကို၊ ဒေါ်ညိုညိုထွေးတို့၏အစ်မကြီး၊ တူ၊ တူမ ၁၉ယောက်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ် အပြီးတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုဇော်
### Total E & Myanmar
### (Smart Technical Services)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးသန်းထွန်း)-ဒေါ်မြသန်းတို့၏သား၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်မြင့်)-ဒေါ်အေးချိုတို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊ မဟာဘောဂ ၃လမ်း၊ တိုက် ၉၊ အခန်း ၅/ခနေ ဒေါ်နီနီအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းသီရိအောင်၊ မသိမ့်နန္ဒာအောင်၊ မောင်ဟန်ဦးကိုတို့၏ဖခင်၊ ဒေါ်အေးအေး၊ ဒေါ်စိုးစိုးသန်း၊ ဒေါ်ငွေငွေသန်းထွန်းတို့၏မောင်၊ကိုစိုးဝဏ္ဏ(Sea Gate Singapore)၏ဦးလေးသည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁၂း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုစိုးဝင်းသိန်း
### 3rd Engineer
### (Multi Gate Service Myanmar Co.,Ltd.)
### (IMT-CD 27/CE-25)
### CDC-53230
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊အမှတ် ၅၅၂၊မြေညီထပ်၊ ရွှေဝါလမ်းနေ (ဗိုလ်ကြီးအုန်းသိန်း)-ဒေါ်ဝင်းနွယ်ရီတို့၏သားကြီး၊ ကိုဖြိုးမင်းသိန်း ($2^{nd}$ mate Ocean Win Co.,Ltd.)၏အစ်ကို၊ ဦးလှဝင်း-ဒေါ်မြသန်းတို့၏သားသမက်၊ မယမင်းလှဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
### အသက်(၇၇)နှစ်

သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းဇံ-ဒေါ်မေသင်းကြိုင်တို့၏မိခင် ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ) အသက်(၇၇)နှစ်သည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇နေ ဦးမင်းကြည်(ရခိုင်ဓမ္မာရုံနာယကကြီး)၏ဇနီး၊ (ဦးဘတင်-ဒေါ်သိန်းခင်)တို့၏ သမီး၊ (ဦးဘကျော်-ဒေါ်မယ်ရင်)တို့၏ချွေးမ၊ ဦးအောင်တင်-ဒေါ်စိုးစိုးသိန်း၊ ဦးသိန်းဆွေ-ဒေါ်မြသီဂီတို့၏အစ်မ၊ ဦးမင်းသိန်းဇံ (သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်မေသင်းကြိုင်တို့၏မိခင်၊ CAPT ကြည်မင်းဟန် CMD, Kyi Min Brothers (Co.,Ltd.)-ဒေါက်တာပန်းဝါကျော်၊ မောင်ကြည်မင်းဇံ(Director,Kyi Min Brothers Co.,Ltd.)တို့၏အဘွား၊ မြစ် သိသိ၏ ဖီးဖီးသည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇နေ ဒုဗိုလ်မှူးကြီးမင်းကြည်(ငြိမ်း) (ဦးဆောင်နာယကကြီး)ရခိုင်ပြည်နယ်ဓမ္မာရုံ၏ ဇနီး၊ ဗိုလ်မှူးချုပ်မင်းသိန်းဇံ(ငြိမ်း) သံအမတ်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံရုံး)-ဒေါ်မေသင်းကြိုင်တို့၏မိခင်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေ နေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်လူမှုရေးအသင်းများ၊ ရခိုင်ပြည်နယ် သာရေး၊ နာရေးအသင်းများ၊ ရခိုင်သူ၊ ရခိုင်သားများလိုက်ပါ ပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ဦးဇော်အေးမောင်
ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ရမ်းဗြဲ၊ ကျောက်ဖြူ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၇နေ ဦးမင်းကြည်(ဦးဆောင်နာယကကြီး) ရခိုင်ပြည်နယ်ဓမ္မာရုံ၏ဇနီး၊ ဗိုလ်မှူးချုပ်မင်းသိန်းဇံ(ငြိမ်း) (သံအမတ်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံရုံး)-ဒေါ်မေသင်းကြိုင်တို့၏မိခင် ဒေါ်မြင့်မြင့်သည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အနိစ္စမြင့် ကောင်းရာသုဂတိသို့လားပါစေ။

**ဦးဇော်အေးမောင်-ဒေါ်လှမြင့်သန်း မိသားစု**
**ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

### ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်မြင့်မြင့် (နာယက)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင် ၂လမ်း၊ မြို့နယ်အသင်းနာယကကြီး ဒုဗိုလ်မှူးကြီးမင်းကြည်(ငြိမ်း)၏ဇနီး အသင်းနာယက ဒေါ်မြင့်မြင့်သည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) မြို့နယ်အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီကို
### အသက်(၅၁)နှစ်

ဦးတင်ကိုကို(ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်မီမီကို အသက်(၅၁)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ**
**လူမှုဖူလုံရေးဝန်ထမ်းမိသားစုများ**

---

## ကိုလင်းခန့်ကျော်(ခ)အတာ
### အသက်(၃၅)နှစ်

ဣစိတံအိမ်ရာနေ (အငြိမ်းစားသံအမတ်ကြီး ဦးမျိုးမြင့်)-ဒေါ်ညွန့်တင်တို့၏မြေး၊ တိုက် ၃၊ အခန်း ၅၀၂နေ ဦးကျော်မြထွန်း၊ (ဒေါ်ချိုချိုမြင့်)၊ (ဦးစိုးတင့်-ဒေါ်ရီရီမြင့်)တို့၏ချစ်လှစွာသောသား၊ မသီတာဝင်း(ခ)မဖြူဖြူ၏ခင်ပွန်း၊ ကိုဝေဖြိုးအောင်(ခ)ဖိုးထွေး-မစုစုထွေး(ခေတ္တ-ဂျပန်)တို့၏အစ်ကိုကြီး၊ ဒေါ်ညိုညိုမြင့်(မနီ)၊ ဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)-ဒေါ်ပြုံးပြုံးမြင့်၊ (ဦးမောင်မောင်-ဒေါ်ထားထားမြင့်)၊ ဦးတင်အောင်-ဒေါ်လှိုင်သီတာခင်၊ ဒေါ်မူမူမျိုးမြင့်၊ ဦးချစ်ကိုကို(လယ်/ဆည်)-ဒေါ်ဖြူဖြူမျိုးမြင့်တို့၏တူလေးသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)မွန်းလွဲ ၁း၀၅နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာရှီးလျှင် (လားရှိုးမြို့)
### အသက်(၁၀၈)နှစ်

ဦးရန်ဟော(Chairman Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှီးလျှင် အသက်(၁၀၈)နှစ်သည် ၃၀-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၁နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Contractors Group**
**Mottama Holdings Ltd.**

---

## ဒေါ်တင်သက်(ခ)ဒေါ်တာ (မြိတ်မြို့)
### အသက်(၉၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၇၂၊ ရွှေခြသေ့်မင်းလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်နေ (ဦးဘိုးလှိုင်-ဒေါ်ခင်မြိုင်)တို့၏သမီး၊ (ဦးအိန်ကြည်)၏ဇနီး၊ ဦးအေးမောင်-ဒေါ်ဝင်းကြူ၊ ဒေါ်ရှန်ကြူ၊ ဦးအေးကို-(ဒေါ်စန်းရီ)၊ ဦးအေးစိုး-ဒေါ်အေးအေးသန်း၊ ဦးသန်းကို၊ ဦးကျော်ကျော်ဝင်း-ဒေါ်သီသီသန်း၊ ဦးသိန်းကို-ဒေါ်နန်းခမ်းယုံ၊ ဦးမြင့်ကို၊ ဒေါ်ခင်ညိုသန်း၊ ဒေါ်ခင်အေးစီ၊ ဒေါ်သီသီသိန်း၊ ဦးစိုးမိုးကို-ဒေါ်မိုးမိုးတို့၏ချစ်လှစွာသောမိခင်၊မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဦးသောင်းရွှေ(စောရွှေဗိုလ်) အသက်(၉၁)နှစ်
### ရေနံချောင်းအသင်းဝင်
### မြန်မာနိုင်ငံစာရေးဆရာများအသင်းဝင်
### စာတည်းချုပ်(ငြိမ်း)၊ ရှေ့သို့စာစောင်
### ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန(ရန်ကုန်)

စလင်းမြို့နေ (ဦးဘကြွယ်-ဒေါ်ခင် မဒွေး)တို့၏သား၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၁၃၆(က)၊ ရွှေလှေလမ်းနေ(ဒေါ်လှမြိုင်)၊ ဒေါ်ခင်လတ်တို့၏ခင်ပွန်း၊ ဦးမောင်မောင်သန်း(ငြိမ်း၊ ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)-ဒေါ်စမ်းစမ်းဦး၊ ဦးအောင်မင်း(ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်၊ စီးပွား/ကူးသန်း)-ဒေါ်လှဒါခိုင်၊ဦးအေးသောင်း(ဒါရိုက်တာ၊ အရှဏ်ဦးကုမ္ပဏီများအုပ်စု)-ဒေါ်ခင်နှင်းယု၊ ဒေါ်ခင်မအေး(ဒု-ညွှန်မှူး၊ သမဝါယမဝန်ကြီးဌာန)၊ ဒေါ်သန့်ရွှေစင်(အထက-၅၊ မြောက်ဒဂုံ)၊ ဦးအောင်ဘိုဘို(MRTV)-ဒေါ်ဆုနှင်းဝေတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၉း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ရင်မြ(လမ်းမတော်) အသက်(၉၁)နှစ်
### (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင်လမ်း၊ လမ်းသစ်လမ်း၊ အမှတ် ၅၂နေ (ဦးအုန်းဖေ-ဒေါ်မမလေး)တို့၏သမီး၊ (ဦးစွယ်-ဒေါ်ငွေဆိုင်)တို့၏သမီးချွေးမ၊ (ဦးတင်မောင်)၏ဇနီး၊ ဦးရဲဆွေ-ဒေါ်အေးအေးသန့်၊ (ဦးသန်းငွေ)-ဒေါ်အေးအေးမြင့်၊ ဦးတင်စိုး-ဒေါ်အေးအေးဆင့်၊ ဦးမြတ်ဇင်-ဒေါ်မိုးမိုးမြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးကျော်တင့် အသက်(၇၈)နှစ်
### အားကစားကလောင်ရှင်၊ အားကစားသတင်းထောက်
### မြန်မာ့သတင်းစဉ်(ပြည်တွင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၂)ရပ်ကွက်၊ ပေါ်ဦး ၅လမ်း၊ အမှတ် ၅၉၇နေ ဒေါ်လှလှငွေး၏ခင်ပွန်း၊ ကိုကျော်ငွေး၊ ကိုနေဝင်း-မဥမ္မာဝေ၊ မအေးအေးတင့်၊ ကိုဇော်ဇော်-မစန္ဒာတင့်၊ ကိုစိုးမိုး-မငုဝါစိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)ည ၁၁နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာတင်အုန်း
### M.B,B.S (Ygn)
### ဆေးတက္ကသိုလ်(၂)ရန်ကုန်
### ဆေးတက္ကသိုလ်(၂)၊(၁၉၆၆/၇၃)
### အထက(၁)ဒဂုံ
### ကျောင်းသားဟောင်း
### ရွှေတောင်တန်းကျားသင်္ကန်းတိုက်
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၁နေ[ဦးရှုဝှက်-ဒေါ်ကျင်ဟုန်(ခ)ဒေါ်မြသန်းတင်]တို့၏သား၊ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၉၄နေ (ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၁နေ ဒေါက်တာဒေါ်မမ (ရွှေတောင်တန်း ကျားသင်္ကန်းတိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးလှိုင်-ဒေါ်ခင်သန်းညွန့်တို့၏မောင်၊ ဦးမြတ်ကို-ဒေါ်ချိုနွယ်အုန်းတို့၏ဖခင်၊ မမြတ်သီရိချို(အထက-၂၊ လသာ)၊ မမြတ်ရတီချိုတို့၏အဘိုးသည် ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ် ၇၁၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ခေတ္တရာအသင်း(ရန်ကုန်)
## ဦးညီမောင်
### (ပေါင်းတလည်/အုတ်ဆွဲ)
### အသက်(၈၄)နှစ်

ခေတ္တရာအသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးညီမောင်သည် ၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

## ဦးညီညီဝင်း (ကျောက်ဖြူ)
### လ/ထ ကထိက(ငြိမ်း)
### အသက်(၅၉)နှစ်

မန္တလေးမြို့နေ (ဦးငွေဝင်း-ဒေါ်ခင်ဝင်းထွန်း)တို့၏သား၊ ဦးကိုကိုဝင်း (SSS စလောင်းလုပ်ငန်း) - ဒေါ်သီဂီဝင်းတို့၏ညီ/မောင်၊ ဒေါ်ခင်မိမိအောင် (အထပြ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ဦးနိုင်အောင်သူ(AGM-Shwe Taung Energy Co.,Ltd)-ဒေါ်သူဇာခင်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂-၁၁-၂၀၁၅ရက် နံနက် ၆း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [မြောက်ဒဂုံ၊ ခေါင်မိုးဟိန်းလမ်း၊ (၃၆) ရပ်ကွက်၊ အမှတ် ၃၈၅ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

**နေပြည်တော်  နိုဝင်ဘာ  ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

# မြန်မာရေလုပ်သား ၁၅၈ ဦး ကျန်းမာပျော်ရွှင်စွာဖြင့် အိန္ဒိယနိုင်ငံမှ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိ



မြန်မာနိုင်ငံသို့ပြန်ကြမည့် မြန်မာရေလုပ်သားများအား အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့လေဆိပ်၌ တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန်  နိုဝင်ဘာ  ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အိန္ဒိယသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသည့် မြန်မာရေလုပ်သားများအား ပြန်လည်ခေါ်ယူ၍ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သားအများစုမှာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ရေပိုင်နက်အနီး ငါးဖမ်းကြရာမှ လေမုန်တိုင်းမိခြင်း၊ ရေယာဉ်များ စက်ချွတ်ယွင်း၍ နစ်မြုပ်ခြင်း၊ ရေပိုင်နက်များယွင်းခြင်း စသည်တို့ကြောင့် အိန္ဒိယရေတပ်၏ ထိန်းသိမ်းခံကြရသူများဖြစ်သည်။ အဆိုပါမြန်မာ ရေလုပ်သားများကို

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ရတနာပုံအသင်းယှဉ်ပြိုင်မည့် BTV Cup အုပ်စုပွဲစဉ်များ ထွက်ပေါ်

ရန်ကုန်  နိုဝင်ဘာ  ၂

**ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် BTV Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး နိုဝင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။**



BTV Cup ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ရတနာပုံအသင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

အဆိုပါပြိုင်ပွဲကို မြန်မာကလပ် ရတနာပုံအသင်းအပါအဝင် ဗီယက်နမ် ကလပ်လေးသင်း၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ဘရာဇီးတို့မှ တစ်သင်းစီ စုစုပေါင်းရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ရတနာပုံအသင်းမှာ ဘင်ဒေါင်း (ဗီယက်နမ်)၊ ဆန်နာခမ်ဟွာ BVN (ဗီယက်နမ်)၊ တောင်ကိုရီးယား တက္ကသိုလ်လက်ရွေးစင်အသင်းတို့နှင့်အတူကျရောက်နေသည်။ အုပ်စု(ခ)တွင် Quang Ninh Coal(ဗီယက်နမ်)အသင်း၊ Dong Tam Long An (ဗီယက်နမ်)အသင်း၊ ဘန်ဂုအက်သလက်တီကို (ဘရာဇီး)အသင်းနှင့် ဂျပန်တက္ကသိုလ်လက်ရွေးစင်အသင်းတို့ပါဝင်သည်။ ရတနာပုံအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၆ ရက်တွင်

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍

# မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၁ အသင်း ခြေစမ်းမည်

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန်  နိုဝင်ဘာ  ၂**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ-၂၁ အသင်းတို့သည် နိုဝင်ဘာ ၃ ရက်(ယနေ့)ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားပြီး မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် နိုဝင်ဘာ ၂ ရက် မှစတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ကစားသမားအချို့မှာ ၎င်းတို့၏နေရပ်၌ ကြိုတင်မဲများပေးနေသောကြောင့် ပထမဆုံးနေ့တွင် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းမှာ နည်းပြအပြောင်းအလဲပြုလုပ်ထားပြီး မြန်မာအသင်းအား ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြ ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၇ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❋






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။



မြန်မာ့အလင်း

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁–၂၀၁၅

နိုဝင်ဘာ ၃၊ ၂၀၁၅ (အင်္ဂါ)




## ပုဂ္ဂလိက စီးပွားရေးကဏ္ဍပြောင်းလဲ တိုးတက်ရန် အားပေးလျက်ရှိ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သလို လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတာဝန်တွေကိုလည်း မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ရာမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါတယ်။ စီးပွားရေးတိုးတက်မှုရရှိဖို့ ဆောင်ရွက်ရာမှာ ဈေးကွက်ဦးဆောင်မှုကို အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍပြောင်းလဲတိုးတက်မှုဖြစ်ပေါ်လာဖို့အတွက်အစိုးရအခန်းကဏ္ဍကလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသလို ရင်းနှီးမြှုပ်နှံလိုသူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (နိုင်ငံတော် သမ္မတ၏ ၂၀၁၅ ခုနှစ် မေလ ၃၀ ရက်နေ့ ရောဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ဖော်ဆောင်နိုင်ရန် စီမံထား

### အားကစားဝန်ကြီးဌာန



**ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲများ**

၂၀၁၁ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ ၂၉ မျိုးကို ကျင်းပခဲ့သည်။

ပထမအကြိမ် Champion Chellenge Cup ပြိုင်ပွဲကို ၂-၉-၂၀၁၁ ရက်နေ့မှ ၂၃-၁၀-၂၀၁၁ ရက်နေ့အထိ နေပြည်တော်တွင် အားကစားနည်း ၂၂ မျိုးဖြင့် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုကလပ်အသင်း ၁၆ သင်းမှ အားကစားသမား စုစုပေါင်း ၁၄၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၁၅၇ ဦး ရွေးချယ်ရရှိခဲ့ပြီး စုဖွဲ့စခန်းသွင်းလေ့ကျင့်ပေးနိုင်ခဲ့သည်။

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၁ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်နှင့် ဂျာကာတာမြို့တို့တွင် ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် အားကစားနည်း ၄၂ နည်းအနက် အားကစားနည်း ၃၀ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၂၈၀၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၄၇၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၇ ခုနှင့် ကြေးတံဆိပ် ၃၉ ခု၊ စုစုပေါင်းဆုတံဆိပ် ၈၂ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် သတ္တမရရှိခဲ့သည်။

ဒုတိယအကြိမ် Champion Challenge Cup ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်း ၁၆ သင်းဖြင့် အားကစားနည်း ၂၇ နည်းကို လေးသုတ်ခွဲ၍ ၁၂-၆-၂၀၁၂ ရက်နေ့မှ ၃၀-၁၂-၂၀၁၂ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့ရာ အားကစားသမား အမျိုးသား ၂၅၃၂ ဦးနှင့် အမျိုးသမီး ၁၄၉၉ ဦး စုစုပေါင်း ၆၂၆ ဦးကို အားကစားနည်း ၂၀ နည်းအတွက် ရွေးချယ်နိုင်ခဲ့ပြီး အဆိုပါအားကစားသမားများမှ အင်အား ၉၅၅ ဦးကို ၁၅-၈-၂၀၁၂ ရက်နေ့မှစတင်၍ အားကစားလေ့ကျင့်ရေးစခန်း (နေပြည်တော်)တွင် စခန်းသွင်းလေ့ကျင့်ပေးခဲ့သည်။

*စာမျက်နှာ (ခ) သို့*



**(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ရွှေဇင်လတ်နှင့် နီလာဝင်းတို့ ပြိုင်ပွဲဝင်နေစဉ်။** (အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဒုတိယဆုရရှိခဲ့သည်။)

# ကျေးလက်နှင့်မြို့ပြအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေး

### သမဝါယမဝန်ကြီးဌာန



**အသေးစားအရင်းအနှီးချေးငွေ ကျပ် ၄၃၇ ဘီလီယံကျော်**

သမဝါယမကဖော်ဆောင်ပေးလျက်ရှိသော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဖြင့် ပြည်သူများထံ ငွေကျပ် ၄၃၇ ဘီလီယံကျော် ထုတ်ချေးထားပြီး ဖြစ်သည်။

ချေးငွေကျပ် ၄၃၇ ဘီလီယံကျော်ကို ပြင်ပအတိုးနှုန်း ပျမ်းမျှ ၁၀ ကျပ်ဖြင့်တွက်လျှင်ပင် တစ်လလျှင် အတိုးငွေကျပ် ၄၃၇၅၃ သန်းကျော် ပေးရမည်ဖြစ်သည်။ ယခုအခါ ၁ ကျပ် ၁၅ ပြားအတိုးနှုန်းဖြစ်၍ သမဝါယမသို့ တစ်လပေးရသည့် အတိုးငွေမှာ ငွေကျပ်သန်း ၅၀၃၁ ဒသမ ၇၀ သာဖြစ်သည်။

ပြည်သူများအနေဖြင့် လစဉ်အတိုးငွေကျပ် ၃၈၇၂၂ သန်းကျော် သက်သာလျက်ရှိပြီး သမဝါယမအသင်းသားများ၏ စုဆောင်းငွေမှာ တဖြည်းဖြည်းတိုးတက်များပြားလာရာ ယနေ့အထိ စုဆောင်းငွေ ၉၈ ဘီလီယံကျော် ရှိပြီ ဖြစ်သည်။

**ကျေးရွာတစ်ရွာ သိန်း ၁၀၀**

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၈၉၃ ရွာရှိပြီး ကျေးရွာတစ်ရွာလျှင် ပျမ်းမျှ အိမ်ထောင်စု ၁၀၀ ခန့်ရှိသည်။ အိမ်ထောင်စုတစ်စုလျှင် အသေးစားအရင်းအနှီးချေး ငွေကျပ်တစ်သိန်းနှုန်းပေးချေနေသဖြင့် ယေဘုယျအားဖြင့် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ ဖြင့် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်နေသည့် သဘောဖြစ်သည်။

*စာမျက်နှာ (ဂ) သို့*



**သမဝါယမဦးစီးဌာနမှ အရစ်ကျစနစ်ဖြင့် ဒေသခံတောင်သူများအား ထွန်စက်များရောင်းချပေးရာတွင် သုံးစွဲသူများကိုင်တွယ်မောင်းနှင်နိုင်ရေး သရုပ်ပြစဉ်။**

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅





(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မီးရှူးတိုင်အား မီးထွန်းညှိထားစဉ်။ (ဓာတ်ပုံ-အား/ကာ)

***ရှေ့ဖုံးမှ***

**ဆီးဂိမ်းပြိုင်ပွဲနှင့် ဒုတိယဆု**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကို အားကစားနည်း ၂၂ နည်းဖြင့် နေပြည်တော်ရှိ အားကစားကွင်း/ရုံများတွင် ၂၈-၂-၂၀၁၃ ရက်နေ့မှ ၇-၃-၂၀၁၃ ရက်နေ့အထိ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်း ၁၄ သင်းမှ အားကစားသမား အမျိုးသား ၁၄၈၉ ဦး၊ အမျိုးသမီး ၇၃၀ စုစုပေါင်း ၂၂၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပဏာမမြန်မာ့လက်ရွေးစင်အဖြစ် အားကစားသမား အမျိုးသား ၇၂၄ ဦး၊ အမျိုးသမီး ၅၁၈ ဦး စုစုပေါင်း ၁၂၄၂ ဦးကို အဆင့်သုံးဆင့်သတ်မှတ်၍ ရွေးချယ်ခဲ့သည်။ ပြိုင်ပွဲတွင် အားကစားသမားများ ရရှိခဲ့သည့် စံချိန်များသည် တိုးတက်မှုရှိခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၄၉၇ ဦး၊ အမျိုးသမီး ၃၆၁ ဦး စုစုပေါင်း ၈၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ၂၃၃ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် ဒုတိယရရှိခဲ့သည်။

၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် ဇွန်လမှစတင်၍ နိုဝင်ဘာလအထိ အားကစားနည်း ၂၇ နည်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင် လှည့်လည်ကျင်းပခဲ့သည်။

၂၀၁၅ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၃-၂-၂၀၁၅ ရက်နေ့မှ ၂၈-၂-၂၀၁၅ ရက်နေ့အထိ အားကစားနည်း ၂၇ နည်းဖြင့် နေပြည်တော်တွင် ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားအင်အား စုစုပေါင်း ၅၀၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စုပေါင်းတံခွန်စိုက်ဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ တတိယရရှိခဲ့သည်။

၂၀၁၅ခုနှစ် TSDP အစီအစဉ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဦးစားပေးမြို့နယ်ငါးမြို့နယ်တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် စသည့် အားကစားနည်းလေးနည်းဖြင့် အားကစားပြိုင်ပွဲများကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ အောင်မြင်စွာကျင်းပခဲ့သည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနည်း ၃၆ နည်းအနက် အားကစားနည်း ၃၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၂၄၂ ဦး၊ အမျိုးသမီး ၁၅၂ ဦး စုစုပေါင်း ၃၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၃၁ ခု စုစုပေါင်း ၆၉ ခုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့် သတ္တမရရှိခဲ့သည်။



နိုင်ငံတော်အလံအား ကိုင်ဆောင်ပြီး အောင်ပွဲခံနေသည့် အားကစားသမားတစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အား/ကာ)



(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဘတ်စကတ်ဘောယှဉ်ပြိုင်ကစားစဉ်။ (ဓာတ်ပုံ-အား/ကာ)

**အားကစားကွင်း/အားကစားရုံများ**

၂၀၁၁-၂၀၁၂ ခုနှစ်တွင် မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၊ ဖူဆယ်လေ့ကျင့်ရေး အားကစားရုံ၊ မွေ၊ ပန်ကြပ်ဆီလပ်၊ ခြင်းလုံးလေ့ကျင့်ရေးအားကစားရုံ၊ တင်းနစ်လေ့ကျင့်ရေးကွင်းများကို ဆောက်လုပ်ခဲ့သည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၊ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ဇေယျာသီရိအားကစားကွင်း၊ ဇေယျာသီရိအားကစားရုံ ၊ ဇေယျာသီရိ ရေကူးကန်၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ ပိတန်းအားကစားကွင်း၊ ဘောလုံးလေ့ကျင့်ရေးကွင်း (၁၊ ၂၊ ၃၊ ၄)၊ ဘတ်စကက်ဘောလေ့ကျင့်ရေးစခန်း၊ ဘော်လီဘောအားကစားလေ့ကျင့်ရေးစခန်း၊ လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၊ ငလိုက်ဆည်လှေလှော်အားကစားလေ့ကျင့်ရေးစခန်း၊ Mount Pleasant စက်ဘီးအားကစားကွင်း၊ မြားပစ်အားကစားကွင်း၊ မြင်းစီးအားကစားကွင်း၊ တာဝေးအားကစားကွင်း၊ တင်းနစ်အားကစားပြိုင်ပွဲရုံ၊ ဒဂုံမြောက်သေနတ်ပစ်ကွင်းအကြီးစား ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း တည်ဆောက်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဖူဆယ်အားကစားပြိုင်ပွဲရုံ၊ ဘိလိယက်အားကစားပြိုင်ပွဲရုံ၊ လက်ဝှေ့နှင့်မွေအားကစားပြိုင်ပွဲရုံ၊ အားကစားရွာအတွင်း Social Zone၊ ဝဏ္ဏသိဒ္ဓိSocial Zone၊ Squash အားကစားပြိုင်ပွဲရုံတည်ဆောက်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၊ အားကစားတက္ကသိုလ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) Synthetic ပြေးလမ်းခင်းပြီး အားကစားသမားအိပ်ဆောင်သုံးထပ် RC တစ်လုံးတည်ဆောက်ခဲ့သည်။

**၂၀၁၅-၂၀၁၆ ခုနှစ်**

တပ်ကုန်းမြို့နယ်အားကစားကွင်း မီတာ(၄၀၀)၊ Synthetic ပြေးလမ်းခင်းခြင်း၊ တပ်ကုန်းအားကစားကွင်းအဆင့်မြှင့်တည်ဆောက်ခြင်း၊ TC-2 သေနတ်ပစ်ကွင်း (၂၅ မီတာ) တိုးချဲ့ခြင်းနှင့် (ကိုးလက်မထု) ကျည်ကာနံရံပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အားကစားဝန်ကြီးဌာနသည် ၁၉၄၆ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဗမာပြည်အိုလံပစ်အသင်း (Burma Olympic Council) မှ စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

ခေတ်သစ် မြန်မာ့အားကစားလှုပ်ရှားမှုများကို ပဲ့ကိုင်ထိန်းကျောင်းမောင်းနှင်ခဲ့သည့် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းမွေးဖွားပေါ်ပေါက်ခဲ့ရာမှ မြန်မာနိုင်ငံအားကစားနှင့်ကာယပညာကော်မတီ (၁၉၆၄)၊ အားကစားနှင့် ကာယပညာဦးစီးဌာန (၁၉၇၂) အဆင့်ဆင့်ပြောင်းလဲခဲ့ကာ ခေတ်အဆက်ဆက်အစိုးရအဖွဲ့အဆက်ဆက်ကို ဖြတ်သန်းရင်း ယခုအခါ သက်တမ်းရင့်ကျက်လာခဲ့ပြီဖြစ်သည်။

အားကစားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် မြန်မာ့အားကစားတိုးတက်မြင့်မားရေးအကောင်အထည်ဖော်ဆောင်ရွက်မှု တာဝန်များကိုလက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်သွားရန်၊ အနာဂတ်၏ အားကစားခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးသွားမည့်တည်ဆောက်ဆဲဖြစ်သောအားကစားတက္ကသိုလ်ကို ရည်မှန်းချက်အမှီဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ ပြည်တွင်း/ပြည်ပ အားကစားပညာရှင်များ၏ အကြံဉာဏ်ဖြင့်ရေးဆွဲပြီးစီးပြီး မကြာသောကာလအတွင်း အတည်ပြုထုတ်ပြန်နိုင်တော့မည့် National Sports Master Plan အရ **မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့** ဟူသော ဆောင်ပုဒ်နှင့်အညီ အချိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်စီမံထားရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အားကစားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်အနက် တစ်ခုဖြစ်သည့် အနာဂတ်၏ အားကစားခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးသွားမည့် အားကစားတက္ကသိုလ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိ။**

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



***ရှေ့ဖုံးမှ***

ချေးငွေလုပ်ငန်းမှာ ချေးယူသည့်အခါတိုင်း ချေးငွေ၏ ၁၀ ရာခိုင်နှုန်းစုဆောင်းရပြီး ခြောက်လတစ်ကြိမ် ပြန်ဆပ်၊ ပြန်ချေးစနစ်ဖြင့် ဆောင်ရွက်နေသည်။

အသင်းသား၏ စုဆောင်းငွေပေါ်တွင် သမဝါယမက အတိုးပြန်ပေးသည့် စနစ်လည်းပါဝင်ရာ လေးနှစ်ကြာသောအခါ ချေးငွေ၊ အသင်းသားများ၏ စုငွေနှင့် စုဆောင်းငွေအပါအဝင် လည်ပတ်ငွေမှာငွေကျပ် ၁၈၁ သိန်း ကျော် ဖြစ်သည်။ ထိုအချိန်တွင် ပေးဆပ်ရမည့် အရင်းမှာ ငွေကျပ် ၈၁ ဒသမ ၂၅ သိန်းသာ ကျန်မည်ဖြစ်သည်။

ချေးငွေအားလုံးပြန်ဆပ်လိုက်ပါက အသင်းပိုင်ကျန်ရှိမည့်ငွေမှာ ငွေကျပ် ၁၀၀ ဒသမ ၆၁ သိန်းဖြစ်သည်။

ထို့ကြောင့် ကျေးရွာတစ်ရွာလျှင် အသေးစားအရင်းအနှီးချေးငွေကျပ်သိန်း ၁၀၀ ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ပါက လေးနှစ်ကြာသောအခါ ချေးငွေများကို ပြန်ဆပ်ပြီးနောက် ငွေကျပ်သိန်း ၁၀၀ ကျော် ကျန်ရှိမည်ဖြစ်ကာ မိမိဘာသာရပ်တည်နိုင်မည်ဖြစ်သည်။

နောင် ၁၀ နှစ်ကြာသောအခါ ချေးငွေအားလုံးကို အကျေပြန်ဆပ်ပြီးနောက် အသင်းပိုင်အဖြစ် ငွေကျပ် ၄၁၇ သိန်းကျော် ကျန်ရှိမည်ဖြစ်သည်။

**ရေဘေးအတွက် ဆောင်ရွက်ချက်**

နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ဒေသများရှိ သမဝါယမအသင်းသားများသို့ ထုတ်ချေးထားသည့် ချေးငွေကျပ် ၁၃၀၈၇ သန်းကျော်အား ချေးငွေပြန်ဆပ်ကာလ ခြောက်လမှ တစ်နှစ်သို့ တိုးမြှင့်ပေးခဲ့သည်။

ထိခိုက်ဆုံးရှုံးခဲ့သည့် သမဝါယမအသင်း ၁၇၁၀ မှ အသင်းသားအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချေးငွေကျပ် ၄၈၀၇ သန်းကျော်၊ ချေးငွေမခံစားရသေးသော အသင်းသားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၂၃၃၉ သန်းကျော်၊ မွေးမြူရေးစရိတ် ချေးငွေကျပ်သန်း ၅၇၀၀ ကျော်၊ အိမ်တွင်းလုပ်ငန်းများအတွက် ချေးငွေကျပ် ၅၆၈ သန်းကျော်၊ လယ်ယာလုပ်သားများအတွက် ချေးငွေကျပ် ၄၆၃၉ သန်းကျော် ထပ်မံပေးအပ်ခဲ့သည်။

ထို့ပြင် စက်တင်ဘာလတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစု တန်ဖိုးငွေကျပ် ၃၃၆၅ သန်းကျော်၊ အရစ်ကျငွေချေးစနစ်ဖြင့် ရေလုပ်ငန်းသုံးနှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ တန်ဖိုးငွေကျပ် ၁၆၅၇ သန်းကျော် အပါအဝင် စုစုပေါင်း ငွေကျပ် ၃၃၀၇၉ သန်းကျော် အကြွေးစနစ်ဖြင့် ထပ်မံဆောင်ရွက်ပေးခဲ့သည်။

**အငှားလိုက်ထွန်ယက် ဝင်ငွေတိုးတက်**

သမဝါယမဝန်ကြီးဌာနက အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော စက်ပစ္စည်းများကို ဝယ်ယူထားသည့် လယ်သမားများသည် ၎င်းတို့၏ လယ်ယာများကို ထွန်ယက်နိုင်ရုံသာမက အခြားသူများ၏ လယ်ယာများကို အငှားလိုက်ထွက်ယက်ခြင်းအားဖြင့် ဝင်ငွေများ ရရှိကြသည်။

အချို့သည် ခြောက်လအတွင်း ငွေကျပ်သိန်း ၁၃၀ ခန့်၊ အချို့မှာ လေးလခန့်အတွင်း ငွေကျပ်သိန်း ၈၀/ ၁၀၀ ခန့် ရရှိကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ထူးနီကျေးရွာမှ အသင်းသားတောင်သူ ဦးဖိုးပြည့်က "လက်မှုလယ်ယာစနစ်နဲ့ပဲ လုပ်နေတဲ့အခါကျတော့ အချိန်ကုန်နှောင့်နှေးနေတဲ့ဘဝကနေ အခုလို စက်စွမ်းအားနဲ့ဆိုရင် အမြန်ပြီးသွားတာပါ။ ဒီလယ်ယာသုံးစက်ကိရိယာတွေ ဝယ်လိုက်တဲ့အခါ ကျွန်တော်တို့အရင်က ခက်ခဲခဲ့တဲ့ ထယ်ထိုးခြင်းလုပ်ငန်းတွေကို စက်နဲ့ လုပ်ကိုင်နိုင်တော့ အချိန်မီစိုက်ပျိုးနိုင်တဲ့ ကိစ္စတွေ၊ အငှားလိုက်ထွက်ယက်တဲ့အတွက်လည်း အကျိုးအမြတ်တွေပိုပြီးရရှိလာပါတယ်။ စက်ဝယ်နိုင်ဖို့ ကျွန်တော်တို့မှာ တစ်လုံးတစ်ခဲတည်း ပေးချေဝယ်ယူနိုင်ဖို့ ငွေအလုံအလောက်မရှိပါဘူး။ အခုလို အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့တစ်တွေ တဖြည်းဖြည်းနဲ့ စက်ပိုင်လယ်သမားအဆင့်ကို ရောက်သွားတော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**အရစ်ကျဖြင့် စက်အစီးရေ သုံးသိန်းကျော်**


အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာ ၃၂၈၅၁၅ စီး ရောင်းချပေးခဲ့သည့်အနက် ၄၁၃၇ စီးမှာ ငွေအကျေပေးသွင်းပြီးဖြစ်၍ ကိုယ်ပိုင်ရရှိပြီးဖြစ်ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ်အထောက်အကူပြုဆောင်ရွက်ပေးရန်နှင့် သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအဆင့် ရောက်ရှိစေရန်တို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




လယ်ဝေးမြို့၌ မိုးသီးနံ့ ထုတ်လုပ်မှု ဘဏ်ချေးငွေများစတင်ထုတ်


မြန်မာနိုင်ငံရှိကျေးရွာ (၆၃၈၉၃)တွင် သမဝါယမအသေးစားအရင်းအနှီးချေးငွေ လွှမ်းခြုံထားနိုင်မှု (၅၂. ၁၁%)





ကျေးလက်ဒေသအိမ်ထောင်စုပေါင်း (၇၈၂၈၃၉၉)တွင် သမဝါယမအသေးစားအရင်းအနှီးချေးငွေ လွှမ်းခြုံထားနိုင်မှု (၃၇. ၂၈%)




မြန်မာနိုင်ငံရှိကျေးရွာ (၆၃၈၉၃)တွင် အရစ်ကျချေးငွေ **(Hire Purchase)** ဖြင့် ရောင်းချပေးနိုင်မှု (၁၅. ၅၈%)



# ကမ္ဘာကြီးက လက်တစ်ကမ်းအကွာမှာ ကိုယ့်အတွက် လုံခြုံမှုအဆင်သင့်ဖြစ်ပြီလား

**သတင်းဆောင်းပါး - ခင်ရတနာ**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ မောင်သဲဦး**

ပြီးခဲ့သည့်ငါးနှစ်က လှည်းတန်းမီးပွိုင့်အနီး ပါဝါအင်တာနက်ဆိုင်မှာ နေ့ရောညပါ အင်တာနက်သုံးစွဲမှုကို စွဲလမ်းနေခဲ့ရသူ ကိုစိုးသူရမြင့် ယခုအချိန်မှာ အင်တာနက်ဆိုင်ဘက်ကို ခြေဦးမလှည့်ဖြစ်တာ သုံးနှစ်ဝန်းကျင်ရှိလာခဲ့ပါပြီ။ မိုဘိုင်းဖုန်းကနေတစ်ဆင့်သုံးစွဲနိုင်ပြီး နေ့စဉ်နဲ့အမျှ မြန်နှုန်းတွေမြင့်လာတဲ့အခါ ကိုစိုးသူရမြင့်လို အင်တာနက်သုံးစွဲသူအားလုံးက ဖုန်းကနေပဲ ကမ္ဘာကြီးကိုချိတ်ဆက်ကြည့်ကြတာမို့ အင်တာနက်ဆိုင်တွေ ပိတ်သိမ်းချိန်ကို ရောက်ရှိလာပါပြီ။

နိုင်ငံတော်အစိုးရသစ်တက်လာပြီး ဆက်သွယ်ရေး၊ သတင်းအချက်နဲ့ နည်းပညာကဏ္ဍဟာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးရှိလာခဲ့ပါတယ်။ ယင်းတို့အနက် မိုဘိုင်းဖုန်းသုံးစွဲမှုနဲ့ အင်တာနက်သုံးစွဲသူအရေအတွက်တွေ မြင့်တက်လာပြီး ဆက်သွယ်ရေးကဏ္ဍ တစ်ခေတ်ဆန်းလာတယ်ဆိုလည်း မမှားပါဘူး။

"မထင်မှတ်ထားလောက်တဲ့ တိုးတက်မှုကိုပြပါဆိုရင် ဆက်သွယ်ရေးကဏ္ဍကိုပဲပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် အချိန်မရွေး၊ နေရာမရွေးဆက်သွယ်နိုင်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးခရီးစဉ်ဟာ တစ်ရှိန်ထိုးပြောင်းလဲလာခဲ့ပါတယ်။ လူတိုင်းနည်းပညာအကူအညီကို ရယူပြီး ကမ္ဘာကြီးကို ကိုယ့်အနားမှာထားနိုင်တဲ့အခြေအနေကို ရောက်လာခဲ့ပါတယ်"ဟု တယ်လီနောမြန်မာမှ အမှုဆောင်အရာရှိချုပ် ပီတာဘားဘက်ချ်က မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍအကြောင်းကို အလွယ်ဆုံးဥပမာပေးပြီး ပြောပြပါတယ်။

လူတိုင်းမိုဘိုင်းဖုန်းသုံးစွဲနိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာတွေအဖြစ် အမ်ပီတီအနေနဲ့ ဂျပန်အခြေစိုက်ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့သလို ထပ်မံပြီး အော်ပရေတာအသစ်တစ်ခု နဲ့လည်း ချိတ်ဆက်လုပ်ကိုင်သွားဖို့ရှိတယ်လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက နေပြည်တော် MICC 2 မှာ ပြီးခဲ့တဲ့လက ကျင်းပခဲ့တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်အတွင်း ထည့်သွင်းပြောကြားထားသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အော်ပရေတာတွေဖြစ်တဲ့ အော်ရီဒူးနဲ့ တယ်လီနောတို့ကလည်း ယင်းတို့ရဲ့ ကွန်ရက်ဖြန့်ကျက်မှုတွေကို နှစ်နှစ်ကျော်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာ နဲ့ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးနိုင်ဖို့ အကြိတ်အနယ်ကြိုးပမ်းလာကြပါတယ်။

ဒီအတောအတွင်းမှာ MEC ဖုန်းကတ်တွေမှာလည်း အင်တာနက်အရည်အသွေးနဲ့မြန်နှုန်းတွေ၊ လိုင်းဆွဲအားတွေကို အထူးပံ့ပိုးပြီး ဈေးကွက်ဝေစုကို ပိုမိုရယူလာတာကြောင့် ပြည်သူတွေ မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းဟာ နှစ်အလိုက် အံ့မခန်းမြင့်တက်လာခဲ့ရခြင်းဖြစ်တာကို မြင်တွေ့ရမှာပါ။

"လူတိုင်းဖုန်းသုံးစွဲနိုင်အောင်နဲ့ မြန်နှုန်းမြင့်အင်တာနက်ကို လွယ်လင့်တကူသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာ အင်တာနက်မြန်နှုန်းကို သရီးဂျီ၊ ဖိုးဂျီအထိ စဉ်ဆက်မပြတ်တိုးချဲ့သုံးစွဲနိုင်ဖို့ လျာထားပါတယ်။ အော်ပရေတာတွေရဲ့ ပြိုင်ဆိုင်မှုနောက်မှာ သုံးစွဲသူတွေအတွက် အရည်အသွေးတွေက ပိုပြီးမြင့်တက်လာသလို ဈေးနှုန်းအရလည်း ယခင်ကထက် အဆပေါင်းများစွာ သက်သာအောင် စီစဉ်ခဲ့ပါတယ်။ ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ရေးလိုမျိုး အခက်အခဲတွေရှိခဲ့ပေမယ့် ယခုနှစ်ကုန်မှာ တစ်နိုင်လုံးရဲ့ မိုဘိုင်းဖုန်းသုံးစွဲမှုကို ၈၀ ရာခိုင်နှုန်းကျော် လွှမ်းခြုံနိုင်

ဒီအတောအတွင်းမှာ MEC ဖုန်းကတ်တွေမှာလည်း အင်တာနက်အရည်အသွေးနဲ့မြန်နှုန်းတွေ၊ လိုင်းဆွဲအားတွေကို အထူးပံ့ပိုးပြီး ဈေးကွက်ဝေစုကို ပိုမိုရယူလာတာကြောင့် ပြည်သူတွေ မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းဟာ နှစ်အလိုက် အံ့မခန်းမြင့်တက်လာခဲ့ရခြင်းဖြစ်တာကို မြင်တွေ့ရမှာပါ

မယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက ပြောပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများကို မူလကတည်းကရှိနှင့်ပြီးသား MPT မှ လက်ရှိတွင် သုံးစွဲသူပေါင်း ၁၆ သန်းကျော်ဖြင့် ဦးဆောင်နေပြီး အင်တာနက်မြန်နှုန်းမြင့် ဆွေသဟာအစီအစဉ်ကို လက်ခံသုံးစွဲသူဦးရေမှာ ၁၀ သန်းအထိရှိလာပြီဖြစ်တာကို MPT-KSGM Joint Operations မှ Chief Commercial Officer ဖြစ်သူ မစ္စတာကိုချီ ကဝါစေက ရှင်းပြပါတယ်။

တယ်လီနောမှလည်း မြန်မာတစ်နိုင်ငံလုံးတွင် သရီးဂျီကွန်ရက်တာဝါတိုင် ၃၃၀၀ တပ်ဆင်ပြီးဖြစ်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် တစ်ပြည်လုံးရှိ ၁၃ နေရာတွင် ဖြန့်ကြက်ထားကာ ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ကွန်ရက်ဖြန့်ကြက်ရန်ကျန်ရှိနေတော့ကြောင်းနှင့် မကြာမီစတင်ရန်ရည်ရွယ်ထားပြီး ဖြစ်ကြောင်းကို တယ်လီနောအမှုဆောင်အရာရှိချုပ်က အတည်ပြုပြောပြပါတယ်။


ရန်ကုန်မြို့ ကြေးနန်းရုံး၌ မိုဘိုင်းဖုန်းဆက်သွယ်မှု မြန်ဆန်စေရန်အတွက် သရီးဂျီကွန်ရက်တာဝါတိုင်ကို တပ်ဆင်ထားစဉ်။

အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရင်းနှီးမြှုပ်နှံထားတဲ့အော်ရီဒူးမြန်မာကလည်း တာဝါတိုင် ၂၈၀၀ ကျော် အသုံးပြုလို့ လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဒီနှစ်ကုန်မှာ တာဝါတိုင် ၃၀၀၀ ကျော်နဲ့ မြန်မာနိုင်ငံလူဦးရေ ၇၀ရာခိုင်နှုန်းအထက်ကို ကွန်ရက်လွှမ်းခြုံနိုင်မယ်ဆိုတာ သေချာတယ်လို့ အော်ရီဒူးမြန်မာရဲ့ အမှုဆောင်အရာရှိချုပ် မစ္စတာရီနီမီဇာက ပြောပါတယ်။

ဆက်သွယ်ရေးဖွံ့ဖြိုးလာပေမယ့် ပြည်သူတွေအနေနဲ့ ဆက်သွယ်ရေးနည်းပညာနဲ့ပတ်သက်ပြီးတော့အလှမ်းဝေးနေဆဲရှိနေသေးတာကို တွေ့ရပါတယ်။ ဥပမာပြောရရင် မိုဘိုင်းဖုန်းတွေသုံးစွဲတာ မြင့်တက်လာပေမယ့် Mobile Banking ကတော့ ထင်သလောက် ခရီးမပေါက်သေးသလို၊ အင်တာနက်ကို မိုဘိုင်းအသုံးပြုသူတိုင်း သုံးစွဲလာကြပေမယ့် အကျိုးရှိစွာ စနစ်တကျ သုံးစွဲမှုအားနည်းနေသေးတယ်လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးက သုံးသပ်ပါတယ်။

'ဆိုရှယ်မီဒီယာတွေကနေ ကောင်းကျိုးတွေအများကြီးရပါတယ်။ သတင်းအချက်အလက်တွေကို မြန်မြန်သိပြီး မြန်မြန်ဖြန့်ဝေနိုင်သလို အန္တရာယ်များတဲ့ လိမ်ညာမှုတွေ၊ နည်းပညာကို တလွဲအသုံးပြုလို့ သုံးစွဲသူတွေကို စိတ်အနှောင့်အယှက်ပေးသူတွေကလည်းပိုများလာတယ်'လို့ လူမှုကွန်ရက် တွင် မိမိဓာတ်ပုံကိုအသုံးပြုကာ မဟုတ်မမှန်ရေးသားသည့် ပို့စ်များကြောင့် စိတ်ရှုပ်ခဲ့ရတဲ့ Miss တစ်ဦးဖြစ်သူ အမရာငြိမ်းက ပြောပြပါတယ်။

သုံးစွဲသူများအနေဖြင့် မြန်ဆန်လာသော အင်တာနက်ကြောင့် လူမှုကွန်ရက်များနှင့် အခြားစိတ်ဝင်စားဖွယ်ရာ ဂိမ်းများကိုပိုမိုသုံးစွဲလာကြခြင်းကြောင့် ရန်ကုန်မြို့ရှိ လုပ်ငန်းကြီးများတွင် ရုံးချိန်အတွင်း လူမှုကွန်ရက်သုံးစွဲခြင်းမပြုရန် တားဆီးမှုများလည်းရှိလာကြောင်း ကုမ္ပဏီဝန်ထမ်းမပြည့်ရည်မွန်ကပြောကြားသလို COC ကဲ့သို့သော အချိန်နှင့်တစ်ပြေးညီ ဆော့ရသည့်ဂိမ်းများကို စွဲလမ်းနှစ်ခြိုက်မှုကြောင့် အလုပ်အကိုင်များပင် ထိခိုက်မှုရှိလာသည်အထိ ဖြစ်ခဲ့ရကြောင်း ကြော်ငြာလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်သူ ကိုကျော်ဇင်ဦးကလည်း ပြောပြပါတယ်။

"တာဝန်ခံမှု တာဝန်ယူမှုဆိုတာ ပြင်ပမှာတင် မဟုတ်ပါဘူး။ လူမှုကွန်ရက်လို နေရာမှာလည်းရှိပါတယ်။ သုံးစွဲတဲ့အခါ နာမည်အရင်းနဲ့ သုံးစွဲဖို့လိုသလို အများစုက မိမိရဲ့လုပ်ရပ်နဲ့ ရေးသားမှုက ဘယ်လောက်အထိ မိမိကို ထိခိုက်နိုင်တယ်ဆိုတာကို မသိကြဘူး။ ရွေးကောက်ပွဲအတွက် မဲဆွယ်ကာလလည်းဖြစ်တာကြောင့် ကိုယ်စားလှယ်လောင်းတွေအားလုံးနီးပါး လူမှုကွန်ရက်ကနေ မိမိလုပ်ဆောင်ချက်တွေ ချပြလာကြပါတယ်။ အားရစရာကောင်းသလို လူထုနဲ့တိုက်ရိုက်ထိတွေ့မှုရှိလို့ ကောင်းတယ်။ သို့သော် အခြားသူတွေကို မပုတ်ခတ်ဖို့နဲ့ အကျိုးရှိစွာသုံးစွဲကြဖို့တော့ အားလုံးလိုအပ်ပါတယ်"ဟု ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်တွင် မိတ်ဆွေများစွာရှိထားသူ ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း ဦးလှဆွေက သူ့အမြင်ကို ပြောပါတယ်။

ထို့အပြင် အင်တာနက်မှတစ်ဆင့် ခင်မင်ခွင့်ရရှိပြီး ပြင်ပကိုချိန်းဆိုခဲ့ရာမှတစ်ဆင့် ငွေကြေးများလိမ်လည်ရယူတာ၊ အဓမ္မပြုကျင့်တာ စတဲ့ရာဇဝတ်ဘေးများလည်း ဖြစ်လာခဲ့တာကြောင့် မိမိတို့သုံးစွဲနေတဲ့ အီးမေးလ်တွေနဲ့ လူမှုကွန်ရက်တွေရဲ့ လုံခြုံရေးအတွက် အလေးထားကာကွယ်သင့်တဲ့အပြင် လွယ်လွယ်ကူကူသုံးစွဲနိုင်တဲ့ အင်တာနက်ပေါ်မှာ ဘယ်အရာကိုမှ အလွယ်တကူ မယုံကြည်သင့်ဘူးလို့ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ဆိုင်ရာ မြန်မာနိုင်ငံအပေါ် လေ့လာစောင့်ကြည့်ရေးအဖွဲ့က လူမှုကွန်ရက်သုံးစွဲမှုဆိုင်ရာ သုတေသနဆောင်ရွက်သူ မစ္စတာကောလင်းချမ့်ဆိုင်းက အကြံပေးပါတယ်။

ဖုန်းအသုံးပြုခတွေနဲ့ ဆင်းကတ်ဈေးနှုန်းတွေ ကျလာတဲ့အတွက် အဆင့်မြင့်စမတ်ဖုန်းသုံးစွဲတဲ့ ဦးရေက မြန်မာနိုင်ငံ မိုဘိုင်းဖုန်းသုံးစွဲသူများအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းအထက်ဖြစ်လာခဲ့တယ်လို့ ဆက်သွယ်ရေးဆိုင်ရာ ဖိုရမ်တစ်ခုမှာ ကြားသိရပါတယ်။ ဆမ်ဆောင်းရဲ့ နောက်ဆုံးပေါ်ထုတ်ကုန်တစ်ခုကို နိုင်ငံတကာနည်းတူ တစ်ပြိုင်နက်ရောင်းချရာမှာ သုံးရက်အတွင်း ပစ္စည်းပြတ်သည်အထိ ရောင်းကုန်ခဲ့တယ်ဆိုတာကို နှိုင်းဆကြည့်ရရင် သုံးစွဲသူတွေအတွက် နည်းပညာနီးစပ်မှုတွေက လက်တစ်ကမ်းကို ရောက်နေခဲ့ပါပြီ။

"အကျိုးရှိရှိ သုံးတတ်ဖို့အတွက် အများကြီးသင်ယူထားကြရမယ်။ လူတစ်ဦးချင်းကလည်း ကိုယ့်ကိုယ်ကိုယုံကြည်အောင် သိက္ခာရှိရှိ သုံးစွဲသင့်သလို အွန်လိုင်းက ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ယုံကြည်စိတ်ချရတဲ့ ပတ်ဝန်းကျင်ဖြစ်အောင် ဂရုပြုဖို့လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြားမှာ ယုံကြည်မှုနဲ့ဆက်လက်သုံးစွဲကြပြီး ဂရုစိုက်ကြဖို့လိုအပ်တယ်"လို့ နည်းပညာတွေရဲ့ စိန်ခေါ်မှုကို ကျော်ဖြတ်ကြဖို့ MPT-KSGM Joint Operations မှ Chief Commercial Officer ဖြစ်သူ မစ္စတာ ကိုချီကဝါစေက အကြံဉာဏ်ပေးထားပါတယ်။